www.burmeseclassic.com

# တို့ကော့မယ်တဲ့ သိတ်ကော့မယ်

ဂျက်ကွမ်းခြံကုန်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် -၃၈၅/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက် -၁၀၂၁/၂၀၀၂(၁၂)

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၃-ခုနှစ်

❑

အုပ်ရေ
၅၀၀

❑

မျက်နှာဖုံးဒီဇိုင်း
ကိုဇော်မောင်

❑

အတွင်းဒီဇိုင်း
ကိုဇော်မောင်

❑

စာအုပ်ချုပ်
စွယ်တော်

❑

ပုံနှိပ်သူ
မျက်နှာဖုံး+အတွင်း - ဦးတင်အောင်ကျော် ခွယ်တော်ပုံနှိပ်တိုက်၊
အမှတ်(၈၇)၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးသန်းဆွေ၊ စစ်သည်တော်စာပေ၊
အမှတ်-၁၁၊မ ၁၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့။

တန်ဖိုး - ၇၀၀ ကျပ်

စီစဉ်ထုတ်လုပ်မှု
ဆရာ သန်းတင့်၊၁ (သီရိဆွေ)

မာတိကာ

| | | |
|---|---|---|
| ၁။ | ဆရာကြီးကျက် ဓေမာသီကားတက်စီးခြင်း | ၁ |
| ၂။ | ဆရာကြီးကျက် မြန်မာရမ် အရက်သောက်ခြင်း | ၅ |
| ၃။ | စတိတ်ရှိုးသွားကြည့်ခြင်း | ၁၃ |
| ၄။ | ဆရာကျက်ကြီး TV ကြော်ငြာထိုင်ကြည့်ခြင်း | ၂၁ |
| ၅။ | တရုတ်ကားများနှင့် အလုပ်များသွားခြင်း | ၂၉ |
| ၆။ | ဆရာကြီးကျက် ဒုက္ခတစ်ဝက်ဖြစ်သူများထံ ရောက်သွားခြင်း | ၃၇ |
| ၇။ | လူ့ဝင်စားကျက် | ၄၇ |
| ၈။ | ဆရာကြီးကျက် တိရှုပ်လောကသို့ ရောက်သွားခြင်း | ၅၅ |
| ၉။ | ဆရာကြီးကျက် ဟဲ့ပလုတ်တုတ်တာမိခြင်း | ၆၃ |
| ၁၀။ | ကျွန်ုပ်နှင့် ကြက်သွန်ဥပျောက်ဆုံးမှု | ၆၉ |
| ၁၁။ | ဆရာကြီးကျက် တလေးတာစားအလုပ်ခံရခြင်း | ၇၅ |
| ၁၂။ | နေရစ်တော့ . . . နှင်းတောင်း | ၈၃ |
| ၁၃။ | ကျက်တစ်ကောင်တည်းမဟုတ်ဘူး | ၈၉ |
| ၁၄။ | တန်ဆောင်တိုင်တစ်ညမှ ရယ်သံများ | ၉၄ |
| ၁၅။ | အရပ်ထဲကနေ ပြောကြပါတယ်၊ တူတယ်ဆိုလို့ | ၁၀၃ |
| ၁၆။ | အမေ့ကိုချစ်ရင် ကျွန်မကိုပြောပါ | ၁၀၉ |

www.burmeseclassic.com


၁၇။ သောမိုးရွာခြိမ်ရင် စ,လိုက်ရအောင် ၁၁၃
၁၈။ သူ့နေရာနဲ့သူတို့ပါ ၁၁၉
၁၉။ ရယ်ကြနဲ့လို့တော့ မဟုတ်ပါဘူး ၁၂၅
၂၀။ အရပ်ထဲက ပြောကြပါတယ် လူသိမှာစိုး ၁၃၁
၂၁။ မင်္ဂလာဦးညမှာ မီးလောင်မှာစိုးခဲ့ ၁၃၇
၂၂။ အသည်းကွဲသော မခက်လား ၁၄၃
၂၃။ ဘိုကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ပိမ်ကောင်းပါရဲ့ ၁၅၁
၂၄။ ကြောက်မွေးတွေ ပါလိုက်ပုံက ၁၅၇
၂၅။ အရပ်ထဲက ပြောကြပါတယ် တူလွန်းတယ် ၁၆၃
၂၆။ အရပ်ထဲကပြောကြပါတယ် မနေ့က ကိုချက် ၁၆၉
၂၇။ အရပ်ထဲက ပြောကြပါတယ် ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ ၁၇၅
၂၈။ အရပ်ထဲက ပြောကြပါတယ် မင်းကွတ်သီး စားခဲ့ကြပါသလား ၁၈၁
၂၉။ အရပ်ထဲက ပြောကြပါတယ် လွမ်းဖို့ခက်ခက် ၁၈၇
၃၀။ အရပ်ထဲက ပြောကြပါတယ် သင်ကြိုက်တဲ့လမ်း သင်ရွေးလမ်း ၁၉၃
၃၁။ အရပ်ထဲက ပြောကြပါတယ် ရွှေစိတ်တော် မဆိုးလိုက်ပါနဲ့ ၁၉၉
၃၂။ မိုင်းသန်းကာ ယိုင်းယင်းကြပါခင်ဗျ ၂၀၇
၃၃။ အရပ်ထဲကပြောကြပါတယ် ဆရာကြီးဂျက်နှင့် စံပြအရောင်းသမားများ ၂၁၃




ဆရာကြီးဂျက် ခေမာသီကား တက်စီးခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဂျက် ခေမာသီကားတက်စီးခြင်း

### (တစ်)

နေရာကား ဟားဟား မြက်ခင်းတွေစိမ်းစိုတဲ့ ပန်းခြံအလယ်ဟူသည့် ဟဲဗီးမက်တယ်လ်အဆိုကျော် ဖော်ဝင်းထွန်း၏ တေးသွားတစ်စကို တုပကာ ကျွန်ုပ် ဆရာကြီးဂျက်က စခြင်းအမှုကို ပြုလုပ်ချင်ပါဘိတော့၏။ မှန်ပါသည်။ နေရာက မြက်ခင်းတွေ စိမ်းစိုလန်းဆန်းတဲ့ ပန်းခြံအလယ်မှာပဲ ဖြစ်ပါသည်။ အချိန်ကရော။ ဟုတ်ကဲ့. . . အချိန်ကတော့ ဟိုတစ်လော လေးကဟုပဲ မှတ်ယူလိုက်ကြစေချင်ပါသည်။ ဟိုတစ်လောကလေး၏ တစ်ခုသော နေ့လယ်ခင်း၌ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းသည် မြက်ခင်းတွေ စိမ်းစိုလန်းဆန်းသော မဟာဝန္ဓုလပန်းခြံအတွင်း၌ ထိုင်ကာ မရောက်တာကြာပြီဖြစ်သော ဥက္ကလာပမြို့သို့ သွားရသော် ကောင်းလေစွ ဟု သဘောရမိပေ၏။

ဥက္ကလာပမြို့ မြောက်ပိုင်းဟူသည်ကား မှတ်ပုံတင်နံပါတ်၏ ရှေ့တွင် N/OKA ဖြင့် အစပြုသော ကျွန်ုပ် ဆရာကြီးဂျက်ကို လူလားမြောက်စေခဲ့ရာ အောင်မြေဒေသပင် ဖြစ်ဘိပါချေ၏။ အနို့ကြောင့်ပင်လျှင် အနီခေတ်ထဲမှာ ပြည်ချစ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေရှာသော ကျွန်ုပ်ဏ အမှတ်ရစွာဖြင့် သွားရောက်ရန် စိတ်ကူးဝင်မိခဲ့ခြင်း ဖြစ်ချေပေသည်တစ်မှုံ။

www.burmeseclassic.com



(နှစ်)

[illegible]ဘန္ဓုလသန်းကျင်တစ်ခုတွင်ကား မြောက်ဥက္ကလာပသို့သွားရန် [illegible]ဒီဦးကားတွေမှာ စုံလင်ပါဘိ၏။ Air-Conဘတ်စ် အကြီးကြီး [illegible]ငါးမလား၊ ၄၃ ဟိုင်းလပ်ကားသေးတွေကို စီးမလား၊ Air Con [illegible]အသေး Mini-Bus တွေကို စီးမလား၊ ကြိုက်သည့်ကားကို စီး၍ [illegible]သည်။

ကျွန်ုပ်သည် မြက်ခင်းတွေ စိမ်းစိုလန်းဆန်းတဲ့ ပန်းခြံအလယ်မှ ထွက်လာရင်းမှ မြို့တော်ခန်းမရှေ့ ပန်းခြံထောင့်တွင် ဂိတ်ထိုးသော Mini Bus ကလေးများကို စီးရန် ရွေးချယ်လိုက်မိပါသည်။ အများတကာက ပေါင်မုန့်ကား ပေါင်မုန့်ကားဟူ၍ ချစ်စနိုးခေါ်ကြကုန်သော ကားကလေး များပင် ဖြစ်ပါချေ၏။

"ညီလေးရေ...ခေမာသီနော်"

"ဟုတ်တယ်အစ်ကို ..ခေမာသီ...တက်တက်"

စပယ်ယာကလေးက ကျွန်ုပ်၏စကားကို သေချာအောင် ပြန်ဖြေရှာပါ သည်။ မှန်ပါသည်။ မြောက်ဥက္ကလာမှာ ခေမာသီနှင့် သုဓမ္မာဟူ၍ အဓိက ကားလမ်းမကြီးနှစ်ခုရှိရာ အဝိုင်းကြီးတွင် လမ်းခွဲသွားသည်။ ဆေးရုံတို့၊ ဆေးတက္ကသိုလ်တို့၊ ရုံးတို့၊ ရဲစခန်းတို့ကို သွားမည့်သူတွေက ခေမာသီကိုပဲ စီးမှ ရောက်သည်။ အခု Mini-Bus ကလေးတွေ သွားမည့်လမ်းမှာ ဂျက်သွားချင်သော ခေမာသီတဲ့...။ နိပ်ပေစွ။

(သုံး)

ရုံးဆင်း ရုံးတက်ချိန်မဟုတ်၍ပေလား မသိ။ အထူးပင်လျှင် လူသူ



သေးပါး ကျဲပါးလှစွာသော ခရီးလမ်းတစ်လျှောက်တွင် အေးလည်းအေး မွေ့လည်းမွေ့သော ကားကလေးက မှတ်တိုင် တစ်တိုင်ပြီးတစ်တိုင် ကျော် ဖြတ်လာခဲ့ရာ စွယ်တော်မြတ်စေတီကို လှမ်းကာ ဖူးမြော်၍အပြီး ဂုံးကျော် ဘုံတားကြီးကို ဖြတ်ကျော်ပြီးသည့်သကာလ ခေမာသီနှင့် သုဓမ္မာဆုံရာ အဝိုင်းကြီးသို့ ရောက်ရှိ၍လာခဲ့သည်။ ကျုပ် ဆရာကြီးဂျက်စီးလာသော Mini-Busကလေး အဝိုင်းကြီးမှတ်တိုင်၌ ရပ်လုံးရပ်ခင်မှာပင် စပယ်ယာ ကလေးသည် ကားပေါ်ရှိခရီးသည်လေးယောက်ကို သိုင်းချုံ၍ကြည့်ကာ အနီးသို့သောစကားကို ပြောချလိုက်ပေသည်။

"ကဲ...စိတ်တော့မရှိပါနဲ့ဗျာ...အဝိုင်းကြီးမှတ်တိုင်မှာဆင်းပြီး ခေမာသီ ကားပြောင်းစီးလိုက်ကြပါ...ငါးကျပ်စီ ပြန်ပေးပါ့မယ်"

အလို...ဘယ့်နှယ်ပါလိမ့်။ ခေမာသီလမ်းက သွားမည်ဆို၍၁၅ကျပ် ပေးပြီး စီးလာခဲ့တာ အခုတော့ အဝိုင်းကြီးမှတ်တိုင်မှာ ဆင်းပေးကြရလေ မတဲ့။ ငါးကျပ်စီပြန်ယူကြပါတဲ့။ ပသို့ဖြစ်ရပြန်ပြီမသိ။ ကားထဲမှာကတော့ ကျွက်စီကျွက်စီဖြစ်ကြရပြီ။

"တောင်းပန်ပါတယ်ဗျာ...ကျွန်တော်တို့ရှေ့ကားကို ဖိုက်(Fight)ချင် လို့ပါ...သုဓမ္မာဘက်က ပတ်မောင်းမှ ဂိတ်ကိုအဝင် စောမှာမို့ပါ...ဘာမှ အပန်းမကြီးပါဘူး။ နောက်ကား ပြောင်းစီးလိုက်ပါ...လုပ်ပါ"

ဩော်...ဂျက်တို့ ခရီးသည် လေးငါးယောက်သည် တို့ဆေးအမိခံထား ရသူများနှယ် သူပေးလာသည့် ငွေငါးကျပ်စီကို လှမ်းယူကာ အဝိုင်းကြီး မှတ်တိုင်တွင် ဆင်းမိခဲ့ကြချေ၏။ နေပူကျဲကျဲအောက်တွင် စောင့်ရပြန်းပေါ့ နောက်ကားလာသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



(လေး)

ရပါသည်။

အဝိုင်းကြီးမှာ ဆင်းကြဗျာဆိုတော့လည်း ဆင်းလိုက်ရုံပဲ ဖြစ်ပါသည်။ ငါးကျပ်ပြန်ယူကြဗျာဆိုတော့လည်း ယူလိုက်ကြရုံပဲဖြစ်ပါသည်။ တစ်ယောက်တည်း လွတ်လွတ်ခါခါ သွားလာလှုပ်ရှားနေသော ဂျက်အဖို့ အပန်းမကြီးလှ။ သို့သော် အနှီသောလည်းပေါ့။ ကလေးတွေ မြေးတွေ အထုပ်တွေ အပိုးတွေနှင့် အိုကြီးအိုမ ခရီးသွားလာနေသူများခမျာ သူတို့ ဆင်းဆိုသောနေရာတွင် ဆင်းပြီး နောက်ကားပြောင်းစီးဖို့ဆိုသည်မှာ ဘယ်ကလောက် ဒုက္ခရောက်ရရှာလေသည် မသိ။ အင်းလေ အဲဒီအကျင့်ဆိုးတွေက ကားသမားလောကမှာသာ ရှိနေခဲ့၍ တော်ပါသေးသည်။ မတော်လို့များ လေကြောင်းလောကကို ကူးစက်သွားခဲ့သော် တွေးကြည့်ဝံ့စရာမရှိ။ ပင်လယ်ရေပြင်အထက် ပေငါးသောင်းအမြင့်ကနေ ပျံသန်းနေတုန်း. . .

"ကျေးဇူးပြု၍ နားဆင်ပါရှင် . . . ကျွန်မတို့လေယာဉ်ဟာ ရှေ့က လေယာဉ်ကို ဖိုက် (Fight) မှာ ဖြစ်တဲ့အတွက် ခရီးသည်များ ဒီနေရာမှာ ခဏခုန်ချနေခဲ့ပြီး နောက်လေယာဉ်ကို တားစီးကြပါရှင်. . . တစ်ယောက်ကို နှစ်ထောင်စီ ပြန်အမ်းပါမယ်. . . ကျေးဇူးတင်ပါတယ်ရှင် ". . . စသည်ဖြင့် ဆိုလာခဲ့ချေသော် မခက်ချေပါကလား။

*မဟာဗန္ဓုလပန်းခြံ၊ မြောက်ဥက္ကလာပသွား ၇က/၁၉၁၇ ကားစီးခြင်း ကိုယ်တွေ့ကို ရေးပါသည်၊*

သတင်းစုံဂျာနယ်၊ အမှတ် (၃၀)




ဆရာကြီးဂျက်

မြန်မာရမ်အရက်သောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဂျက် မြန်မာရပ် အရောက်သောက်ခြင်း

### (တစ်)

ကံထမ်းလာတာမမြင်ရ လုံထမ်းလာတာ မြင်ရသည်တို့၊ ကံကိုယုံ၍ ဆုံးပုံမနင်းရာတို့၊ ကံသာလျှင်အမိ၊ ကံသာလျှင်အဖတို့ အစရှိလေကုန်သော ဆိုရိုးစကားများနှင့် လူလားမြောက်ခဲ့လေသော ကျွန်ုပ် ဆရာကြီးဂျက်စွမ်းခြံကုန်းသည် ကံတရားဟူသော စကားလုံးကလေးနှင့် အကျွမ်းတဝင်မဟုတ်သည့်တိုင် သိပ်စိမ်းစိမ်းကားကားကြီးကား မဟုတ်လှပေ။ သို့သော် အနှီသော်လည်းပေါ့။ အနှီဘက်နှစ်ကာလများသို့ ရောက်လာသောအခါတွင်ကား ထိုကံတရားဟူသောစကားသည် ကျွန်ုပ်တို့နှင့် ဘယ်လိုမှ မျက်နှာလွှဲထား၍ မရအောင်ပင် နေရာတိုင်း အချိန်တိုင်းမှာ လာရောက်မိတ်ဖွဲ့ကြလေကုန်၏။

ကြည့်လေ။ ထီဆိုင်ထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ အအေးပုလင်းထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ ဘီယာဘူးထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ ဒွတ်ဂျထ်အိတ်ထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ အရက်ပုလင်းထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ စီးကရက်ဘူးထဲမှနေ၍ ကံစမ်းမဲထွက်လာ၏။ သည်တော့လည်း အသည်းနုသူ ကျွန်ုပ်ဆရာကြီးဂျက်ခမျာမှာ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးသောက်များ မျက်စိလည် လမ်းမှားကာ ကံတရားနှင့် မျက်နှာချင်းဆိုင် တွေ့လေမလားဟူသော အဟုန်ဇောဖြင့် ကြုံသော ဆုံသောနေရာ တလေးတိုင်းတွင် စီးကရက်ကလေး ဖွာမိသည်က တစ်ဖုံဖြင့် ကံတရားနှင့် ကြုံတွေ့ရန် မယုံမရဲ ကြိုးပမ်းမိခဲ့ချေ၏။

အင်းလေ. . . ။ အနှိုနှင့် သို့နှင့်ဟုသာပဲ ဆိုကြပါစို့။ မည်သို့မှ မျှော်မှန်းမထားသော နေ့တစ်နေ့တွင်ကား အနှီကံတရားသည် ကျွန်ုပ်ဆရာကြီးဂျက်၏ ထံပါးသို့ အသံမကြား ဘာမကြား ရောက်ရှိကာလာခဲ့ပေတော့၏။

## (နှစ်)

ထိုနေ့က ကျွန်ုပ်ဆရာကြီးဂျက်၏ အိမ်တွင် ကျွန်ုပ်နှင့် စာပေမိတ်ဆွေတစ်ယောက်တို့ ဆုံမိကြရာ ကျွန်ုပ်ကပင်လျှင် အဆင်သင့် ဝယ်ယူ၍ ထားသော မြန်မာရမ်တစ်လုံးကို စားပွဲပေါ်တွင် တင်ထားပေးခဲ့ပါပေ၏။ မှတ်မှတ်ရရ ထိုနေ့က မြန်မာရမ်ပုလင်း၏ အဖုံးကို ဖွင့်သူမှာ ကျွန်ုပ်ပင် ဖြစ်ပါ၏။ ဖွင့်ပြီးပြီးချင်း အဖုံး၏ အတွင်းဘက်ကို ဖျတ်ခနဲ လှန်ကြည့်လိုက်သူမှာလည်း ကျွန်ုပ်ပင်လျှင် ဖြစ်ပါပေ၏။ ဟာဗျာ . . . ပေါက်ပြီ။ တကယ့်ကိုပင် အနှီအတိုင်း ကျွန်ုပ် အော်ချလိုက်ပါသည်။

ငွေသား ၁၀၀ ကျပ်တဲ့။ ဟုတ်ကဲ့ မများပါ။ ဒီနေ့ အနေအထားအရ ငွေကျပ် ၁၀၀ ဟူသည်မှာ တကယ်မများလှပါ။ သို့သော်လည်း ပေါက်တောင့်ပေါက်ခဲ ပေါက်လာသည့် ကံတရားကြောင့် ဂျက်- ပျော်ပါသည်။ ဂျက်မိတ်ဆွေလည်း ပျော်ပါသည်။ ဂျက်တို့နှစ်ယောက်သား ဖန်ခွက်ချင်း



ဥပ်ခနဲတိုက်သည်အထိ ချီးယားစ်လိုက်မိကြပါတော့သည်။

## (သုံး)

ထိုတစ်ညကိုလွန်းပြီး၍ နံနက်မိုးသောက် အလင်းရောက်လေသော အခါတွင်ကား ကျွန်ုပ်ဂျက်တစ်ယောက် ယမကာမျိုးစုံရောင်းသော စတိုးဆိုင်ကလေး၏ ရှေ့မှောက်သို့ ရောက်ရှိ နေပါတော့သည်။ ဂျက်နေထိုင်ရာ အိမ်ကလေးနှင့် ဘူတာအနီးမှ အနှီစတိုးဆိုင်ကလေးကို ဆိုက်ကားဖြင့် သွားခဲ့ရာ အသွား ၃၀ ကျပ်၊ အပြန် ၃၀ ကျပ်ဟု ဆိုသော်လည်း ငဲ့ညှာသော အားဖြင့် အသွားအပြန် ၅၀ ကျပ်ဟု ဆိုချေသောကြောင့် ကျွန်ုပ်မှာ ဝမ်းသာအားရ တက်စီးမိခဲ့ပါ၏။

ဆိုင်ပိုင်ရှင် အဒေါ်ကြီးကား ကျွန်ုပ်လှမ်းပေးလိုက်သည့် မြန်မာရမ်အလင်းအဖုံးကို ဖင်ပြန်ခေါင်းပြန် ကြည့်ပြီးသကာလ ကျွန်ုပ်ကို မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်ပြီးလျှင် . . . နှာခေါင်းကိုလည်း ရှုံ့တွလိုက်ပြီးလျှင် . .

"နောက်တစ်ခေါက်လောက် ထပ်လာခဲ့ပါဦး။ ကိုယ်စားလှယ်ကို ပြကြည့်ပါဦးမယ် . . . အဖုံးထားခဲ့ပါ "

" ခင်ဗျား . . ဟုတ်ကဲ့ "

ဆိုက်ကားခ ၅၀ ကျပ် ဆုံးပြီး ဂျက် ပြန်လှည့်ခဲ့ရပါသည်။ ပြန်လာဆိုတော့လည်း ဂျက် ပြန်လာရမှာပေါ့။ ဂျက်က ကံထူးသူလေ။ ငွေ ၁၀၀ ကျပ်တိတိ ပေါက်ထားသူလေ။ နောက်တစ်ခေါက်ပြန်လာရင် ဂျက်သို့မှ ငုတ်မိပါစ။ ခြော် . . . မတတ်နိုင်ပါဘူးလေ။

www.burmeseclassic.com





(လေး)

သို့နှင့် နောက်တစ်နေ့တွင်ကား ကျွန်ုပ် ဆရာကြီးဂျက်တစ်ယောက် အနီးအနားဆိုင်ကလေးသို့ ရောက်သွားပြန်ပါသည်။ စတိုးဆိုင်ရှင် အဒေါ်ကြီးက ကျွန်ုပ်ကို ဆံပင်မှသည် ခြေသန်းအထိ ခေါက်တုံ့ခေါက်ပြန် အတန်တန် ကြည့်၏။ ၎င်းနောက်တွင်မှ ၁၀၀ ကျပ်တန် ငွေစက္ကူတစ်ရွက်ကို အသာလှမ်းပေးကာ -

" မင်းမှာ တစ်ဆယ်ပါလား "

" ဗျာ . . . "

" မင်းမှာ တစ်ဆယ်ပါလားလို့ မေးတာ "

" ဆုက ၁၀၀ မဟုတ်လားလို့ "

" အေးလေ . . . ဒါပေမယ့် ၉၀ ပဲပေးတယ် "

" ဟုတ်ကဲ့ဗျာ . . . မသိလို့ပါ "

ဘာမှ မတတ်နိုင်တော့။ ဂျက်က ငွေတစ်ဆယ် ပြန်အမ်းလိုက်ရပါပေသည်တည်း။

(ငါး)

ဂျက် စဉ်းစားမိ၏။ ဂျက်တစ်ယောက် ၁၀ ကျပ်တန် ကံစမ်းမဲ ပေါက်လိုက်သောကြောင့် ဆုငွေကို နှစ်ကြိမ် သွားထုတ်ခဲ့ရပေရာ ဆိုက်ကား ခ ၁၀၀ ကုန်သွား၏။ ဆုငွေက ၉၀ ကျပ်သာ ရသောကြောင့် ၁၀၀ ကျပ် ရှုံးသွားခဲ့ရသည်။ အကယ်၍ ကံစမ်းမဲသာ မပေါက်ခဲ့သော် ဘာမှ အလုပ်ရှုပ်စရာမလို။ ငွေ ၁၀ ကျပ်တွေ ဘာတွေလည်း ရှုံးစရာမလို။

အင်းလေ. . . ဘာပဲဖြစ်ဖြစ်ပါ။ ကံထူးသူ ဆရာကြီးဂျက်ဟူသည့် အခည်တစ်လုံးကိုကား ကျွန်ုပ်ဂျက်တစ်ယောက် ပြုံးပြုံးကြီး ခံယူခွင့်ရခဲ့ပြီ ဖြစ်ပါပေသတည်း။


တသာတမြို့ ဦးဝိစာရလမ်းပေါ်မှ မြတ်စတိုးတွင် မြန်မာရမ်ဝယ်သောက်မှု ကိုယ်တွေ့တို့ ရေးပါသည်။

သတင်းစုံဂျာနယ်၊ အမှတ်(၃၂)



www.burmeseclassic.com

www.burmeseclassic.com




စတိတ်ရှိုးသွားကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

# စတိတ်ရှိုးသွားကြည့်ခြင်း

## (တစ်)

အနှီရက်ပိုင်းကလေးများအတွင်းဆီက ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံ တုန်း မှီတင်းနေထိုင်ရာ သပွတ်အူကျေးရွာကလေးရှိ သပွတ်အူသူ သပွတ် အူသား အပေါင်းတို့၏ သွားလာပုံ နေပုံထိုင်ပုံ ပြောပုံဆိုပုံများကို ကြည့်ပြီး ရွာ၏သရုပ်အသွင်ကို ကနုတ်မင်ဖြင့် ရေးခြစ်ရဘိသည်ရှိလေသော် "သပွတ် အူသည် ရှု၏။ သပွတ်အူသည် ကြွ၏။ သပွတ်အူသည် ထ၏။" ဟူ၍သာ သျှင် ရေးခြစ်ရတော့လေမည်လား မသိတတ်နိုင်တော့ပါပေ။ မှန်ပါသည်။ ထိုတလောလေးဆီက အဖို့ရာမှာမူကား ကျွန်ုပ်တို့၏ သပွတ်အူသည် အရှု ဆုံး အကြွဆုံး၊ အထဆုံးကာလများဟူပင် ဆိုရလောက်သည့် အခြေအနေ ဖြစ်ပါသည်။ လူမွဲ လူကြွယ် လူငယ် လူထီး လူမ ရှိသမျှ အစုံ ရှု၊ ကြွ၊ ထ ကြပါပေကုန်၏။ ဘာဇာကြောင့်ပေနည်း။

ဟုတ်ကဲ့. . . အမေးရှိသော် အဖြေရှိရချေမည်တည့်။ ကျွန်ုပ်တို့၏ သပွတ်အူတစ်ရွာလုံး ရှုမဆုံး ကြွမဆုံး ထမဆုံး ဖြစ်နေကြရသည့် အကြောင်းရင်းမှာကား ကျွန်ုပ်တို့၏ သပွတ်အူမှ အတန်ငယ်လှမ်းလှမ်းတွင် တည်ရှိသော ဗရွတ်ရွတ်တ ရွှေမြို့တော်မှ ခေတ်ပေါ်တီးဝိုင်းတစ်ခုသည်

www.burmeseclassic.com

www.burmeseclassic.com



သပွတ်အူကျေးရွာ ဘုန်းတော်ကြီးကျောင်း၏ ကွက်လပ်ကြီးထဲတွင် လာရောက်ဖျော်ဖြေတော့မည်ဟူသော သတင်းကြောင့်ပေတည်း။ မှန်ပါသည်။ ခေတ်ပေါ် Stage Show များ၏ အရသာကို ခံစားလိုပါသည်ဆိုသော သပွတ်အူကျေးရွာ လူငယ်များ၏ တတွတ်တွတ်တောင်းဆို ပူဆာမှုများကြောင့် သင်္ကလေးတို့၏ အလိုကိုလိုက်ကာ ရွာမိရွာဖများက ပဲကလေးနှမ်းကလေး လှိုင်လှိုင်ပေါ်စ နွေဦးပွင့်လွှတွင် Stage Show သွင်းရန် စီစဉ်ပေးခဲ့ကြခြင်း ဖြစ်ချေပေသည်တစ်မုံ့။

သို့နှင့် အန္တိနှင့်သာပဲပေါ့။ အချုပ်ကိုဆိုရသည်ရှိလေသော်ဘုန်းတော်ကြီးကျောင်းရှေ့ ကွက်လပ်ကြီးထဲတွင် Stageခုံကြီးတစ်ခု ပေါ်လာပေ၏။ ပရိတ်သတ်ကြီးထိုင်ရန်အတွက် ကျေးရွာမူလတန်းကျောင်းက သွားငှားထားသောစာသင်ခုံတွေ အစီအရီရောက်လာ၏။ Stage၏ နောက်ဘက်နံရံတွင်မှ လေးခွများနှင့် လက်ခုပ်ပန်းများဟူ၍ Music Band၏ အမည်ကိုဖော်ပြထား၏။ သေနတ်များနှင့် နှင်းဆီပန်းများဟူသည့် အဖွဲ့ကို ကြိုက်၍ထင့်၊ သပွတ်အူရှိ လူငယ်လူရွယ်များမှာလည်း ဘောင်းဘီရှည်တဖားဖား ဝတ်သူဝတ်ကြ၊ နားကွင်းဆွဲသူ ဆွဲကြ၊ ဆံပင်ရှည်ကြီးတွေ သရေကွင်းနှင့် စည်းသူစည်းကြ၊ ထဘီတွေ ဖြဲသူဖြဲကြနှင့် ရွှတာ တွက်ကာ ထကာ နေကြပေတော့၏။

(နှစ်)

ဝရွှတ်ရွှတ်တမြို့မှ လေးခွများနှင့် လက်ခုပ်ပန်းများအဖွဲ့ လာရောက်သီဆိုကြသောညက သပွတ်အူ ဘုန်းတော်ကြီးကျောင်း ကွက်လပ် အနှံ့တွင်



လူတွေဖြင့် ကြပြွန့်၍နေပေ၏။ ရှေ့ဦးစွာ ပိန်ညှောင်ညှောင်နှင့် အဆိုတော်တစ်ယောက် ထွက်လာ၏။ အန္တိပုဂ္ဂိုလ်က အဆိုတော်ရင်ဂို၏ "တောင်ပံပါရင် မင်းဆီကို" သီချင်းကို သူသီဆိုမည်ဖြစ်ကြောင်း ကြေညာ၏။ ဩော်. . . တောင်းစွ။ ဂျက်၏ရင်ကို ရှခဲ့လေသော သီချင်းတစ်ပုဒ်ကို ဂျက်နားထောင်လိုလှပါ၏။ ဂျက်နားစွင့်ဆဲမှာဝင် Introနေခက်မှ သီချင်းသံကပ်ပါလာ၏။ "မင်းမရှိတဲ့ညတွေ. . . ကိုယ်တစ်ယောက်တည်းမေရယ်. . လွမ်းရက်များလည်းကွယ်. . . ကြာရှည်လွန်းခဲ့ပါတယ်။"

တောင်ငူသားကလေး ရင်ဂိုနှယ်ပင် အသံပါးပါးချိုချိုကလေးသည် ဂျက်၏ရင်ကို လာ၍စူး၏။ သို့သော်. . . အန္တိသော်လည်းပေါ့၊ ငင်းအဆိုတော်သည် ဤနေရာမှာပင် ရပ်ထားလိုက်ကာ ပရိတ်သတ်ဘက်ကို မိုက်လှည့်ပေးလိုက်ပြီး လုပ်ပါ. . လုပ်ပါ. . ဆိုကြပါဟု အော်လိုက်ရာ ပရိတ်သတ်ကြီးမှ သီချင်းကို ဆက်၍ဆိုနေကြပါတော့၏။ ဆိုသမှ "မျှော်ကာမှိုင်ငေးဆဲ အမြန်ပြေးတွေ့လိုက်ချင် တိမ်လွှာပြင်တွေ ကျော်လွှားမယ်"မှစကာ နောက်ဆုံး "တောင်ပံပါရင်မင်းနားကို" ဟူသည့် သီချင်းအဆုံးအထိပင် ဖြစ်ပါ၏။ အန္တိအဆိုတော်ကမူ ပရိတ်သတ်ကြီးဆိုနေစဉ်အချိန်အတွင်း Stage ပေါ်မှအတီးသမားများနှင့် စကားသွားပြောနေကာ သီချင်းဆုံးတော့မှ ကပျာကသီစင်ရှေ့ပြေးလာကား သင့်ခရူး(Thank you)ဟုအော်ပြီး အဆုံးသတ်သွားလေ၏။ ပရိတ်သတ်ကား လက်ခုပ်သံတဖြောင်းဖြောင်း။ အို. . ဘယ်နှယ့်ပါလိမ့်။ သူလည်းမဆိုဘဲ သူ့ကိုကား လက်ခုပ်တီးပေးနေရတဲ့ဘဝ။ ခက်ကပြီ။

သို့နှင့် အန္တိနှင့်သာပဲပေါ့။ စင်ပေါ်တွင် နောက်ထပ် အဆိုတော်တစ်ဦး

www.burmeseclassic.com



က ရောက်ရှိလာပြန်ပါချေ၏။ သူကမူ လူကောင်ထွားထွားကြီး၊ စွပ်ကျယ်ချိုင်းပြတ်ကြီးနှင့်၊ ဘောင်းဘီတိုနှင့်၊ ဆံပင်အရှည်နှင့်။ ကြေညာလိုက်သည်မြင့် ဇွတ်၏ အကြိုက်ကိုပဲ သိနေသလိုလို၊ လေးဖြူ၏ "အသည်းကွဲသီချင်းသစ်" ကို သီဆိုပါမတဲ့။

"မင်းရက်စက်မှာကို . . ကြိုတင်မတားနိုင် . . မင်းနှုတ်ဆက်ခြင်းမှာထားရစ်ခဲ့တော့ . ."

တကယ့်တိုပင် လေးဖြူဟု ဆိုရလောက်အောင်ကို အသံပါဝါကောင်းသူဖြစ်ပါ၏။ သို့သော်လည်းလေ၊ သူကလည်း အရင်လူကဲ့သို့နှယ်ပင် ဖြစ်ပါ၏။ နားထောင်ကောင်းဆဲမှာပင် ဆက်မဆိုတော့ဘဲ ပရိတ်သတ်ဘက်ကို မိုက်ခွက်လှည့်ပေးကာ အိုကေ . . ဘော်ဒါ လုပ်စမ်းပါဟု ခပ်ညစ်ညစ်အော်ချေ၏။ သနားစဖွယ် သပွတ်အူလူငယ်အပေါင်းတို့သည်ကား အားရပါးရပင် ဆက်၍ဆိုပေးနေကြရှာ၏။ တွန့်ဝိ ဆရာကြီးဂျက်သည်ပင်လျှင် စိတ်ကို တင်းထားသည့်ကြားက "ဘယ်လိုနေရမလဲ အသည်းများခွဲသွားအလူးအလဲနဲ့ခံစား ဘယ်လိုရင်ဆိုင်နေနိုင်မလဲ" . . စသည့်နေရာများသို့ အရောက်တွင် လိုက်၍အော်မိနေချေ၏။ အမောင်သကောင့်သားကမူ စင်ပေါ်တွင် စီးကရက် ထိုင်သောက်နေခဲ့ပြီး တစ်ချီတစ်ချီမှသာ မိုက်တယ်ကွာ၊ မိုက်တယ်ကွာနှင့် အော်ပေးနေကာ သီချင်းဆုံးလေသော်မှ သိုင်းခရူး (Thank you)နှုတ်ဆက်ကာ ဆင်းသွား၏။ ထုံးစံအတိုင်းပင် လက်ခုပ်သံကတဖြောင်းဖြောင်း။ ဩော် . . ကိုယ်ဘာသာကိုယ်ဆိုပြီး လက်ခုပ်တီးပေးနေရသောဘဝ။

နောက်ထပ်တစ်ခါ တက်လာပြန်သူကမူမျက်မှန်ထူထူ၊ ဆံပင်ကောက်



တိ ကောက်ကွေးနှင့် စတက်လာကတည်းက အအေးဘူးကို ကိုင်ကာတက်လာပြီး ထူးအိမ်သင်ဆိုထားသော "ကြွေးဟောင်းဆပ်ခွင့်ပြုပါအမေ" ကို ဆိုရန် ကြေညာပြီး ဘုရားစူးမိုးကြိုးပစ် "မွေးမြေရပ်ကို အမြန်ရထားဆိုက်ရောက်ချိန်" တစ်ကြောင်းသာဆိုကာ အအေးသောက်နေ၏။ ဆိုရပြန်ချေသပေါ့။ ကျွန်ုပ်တို့ သပွတ်အူရွာသားတွေမှာဖြင့်။ ရထားပေါ်ကဆင်းနင်းကြားမှာတို့၊ ကြိုသူမရှိ တစ်ဦးတည်းလျှောက်လာဆဲတို့ . .။ အသည်းခွဲခဲ့တဲ့ အမေ့ရဲ့သား ပြန်လာပြီတို့။ သူကသာ ယိချင်းလည်းဆုံး၊ အအေးလည်းကုန်၊ သိုင်းကျူးလေးတောင် ပြောမသွားတော့။

(သုံး)

ဆိုရချေသော် ထိုနေ့ညက Stage ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်တက်ကြလေကုန်သော အဆိုတော်များသည် ဘယ်သူမှ သီချင်းကိုအစအဆုံး မဆိုလေကြ။ တစ်ကြောင်းဆို၊ နှစ်ကြောင်းဆိုနှင့် ရပ်သွားကြပြီး သပွတ်အူသားများကသာ အဆုံးအထိ ဆိုပေးကြရ၏။ အနို့ဆိုလျှင် ပိုက်ဆံတော့ ဘာ့ကြောင့် အကုန်ယူကြသနည်း။ ခေတ်ဆိုတော့လည်း ဂျက်မှာပြောသာတော့။

အေးလေ . ပန်းချီဆရာတွေကလည်း တစ်ချက်လောက်ခြစ်ပြီး ခင်ဗျားတို့ဘာသာ ဆက်ဆွဲကြဟုဆိုကာ သိုင်းကျူး (Thank you) လုပ်ကြ၊ စာရေးဆရာတွေလည်း၊ တစ်ကြောင်းလောက်ရေးကာ ခင်ဗျားတို့ဘာသာ ဆက်ရေး ကြဟုဆိုကာ သိုင်းကျူး (Thank you) လုပ်ကြသော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေမလား မသိ။ သို့သော် အနှီသော်လည်းပေါ့။

ကျွန်ုပ်ကမူ အနှီဆောင်းပါးကိုဆုံးအောင် ရေးပေးလိုက်ပါသည်။

**Thank you**

သတင်းစုံဂျာနယ်၊

အတွဲ (၁)၊ အမှတ် (၃၄)




ဆရာကြီးဂျက် တီဗွီကြော်ငြာထိုင်ကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာဂျက်ကြီး TV ကြော်ငြာထိုင်ကြည့်ခြင်း

### (တစ်)

ကျွန်ုပ်ဆရာကြီးဂျက်သာလျှင်မက မြန်မာကဗျာကို ချစ်မြတ်နိုးသူ အပေါင်းတို့ကပါ လေးစားသမှုပြုရပါပေသော ကဗျာဆရာအောင်ချိမ့်က ဖြင့် တစ်နေ့ ပျင်းပျင်းရှိတာနဲ့ အောင်ချိမ့်ရုပ်ရှင်ကြည့်ခြင်းဟု အမည်ရပေသော ကဗျာတစ်ပုဒ်ကို ရေးထုတ်ခဲ့ဖူးပါပေသည်။ အင်းလေ. . ထို့နှယ် အသို့နှယ် သာပဲပေါ့။ ကျွန်ုပ်သည်လည်း တစ်နေ့တွင် ပျင်းပျင်းရှိတာနဲ့ ဆရာကြီးဂျက် TV ကြော်ငြာ ထိုင်ကြည့်ခြင်းဟူ၍များ ကဗျာဖွဲ့သီရလေတော့မလား မပြောတတ်နိုင်ပါချေ။

မှန်ပါသည်။ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းသည် မကြာတတ်လှသောအချိန်ကလေးများအတွင်းက မြို့ထဲရှိ ဘုတ်အုပ်စာပေတိုက်ကလေးများသို့လည်း သွားရန် အကြောင်းမမြင်၊ စာအုပ်စာမေဖတ်ရှုချင်သည့် စိတ်ကလေးများကလည်း ခေါင်းပါး၊ စာပေရေးသားသီကုံးရန်လည်း အားရှိမလာနှင့် ယောင်ချာချာကြီးဖြစ်၍နေပေရာ မထူးတော့သည့်အဆုံး၌ စိတ်နှလုံး တုံးတုံးချပြီး ညည့်ခန်းထဲက TV ရွှေတွင်ထိုင်ကာ ဖန်သားပြင်ပေါ် အရိပ်ထင်သမျှကို စိတ်ဘဝင် မကျတကျနှင့် ကြည့်နေမိခဲ့ပါပေတည်း။

www.burmeseclassic.com



(နှစ်)

သတင်းတွေရော၊ သီချင်းတွေရော၊ ဇာတ်လမ်းတွေရော၊ မှတ်တမ်းတွေရော တစ်ခုပေါ် တစ်ခုပျောက်၊ တစ်ခုနောက် တစ်ခုလာ၊ ထွေထွေရာအစုံစုံ တင်ဆက်မှုအဖုံဖုံတွင် ဆရာကြီး၏ ရင်အုံကို အဟုန်ကြီးစွာရိုက်ခတ်လာသည်ကတော့ ကြော်ငြာအလှအပကလေးများပင် ဖြစ်ဘိချေ၏။ နောက်တစ်နေ့အစီအစဉ်ဟုဆိုကာ ဖန်သားပြင်ကြီး တံခါးပိတ်လိုက်၍ကိုယ့်အိပ်ရာကိုယ်ခင်းပြီး ကိုယ့်သက်ပြင်းကိုယ်ချလိုက်ရသည့်တိုင် သင်းတလေးတို့က ဂျက်ဆီကို လိုက်လာတြပြန်ချေ၏။ ဩော်. . ဂျက် ဆရာတစ်ပါးမှာ ခက်ပါကလား ကွယ်လေးတို့။

(သုံး)

တွန့်ပ် ဆရာကြီးဂျက်၏ မျက်ဝန်းလုံပြာပြာထဲတွင် ဝေ့လည်ဝေ့လည်နှင့် လာရောက်ငြိတွယ်နေပြီးသည့်သကာလ ကရုဏာများလည်း ပွားမိရပြန်ပါချေသော သူကလေးတစ်ယောက်မှာကား ကြော်ငြာစတားလေးပင်ဖြစ်ချေ၏။ စာတစ်ကြောင်း ငုင်းဆယ်ခါပါဟု ဆိုသလို ကြော်ငြာတစ်သောင်းမှာ ငုင်းကလေးက ၉၉၉၉ ခါများ ပါနေလေရော့သလားမသိ။ ဒါပေသည့်ချစ်ဖို့ကောင်းပါ၏။ လည်ပင်းကလေးကလည်း အစ်အစ်၊ လက်မောင်းကလေးကလည်း အစ်အစ်၊ မျက်ခွံကလေးတွေကလည်း အစ်အစ်နှင့်ကွန့်ပ် စိတ်ထဲ ဘယ့်နှယ်ဘယ့်နှယ်ကြီး ဖြစ်သွားမိလေမှန်းမသိ။ ကြည့်ပါဦး။ သူ့ နောက်မှာ ရေတံခွန်ကြီးက ထိုးကျလို့။ ခမျာကလေးမှာလည်း ရေတွေနဲ့ ရွှဲနစ်လို့။ အဝတ်အစားတွေ အကုန်လုံး အသားတွေနဲ့ တင်းကပ်ကာ အကျီလက်ပြတ်ကလေးနဲ့ဆိုတော့ အနေရကျပ်ရှာပေမပေါ့။ လက်ကလေး



နှစ်ဖက် ရင်ဘတ်ပေါ် ယှက်ကာ ဗိုင်းကောင်းကျောက်ဖိ နေရရှာပုံကလေးများ၊ ရေတွေရွှဲရှာသူ သူကလေးကို ကရုဏာတသက်သက်နှင့် ကြည့်နေမိသူကွန့်ပ် ဆရာကြီးဂျက်မှာ တံတွေးကို ဂလုဟု မျိုချရင်း ကြော်ငြာကို အပြေးအလွှားဖတ်ရဘိချေ၏။ ဩော်. . . ဆပ်ပြာမှုန့်ကြော်ငြာပါလား။

(လေး)

ကွန့်ပ်ဆရာကြီးဂျက်အဖို့ နောက်ထပ်တစ်ခါ ရင်မှာ လှုပ်ရှားစိတ်ထားသွတ်အိ သနားမိရပြန်ချေသည့် ကြော်ငြာကလေးတစ်ခုထဲတွင်လည်း အနီဝေကစ်ကစ် တစ်တစ်အိအိ သူတလေးသာလျှင် ပါရှိနေပြန်ပါချေ၏။ သို့သော် အနီသော်လည်းလေ၊ သူတလေးတစ်ယောက်တည်းတော့ဖြင့်ကားမဟုတ်လေပါအဆွေ။ ယနေ့ စူပါစတားဟုဆိုသော ဆံပင်တိုစိစိနှင့် ပညာဒတ် မင်းသားကလေးက ကန့်လန့်ကန့်လန့်နှင့် ပါနေပါ၏။ နှစ်ယောက်လုံး ရေတွေထဲမှာ ရွှဲနစ်လို့။ နစ်ပါ။ နစ်စမ်းပါ။ အတောင်နှစ်ဆယ်ဝတ်ဘောန်ဖြစ်ပေသော သင်းလို သကောင့်သား မင်းသားအဖို့ရာမတော့ နစ်ရုံတောလို့ မွှန်းမွှန်းပေ့ါ။ ဟို ခမျာကလေးမှာတ အားနွဲ့သော မိန်းမသားအလေး ဖြစ်သည်။ သူကလေး နစ်မွန်းရှာသော် ခတ်ချိမ့်မည်။ ခုပဲကြည့်ပါဦး။ ရေစပ်စပ်ကလေးထဲမှာ ဟိုဘက်ကို လူးသွားရှာလိုက်၊ သည်ဘက်ကိုလှိမ့်လာရှာလိုက်နှင့် ဘယ့်ကလောက် အနေရခက်ရှာနေပြီမသိ။ ရေစိုအဝတ် တင်းတင်းကျပ်ကျပ်ကြီးနဲ့ ဆွဲဆွဲသပ်နေလိုက်ရရှာတာ။ အင်း. . အနာတတ်သူ ဆရာကြီးဂျက်ခမျာမှာ ကြော်ငြာကိုတောင် မမီမကမ်းနှင့်အနည်းကို ဖတ်ယူလိုက်ခဲ့ရပါ၏။ ကိတ်မုန့်တဲ့ ကိတ်မုန့်။ စားချင်စဖွယ်ပါပေါ့။

www.burmeseclassic.com



(ငါး)

သနားကရုဏာဆိုသည်များထက် စိုးရိမ်ပူပန်ရခြင်းတည်းဟူသည့်ဘက်ကို အလေးတင်းမိရချေသော ကြော်ငြာတစ်ခုမှာကား ဟိုညီအစ်မကလေးနှစ်ယောက်တို့၏ ကြော်ငြာဖြစ်ပါ၏။ ခမျာကလေးနှစ်ယောက်တို့လုပ်ပုံကလည်း ကြည့်ပါဦး။ မထိတ်သာ မလန့်သာနှဲ့။ တစ်ယောက်ကရေစပ်မှာ လှုပ်လီလှုပ်လဲ့နဲ့ လမ်းလျှောက်လို့။ တစ်ယောက်က ရေကန်ထဲကဘောကွင်းပေါ်မှာ ယက်တန်ယက်ကန်နဲ့ မြူးတူးလို့။ ခမျာလေးတော့ ရေထဲကျဦးတော့မှာပဲနော်ဟုဆိုကာ ပူပန်လို့မှ မဆုံးသေး ဝုန်းခနဲ ကျသွားခဲ့ပေပြီ။ အပေါ်က တစ်ယောက်က လှမ်းပစ်ပေးလိုက်သည်ကို အရဲစွန့်ကာဖမ်းခဲ့ရှာပေသကိုး။ ခါးအထက်ပိုင်းက ပထမ၊ ခါးအောက်ပိုင်းက ဒုတိယရေထဲတို လိမ့်၍ကျသွားသော ခမျာလေးကိုကြည့်ကာ ရေစိုကြီးနဲ့က တင်းကျပ်ကြီးဖြစ်ဦးတော့မှာပဲဟု တွေးမိပြီး ကျွန်ုပ်ဂျက်မှာ နည်းနည်းကလေးမျှစိတ်မချမ်းသာချေ။ အအေးတွေဘာတွေ ပတ်သွားမှဖြင့် ကလေးရယ်။ အမျိုးသမီးလစဉ်သုံးပစ္စည်းကို အစိုခံပြီး ကြော်ငြာရတယ်လို့။

(ခြောက်)

နောက်တစ်ခါ သုံးယောက်သားတို့ လုပ်ပုံကလည်း ကြည့်ပါဦး။ ဦးစွာပထမ ခြေဖမိုးဖောင်းဖောင်းကလေးတွေ။ ထို့နောက် ခြေသလုံးသား တင်းတင်းကလေးတွေ။ ၎င်းနောက် ပေါင်သားဝင်းဝင်းကလေးတွေ။ ယင်းနောက် အကျဉ်းချုပ်၍ ဆိုရပါသော် ပါးပါးလျားလျား ကြော်ငြာနှင့် ခေတ်စားနေသူ ခမျာကလေးတို့ သုံးယောက်သားသည် ရေကူးဝတ်စုံကလေးတွေနှင့် ရပ်နေကြရာမှ ရေထဲသို့ ဇွပ်ကယ်စွပ်ကယ် ခုန်ဆင်းသွားကြလေ



တုန်၏။ ထို့နောက် ဖွေးဖွေး ဖွေးဖွေးနှင့် ပေါ်တုံမြုပ်တုံ ကူးနေလိုက်ကြပုံတွေများ။ အတန်ကြာတော့မှ ကမ်းပေါ်တက်အလာမှာ ကောင်းကလေးတွေက လှမ်းခွဲကြ၏။

ကလေးတို့ရယ် အတိုရေစိုကြီးတွေကို မြန်မြန်လဲပစ်လိုက်ကြပါလား။ ညည်းတို့ကြည့်ရတာ စိုတိစိုဖတ်နဲ့ တင်းကျပ်ကျပ်ကြီး။ ဆရာမှာ ညည်းတို့ကိုယ်စား အနေခက်လိုက်တာ။ ရေစိုကြီးနဲ့ သိပ်ကြာကြာနေရင် အဆုတ်အအေးပတ်တယ် ဘာစာယ်နဲ့ ကျန်းမာရေးကို ထိဦးမယ်။ အဲအဲ. . သူတို့ကို ပူနေရသည်နှင့် ငုံဆေးပြားဟူသော ကြော်ငြာကို ကတိုက်ကရိုက် လှမ်းတတ်လိုက်ရချေပေ၏။

(ခုနစ်)


အြော် . . . ရွှေဆိုင်ကြော်ငြာတဲ့ကောင်မလေးကလည်း ရေစိုကြီးနှင့်၊ အအေးပုလင်းကြော်ငြာတဲ့ကောင်မလေးကလည်း ရေစိုကြီးနှင့်၊ ဆီးထုပ်ကြော်ငြာတဲ့ကောင်မလေးကလည်း ရေစိုကြီးနှင့်။ ဘယ်နှယ့်ဘယ့်နှယ်များစိုတိစိုဖတ်ကြီးတွေ ဖြစ်ကုန်ကြသည်မသိ။ အင်းလေ. . . ခေတ်အကြိုက်ဆိုတော့လည်း ရိုတ်တန်ရိုက်ပေးရလေမပေါ့။ သို့သော် . . . တစ်ယောက်တည်းကတော့ တစ်နေ့တည်းမှာ ထိုကြော်ငြာမျိုး ၄-၅ ခု မရိုက်စေလိုပါ။ တစ်နေ့လုံး ရေထဲဆင်းစိမ်နေရ၍ ဖျားတယ် နာတယ်၊ ကျောပူတယ်၊ ခေါင်းကိုက်တယ် ဖြစ်လာခဲ့သော် အနိုတာယတံရှင် မမကလေးတို့ထက် ဟောသည့်အစ်ကိုဆရာကြီးဂျက်က ရတတ်မီးပွားရမည်မှာ ကေန်ဖြစ်ပါကြောင်း။

**သတင်းစုံဂျာနယ်၊ အမှတ် (၁၅)**



www.burmeseclassic.com

www.burmeseclassic.com




တရုတ်ကားများနှင့် အလုပ်များသွားခြင်း

www.burmeseclassic.com

www.burmeseclassic.com

## တရုတ်ကားများနှင့် အလုပ်များသွားခြင်း

(တစ်)

ကျွန်ုပ် ဆရာကြီးဂျက် ကွမ်းခြံကုန်းတို့၏ မြဝတီရုပ်မြင်သံကြားဌာနကြီးသည် သည်ဘက်နှစ်ပိုင်းကာလများဆီ၌ တရုတ်ရုပ်ရှင်ကားများကို လိုမ့်ဘာလိုမ့်ကာ ပြ၍ နေပါဘိတော့၏။ **မိုးကောင်းတင်အိမ်မက်များတဲ့၊ နဂါးနိုင်မားတဲ့၊ ပြည်သူ့တရားရှင်တဲ့၊** ဟော့ . . . အခု ငွေကြယ်ပွင့်တို့သက်သေတည် တဲ့။ ပြီးတော့ မြန်မာ့ရုပ်မြင်သံကြားက ပြပြီး ဖြစ်ခဲ့ပါလေသော မျောက်ဘုရင် ဝုခုံး၏ **အနောက်သို့ခရီး** ကိုပင်လျှင် ထပ်ဆင့်ပြခဲ့ပါချေသေး၏။

ကောင်းပါသည်။ ကလေးကြိုက်၊ လူကြီးကြိုက်၊ တောကြိုက်၊ မြို့ကြိုက်၊ ဗိုဟ်ပြည်သူတစ်ရပ်လုံး အသည်းခိုက်ကြသည်ဆိုတော့ ကောင်းပါသည်ပဲ ပေါ့။ ဂျက်တို့၏ အိမ်မှာလည်း တရုတ်ကားလာပြီဟော့ဆိုလျှင် တဝုန်းဝုန်း အရုန်းရုန်းနှင့် ရုပ်မြင်သံကြားရှေ့မှာ လူမစဲတော့။ ကြည့်ပါ။ ကြည့်ကြပါ။ ကိုယ်ကြိုက်လို့ ကိုယ်ကြည့်သည့်ကိစ္စ၊ ဆရာကြီးဂျက်နှင့် ဘာမှမဆိုင်စွပါ ဆေး၊ သို့သော်အနို့သော်လည်းပေါ့။ ကိုယ်ကြိုက်လို့ကိုယ်ကြည့်ကြသည့်သူတွေက မိမိစားပွဲမှာ မိမိထိုင်ပြီး မိမိစာအုပ်တွေနှင့် မိမိအလုပ်ရှုပ်နေသော

www.burmeseclassic.com



ကျွန်ုပ်ကို လှမ်းကာ,လှမ်းတာ အမေးအမြန်ထူကြသည့်ကိစ္စကတော့ အတော့်ကို စိတ်ရှုပ်ဖွယ်ဖြစ်ပါ၏။ ညော်. . တရုပ်ကားတွေကလည်း ဂျက်တို့ အမျိုး ကောင်း သားသမီးများ ပိုမိုခံစားနားလည်နိုင်ရန်အလို့ငှာ မြန်မာစာတန်းတွေကို ထိုးထိုးပေးနေခဲ့ကြပေသကိုး။ သည်စာတန်းတွေကြောင့်ပဲ ကျွန်ုပ်ဆရာကြီးဂျက်မှာ ခေါင်းခြောက်ခဲ့ရခြင်း ဖြစ်ချေပေသည့်တစ်မုံ့။

(နှစ်)

မိုးတောင်းတင်အိပ်မက်များ၊ နဝါးနိုဝ်မား ပြည်သူ့တရားရှင်၊ ငွေကြယ်ပွင့် တို့သတ်သေတည်၊ အနောတ်သို့ခရီး. . စသည့်မြန်မာစာတန်းထိုးတရုတ်ရုပ်ရှင်ကားများ ပြသနေစဉ်အတွင်း ကြည့်ရှုနေသူအချို့က စာရေးစားပွဲတွင် ထိုင်နေသော ကျွန်ုပ်ဆရာကြီးဂျက်ကို လှမ်းလှမ်းမေးကြသည့်စကားအချို့ကို အကျဉ်းမျှ ဖော်ပြပါပေအံ့။

"လေးလေးဂျက်. . ဈေးသည် စုန့်သည် ဆိုတာတွေကို ဘယ်လိုစာလုံးပေါင်းသလဲ လေးလေးဂျက်"

တူမလေးက မေးလာခဲ့သောအခါ ကျွန်ုပ်က မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် ခွဲထား၊ မြန်မာအဘိဓာန်အကျဉ်းချုပ်. . စသည်. . စသည်တို့ကိုလှန်ကာ ရဲရဲဝံ့ဝံ့ ပြေလိုက်ပါလေ၏။

"သ တို့ ညသတ် သည်ပေါ့ သမီးရယ်၊ ဈေးသည်. . စုန့်သည်. .



ဝန်းသည်. . ဆန်သည်. . ငါးသည်. . အမှားကြီးပေါ့"

"လေးလေးဂျက်ကလည်း TV ထဲမှာ ဝေါက်စီသယ်တဲ့ လေးလေးရဲ့"

ကျွန်ုပ်ကား ဘာပြောရမည်မသိတော့။

(သုံး)

"ဦးဂျက်. . သိပ်ကောင်းတယ်၊ သိပ်ဆိုးတယ်၊ သိပ်မိုက်တယ် ဆိုတာတွေကို ဘယ်လိုရေးလဲဗျ"

"တူလေးရယ်. . ပသတ် သိပ် ပေါ့ကွယ်"

"သေချာရဲ့လား ဦးဂျက်ရာ. . TV ထဲမှာ သိတ်လို့ ရေးတယ်ဗျ"

ကျွန်ုပ်ကား ဘာပြန်ပြောရမည် မသိတော့။

(လေး)

"အစ်ကိုဂျက်ရေ. . ပုပ်စော်နံတဲ့သဘောကို ဘယ်လိုစာလုံးပေါင်းရလဲ မသိဘူး"

"ပစောတ် သတ် ပုပ်ပေါ့ကွာ မင်းကလဲ"

"TV ထဲမှာ ပါးစပ်ပုတ်လို့ ပါလို့ဗျ"

"ဟာလကွာ"

ကျွန်တော်ကား ဘာပြန်ပြောရမည် မသိတော့။

(ငါး)

"တူကြီးဂျက်. . သွားပါဦး. . နေပါဦး. . ထိုင်ပါဦး. . သပါဦး ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ က အတ္တရာ ဦး မတုတ်လားကွဲ"

"ဟုတ်တာပေါ့ ဒေါ်လေးရယ်"

"ဒို့ TVထဲမှာယက ခဏနေအုံးလို့ ဆိုပါလား"

ကျွန်ုပ်ကား ဘာပြန်ပြောရမည် မသိတော့။

(ခြောက်)

"ဆရာဂျက်ရေ . . အိပ်မျော်တုန်းမှာ မက်တာကို အိပ်မက်လို့ ခေါ်တယ် မို့လားဗျ"

"ဟုတ်ပါ့ဗျာ"

"အဲ . . TVထဲမှာကတော့ အိမ်မက်တဲ့ဗျာ"

ကျွန်ုပ်ကား ဘာပြန်ပြောရမည် မသိတော့။

(ခုနစ်)

"ကြည့်စမ်းပါဦး ငါ့တူကြီးဂျက်ရယ် . . ကဏီသစ္စာ ဘာညာဆိုတာ ဘယ်လိုရေးရတယ်လို့"

"ကကြီးနဲ့ တတိ ရပါတယ် ဒေါ်ဒေါ်"

"ဟဲ့ . . မင်း TV ကြီးထဲမှာက ဂတိလို့ ဆိုပါလား"

ကျွန်ုပ်ကား ဘာပြန်ပြောရမည်မသိတော့။

(ရှစ်)

"တစ်ပါးသူအပေါ် လေးစားတာများ ဘယ့်နှယ်ရေးသတုံးဗျ ဒကာ



ဂျက်"

"ဂါရဝ လို့ ရေးပါတယ်အုရား"

"အေးပါ . . ဒကာ့ TVကြီးက ဂါဝရ . . ဝါဝရနဲ့"

ကျွန်ုပ်ကား ဘာပြန်ပြောရမည် မသိတော့။

(ကိုး)

"နေပါဦးဟာ . . စားဖူးတယ် သွားဖူးတယ် နေဖူးတယ် ထိုင်ဖူးတယ်" ဆိုတာက ဖဦးထုပ်နဲ့ ရေးရသမို့လားကွ"

"ဟုတ်တယ်လေ ဘာထွေးရယ်"

"အင်း . . မင်း TVမှာက ဘ တုန်းတွေချည်းပဲလကွာ"

ကျွန်ုပ်ကား ဘာပြန်ပြောရမည်မသိတော့

(တစ်ဆယ်)

"မလုပ်ဘဲ မကိုင်ဘဲ မစားဘဲ မသောက်ဘဲဆိုတာမျိုးကို ဘကုန်းနဲ့ပဲ ရေးရမှတ်တယ်နော် ဆရာကြီးဂျက်"

"ဆရာဂျက်က ဟုတ်ပါ့လုပ်နေ . . TVမှာ ပစောက်တွေနဲ့ချည်းမလုပ်ပဲ မကိုင်ပဲ ဆိုတာမျိုးရေးနေကြာလှပေါ့"

"ဟုတ်ပါ့ ကျောင်းဆရာရယ် ဟုတ်ပါ့"

ကျွန်ုပ်ကား ဘာပြန်ပြောရမည် မသိတော့။



www.burmeseclassic.com


www.burmeseclassic.com



(တစ်ဆယ့်တစ်)

မြဝတီရုပ်မြင်သံကြားတွင် တရုပ်ကားတွေကို မြန်မာစာတန်းထိုးကာ ပြသည့်နေ့မှစ၍ စာလုံးပေါင်းများနှင့် ပတ်သတ်ပြီး ဂျက်ကို လာလာမေးကြ တိုင်း ရှိရှိသမျှ သတ်ပုံအကိုးအကားများဖြင့် ဖြေရှင်းခဲ့ရသည်မှာ ကာလ ပင် အတန်ကြာခဲ့ပါပြီ။ ဒါကြောင့် ဂျက်မောသည်။ ဂျက် ပန်းသည်။ ဂျက် နွမ်းသည်။ ဂျက် နယ်သည်။ ဒါ့ကြောင့်လည်း မတက်သာသဲည့်အဆုံး၌ အိမ်ရှိလူကုန်ကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း တစ်အုပ်စီ လက်ဆောင် ဝယ်ပေးထားလိုက်ပါသည်။ TVကြည့်လျှင် စာအုပ်ကိုင်ကြည့်။ ဂျက်ကို လာမမေးနှင့်။ ဒါက ဂျက်တို့ တစ်အိမ်ထောင်တိစ္စ။ သို့သော်. . အနို့သော် လည်းပေါ့။ အခြားအခြားသော မိသားစုတွေကတော့ ဘယ့်နှယ်ဘယ့်နှယ် များ ဖြေရှင်းနေကြသည်မသိ။ အင်းလေ. . ဂျက်ကတော့ တရုတ်ကား ကြည့်လျှင် မြန်မာသတ်ပုံကျမ်း ကိုင်ကြည့်ဟူ၍သာ အကြံပေးတတ်ပါလေ သည် အဆွေတို့။

သတင်းစုံဂျာနယ်၊ အမှတ် (၃၆)



ဒုက္ခတစ်ဝက်ဖြစ်သူများထံ ရောက်သွားခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဂျက် ဒုက္ခတစ်ဝက်ဖြစ်သူများထံ ရောက်သွားခြင်း

(တစ်)

ကမ္ဘာကျော် ဒဿနပညာရှင်ကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ချေပေးသော ဆော့ခရတ္တိဟူသည့် ပုဂ္ဂိုလ်ကျော်က မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း စိစစ်သုံးသပ်ခြင်းမရှိပါက အနှီး ထိုသူသည် လူဖြစ်ရကျိုးမနပ်ဟု ဆိုမိန့်ခဲ့ဖူးပါလေ၏။ ယင်းစကားအတိုင်းသာ ဆိုရချေသော် ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းသည် အတော့်ကိုပင်လျှင် လူဖြစ်ကျိုး နပ်ရရှာပေသော ဆရာကြီးကလေးဖြစ်ပေသည်။ မှန်ပါသည်။ ကျွန်ုပ်သည်ကား စက္ကန့်နှင့် အမျှ ကိုယ့်နဖူးပေါ် ကိုယ်လက်တင်ပြီးသကာလ အမြဲတမ်း စိစစ်သုံးသပ်နေသူတစ်ဦးပင် ဖြစ်ချေသည်တစ်မူ။

(နှစ်)

ကျွန်ုပ်အနေနှင့် ကျွန်ုပ်၏ဘဝကို ပြန်လည်စိစစ် သုံးသပ်ကြည့်မိသောအခါ ကျွန်ုပ်သည် အတိတ်ဘဝက ကင်းခြေများနှင့် ပိုးနားသန်ကောင်တို့ကဲ့များ စပ်ကျလာခဲ့လေသလား မပြောတတ်ပေ။ မြန်မာပြည်အနှံ့ ခြေဆန့်လှုပ်ရှား အတော့်ကို ခြေများလှပေသူ ဆရာကြီးကလေးပင် ဖြစ်ပါ၏။

ဟိုရွာမှာ စပ်စပ်၊ သည်မြို့မှာ စပ်စပ်နှင့်။ ထိုအချိန် ခြေများသူ ဆရာကြီး ဂျက်ကွမ်းခြံတုန်းကလေးသည် တစ်ခါတွင်ကား ခရိုင်မြို့ကြီးတစ်မြို့ဆီသို့ ခေတ္တ အနားယူရန်အလို့ငှာ ရောက်ရှိ၍သွားခဲ့ပါသည်။ သည်တော့လည်း အများသိတော်မူကြသည့်အတိုင်းဟုပဲ ဆိုပါတော့။ ချစ်မွေးပါသူ ကျွန်ုပ် ဆရာကြီးဂျက်ကို ကျွန်ုပ်တည်းခိုနေထိုင်ရာ လမ်းထဲမှ အိမ်ပေါက်စေ့က မပြန်ပါနှင့်ဦး မပြန်ပါနှင့်ဦးနှင့် တားလိုက်ကြသည်မှာ တော်တော်နှင့် ဂျက် မပြန်ဖြစ်တော့ချေ။

ဤတွင်ပင်လျှင် ထိုဒေသ၌ ဂျက်အနားယူခဲ့စဉ်ကာလများအတွင်း တွေ့ကြုံခဲ့ရသည်များကို ပြန်လည်ဖောက်သည်ချရန်အလို့ငှာ အကြောင်း ဖန်လာခြင်းဖြစ်ဘိ၏ ပေသည်တကား။

(သုံး)

ဂျက် အနားယူနေထိုင်စဉ်ကာလများအတွင်းမှ တစ်နေ့သ၌တွင်ပင် လျှင် ဖြစ်ဘိပါချေ၏။ ကျွန်ုပ် ဆရာကြီးဂျက်ကို လေးစားလှပါသည်ဆိုသော စာအုပ်ဆိုင်ကလေးမှနေ၍ ကျွန်ုပ်အားထမင်းစားကြွရောက်လာပါရန် အလို့ငှာ ဖိတ်ကြားသမှု ပြုလာခဲ့ပြန်ပေရာ ကျွန်ုပ်လည်း မငြင်းသာဘဲသွား ရောက်ဖြစ်ခဲ့ပါ၏။

ထိုနေ့က ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းသည် ပထမထမင်းလုတ် ကို စ၍စားလျှင်စားခြင်းမှာပင်လျှင် အနည်းငယ်တွန့်ခနဲဖြစ်သွားခဲ့ရ ပါသည်။ သို့နှင့် အတူစားနေသူ အိမ်ရှင်ယောကျ်ား၏မျက်နှာကို လှမ်းကြည့် လိုက်ရာ သူသည်လည်း မျက်နှာကွက်ခနဲပျက်သွားသည်ကို သတိပြုလိုက်



၏။

"ဟော့ . . ထမင်း ဘယ်သူချက်တာလဲကွ"

"ကျုပ် တော်ရှေ့ . ကျုပ်"

အတူစားနေသူ အိမ်ရှင်ယောကျ်ားနှင့် အတွင်းခန်းမှ မိန်းမဖြစ်သူတို့၏ အပြန်အလှန် စကားသံများကို နားထောင်ကာ ကျွန်ုပ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိပါ၏။ အင်း . . မျိုမကျအောင်များ လုပ်ကြဦးမလား မသိ။

"ထမင်းက မနပ်ပါလားကွ . . မြုံ့စိစိနဲ့၊ မင်းတို့ဟာက ဘယ့်နှယ့်လုပ် ထားတုံး"

"ဘယ့်နှယ်မှ မလုပ်ဘူး . . ချက်ရိုးချက်စဉ် ချက်တာပဲ။ တော့်မီးက ထမင်းအိုးငှဲ့ပြီးလို့ နှပ်မယ်လည်း လုပ်ရော . . ပျက်တာလေ . . ကျုပ်က ဘာတတ်နိုင်မှာလဲ ပြောပါဦး"

"ကဲပါဗျာ . . တော်ကြပါ . . စားလို့ဖြစ်ပါတယ်"

ကျွန်ုပ်က ထ,တောက်လုတောက်ဆဲ မီးကလေးကို အသို့နှယ်ပင် ငြိမ်းသတ်လိုက်ခဲ့ရချေပေသည် တစ်မှု။

(လေး)

ထိုခရိုင်မြို့ကြီး၌ ကျွန်ုပ်ရှိနေစဉ်ကာလအတွင်း ကျွန်ုပ်အား ဖိတ်မန္တက ပြုလာပြန်ချေသည်မှာကား ကျောင်းဆရာကလေးတစ်ဦး၏အိမ်မှာပင် ဖြစ်ဘိသည်။ သူကမူ နံနက်ခင်း လက်ဖက်ရည်ကြမ်းဝိုင်းကလေးနှင့် တည် ခင်းရန် စီစဉ်လာသူဖြစ်ပါ၏။ ကောင်းပါသည်။ မစားရတာ အတော်ကြာပြီ ဖြစ်သော မြန်မာ့မိရိုးဖလာ ကောက်ညှင်းမုန့်၊ ဆန်မုန့်ကလေးများကို ကျွန်ုပ်

www.burmeseclassic.com



ကလည်း အာသာဆန္ဒရှိနေသူဖြစ်ပါ၏။

ပြောရလျှင် ထိုနေ့မနက်က မုန့်ဆီကြော်၊ မုန့်စိမ်းပေါင်း၊ ရေမုန့်၊ မုန့်လုံးရေပေါ်၊ ကောက်ညှင်းထုပ်၊ မုန့်လုံးကြီး စသည့် ခဲဖွယ်ချိုချဉ်ကလေးများဖြင့် တည်ခင်းပြင်ဆင်ထားသည်မှာ သွားရည်ကျဖွယ်ဖြစ်ပါသည်။ သို့သော်. . ။ ကျွန်ုပ်နှင့် ကျောင်းဆရာကလေးတို့ နှစ်ယောက်သား ရေနွေးကြမ်းခွက်တွေကို ကိုယ်စီကိုင်၍ မော့ချလိုက်မိသောအခါတွင်ကား နှစ်ဦးသားစလုံး၏ မျက်နှာများမှာ ရှုံ့တွန့်၍သွားပါတော့သည်။ ဆရာကလေးကား ဇနီးသည်ဘက်သို့ လှည့်ချေပြီတည့်။

"ခင်ရေ. . ခင့် ရေနွေးကြမ်းက တောင်းတောင်းမဆူဘူးလို့ ကိုယ်ယူဆ ချင်တယ်ကွာ"

"ကောင်းကောင်းမဆူတာ မဟုတ်ဘူး မောင်. . ဆူကို မဆူတာ"

"ခင်ကကွာ. . ဆရာကြီးဂျက် ရောက်တုန်းရောက်ခိုက်၊ ရေနွေးဆိုတာ ပွက်ပွက်ဆူမှ သောက်ကောင်းတာကွ"

"ဩော်. . ဒါကတော့ ခင်လည်း သိသပေါ့ရှင်။ ဆူလုဆူခင်ကြီးမှာ မီးက ပျက်သွားတော့ ဘာတတ်နိုင်မှာလဲလို့"

"ကဲပါ. . ကဲပါ. . သောက်လို့ဖြစ်ပါတယ်ဗျာ. . တော်ကြပါ"

ကျွန်ုပ်ကပင်လျှင် တောက်လုတောတ်ခင် မီးကလေးကို ဟန့်တား တန့်ထားခဲ့ရချေသည်တည့်။

(၄း)

ကျွန်ုပ်အားဖိတ်ကြားသမှုပြုခဲ့ပေသည့် နောက်ထပ်ပုဂ္ဂိုလ်တစ်ယောက်



မှာကား ပွဲရုံပိုင်ရှင်တစ်ယောက်ပင် ဖြစ်ပါသည်။ သူကတော့ ပဲအမျိုးမျိုးဝယ်လိုက် ရောင်းလိုက်နှင့် ကြီးပွားနေသူ။ သူက ကျွန်ုပ်ကို ဘီယာလေးဘာလေးသောက်ရန်အလို့ငှာ ညနေခင်းတစ်ခုတွင် ချိန်းဆိုခဲ့ပေသည်။

ထိုညနေက ကျွန်ုပ် သူ့အိမ်သို့ ရောက်ရှိသွားခဲ့ပြီး သူ၏ဘားခန်းကလေးထဲ၌ သောက်ရန် စားရန် ဟန်ပြင်ခိုက်မှာပင် ကျွန်ုပ်အဖို့ ကံခေသော ညနေခင်းတစ်ခုဖြစ်ကြောင်း ရိပ်မိလိုက်ခဲ့ရပေသည်။

"ဟော့. . အမကြီးရေ. . လာစမ်းပါဦးကွ"

မိတ်ဆွေက စားပွဲပေါ်တွင်တင်ထားသော ဘီယာပုလင်းများအနက် တစ်လုံးကို ကိုင်ကြည့်ရင်း မျက်နှာကြီးရှုံ့တွလျက် ခေါင်းကို ဘယ်ညာယမ်းခါလိုက်ကာ သူ၏ ခေတ်မီဇနီးသည်ကို လှမ်းခေါ်လိုက်ပေသည်။

"မင့် ဘီယာပုလင်းတွေက တစ်ဝက်အေး တစ်ဝက်ပူကြီးတွေကွာ. . သေချာမစိမ်ထားဘူးနဲ့တူတယ်. . အတန်တန်မှာထားခဲ့သားနဲ့. . တောက်. ."

မိတ်ဆွေက တက်တစ်ချက်ခေါက်လိုက်သည်နှင့် သူ၏ဇနီးသည်ကလည်း ခါးတစ်တွက်ထောက်ပစ်လိုက်လေသည်။

"ရှင်စကားကို ဆင်ခြင်ပြောရင် ကောင်းမယ်။ ဒီမယ် ရှင့်ကျေးဇူးရှင်မီးက အချိန်ပြည့် လာနေလို့လား။ လာလိုက် မလာလိုက်. . လာလိုက်လာလိုက်. . စိမ်ရင်းတန်းလန်း မီးပျက်သွားတာ. . ရှင့်ဘီယာပုလင်းက အေးနိုင်ပါတော့မလား. . အေးတဲ့အထိ မော့သောက်၊ ပူတဲ့တစ်ဝက်သွန်ပစ်. . ဒါပဲရှိတယ်။ ကျွန်မမှာလည်း ကိုယ့်ဒုက္ခနဲ့ ကိုယ်. . ဒီမယ် သေတယ်မှို့လား"

ဩော်. . ဟုတ်ပါရဲ့။ တွေ့တယ်မို့လားဟု ဆိုပါမှ ကျွန်ုပ်က သူမကို



www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိလိုက်သည်။ သူ့ခမျာ ခေါင်းလျှော်ထားရှာသည်ထင့်။ ခေါင်းလျှော်ပြီးသည့်နောက်တွင်လည်း Hair dryerဖြင့် ခေါင်းကို အခြောက်ခံသည့်ထင့်။ ခေါင်းကို အခြောက်ခံနေတုန်းမှာလည်း လျှပ်စစ်မီးက ပျက်သွားသည်ထင့်။ ဆံပင်တစ်ဝက်စို တစ်ဝက်ခြောက်ကြီးနှင့်။

"ရပါတယ်ဗျာ . . . အေးတစ်ဝက် ပူတစ်ဝက်ပဲ သောက်ကြတာပေါ့"

ဂျက်ကပင်လျှင် အနှီမီးတောက်ကို ငြိမ်းရပေချေသည်။

## (ခြောက်)

ဂျက်ပြန်သောမနက်ကမူ မိတ်ဆွေတချို့တို့က ဂျက်ကို ကားဂိတ်မှာ လာရောက်နှုတ်ဆက်ချေ၏။ မိတ်ဆွေတိုင်းလိုလိုကလည်း ဂျက်ကိုကြည့်ကာ ပြုံးချေ၏။ အင်းလေ ပြုံးမည်ဆိုတော့လည်း ပြုံးချင့်စဖွယ်ပင် ဖြစ်ပါသည်။ ဂျက်တည်းခိုရာအိမ်မှ ချာတိတ်မကလေးက ခရီးသွားတော့မည့် ဆရာကြီးဂျက် စမတ်ကျကျ ဝတ်စားသွားနိုင်ရန်အတွက် ရှပ်အင်္ကျီအဖြူဆွတ်ဆွတ်ကို မီးပူတိုက်၍ ပေးပါသည်။ သို့သော် အံ့နှိုးသော်လည်းလေကံ့ကံ့ငယ်ခေလွန်းလှသူမို့ အင်္ကျီတစ်ခြမ်းကိုသာ မီးပူတိုက်၍ ပြီးသေးလျှပ်စစ်မီးက ပျက်သွားခဲ့ပေသည်။ သည်တော့လည်း ဂျက်အင်္ကျီမှာ တစ်ဝက်ကြေ တစ်ဝက်စန့် တစ်ဝက်တွန့် တစ်ဝက်ချောကြီးနှင့်။ မတတ်နိုင်။ ရယ်လိုလည်း ရယ်ကြ၊ ဝတ်ရလေသည်သာ။

ဩော် . . . ထမင်းတစ်ဝက်ကျက်ရာဒေသ၊ ရေနွေးတစ်ဝက်ဆူရာဒေသ၊ ဘီယာတစ်ဝက် အေးရာဒေသ၊ ဆံပင်တစ်ဝက်ခြောက်ရာဒေသ၊ ထို့ပြင် ၎င်းပြင် ယင်းပြင် ကက်ဆက်တစ်ဝက်ဖွင့်ရာဒေသ၊ ရှပ်မြင်သံကြား




တစ်ဝက်ကြည့်ရာဒေသမှနေ၍ အင်္ကျီတစ်ဝက် မီးပူတိုက်ထားသည်ကို ဝတ်ထားသော ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းမှာ ပြန်ခဲ့ရပါပေသည်။

*သတင်းစုံဂျာနယ်၊ အမှတ် (၃၇)*



www.burmeseclassic.com

www.burmeseclassic.com




လှဝင်ဘားဂျက်

www.burmeseclassic.com

## လွင်စားကျက်

### (တစ်)

ဤလောကမြေမဟီပေါ်တွင် လူဟူသော အမည်နာမတစ်လုံးနှင့်အတူ အသက်ရှင်နေထိုင်နေခွင့်ရရှိကြလေသော အသင်တို့ ကျွန်ုပ်တို့ ခင်ဗျားတို့ တစ်တွေသည် မိမိတို့ဖြတ်သန်းလှမ်းလျှောက်ခဲ့ကြရာ အတိတ်ဘဝဇာတ်လမ်းများနှင့် ပတ်သက်၍ တစ်ခါတစ်ခါများတွင် လူမသိသူမသိ ဖုံးဖိထားမိတတ်ခဲ့ကြသော်လည်း တစ်ခါတစ်ခါများကျပြန်တော့ ဆိုရေးရှိက ဆိုအပ်လှ၏ဟုပင် ဆိုရလေမည်လား၊ မပြောမပြီး မတီးမမြည်ဟုပင် ပြောရလေမည်လား၊ နဂါးမှန်းသိအောင် အမောက်ထောင်ပြသည်ဟုပင် ညွှန်းရလေမည်လား ဘဇာကြောင့်မှန်းရယ်မသိ။ ငါဟာဘာကောင်ထည်း ဟူ၍ ခွင့်အန်ထုတ်ချလိုက်မိကြတတ်ပေ၏။ ယင်းကာ ယုံမှားဖွယ်ရာမရှိချေ။

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း၏ ချစ်လှစွာသော စာဖတ်ပရိတ်သတ်ကြီးတို့ ကောင်းကောင်းကြီး မှတ်မိနေကြလိမ့်ဦးမည်ဟုပင် ထင်မြင်မိပါသည်။ ယခု အနှီစာကို ဖတ်ရှုနေသောကာလမှ အတိတ်သို့ လ အော်တော်များများပြန်သွားလိုက်ချေသည်ရှိသော TV ဖန်သားပြင်ပေါ်က ဆစ်မျိုး၊ စာနယ်ဇင်းတွေပေါ်က တစ်ဖုံ မယုံကြည်နိုင်လောက်အောင်

www.burmeseclassic.com



နောက်ကြောင်းကို လှန်သူတစ်ဦး ဂျက်တို့ သတိရမိကြလိမ့်မည် ဖြစ်ပါသည်။ သူကား စာတ်ရှင်မင်းသားတစ်ဦးပေတည်း။

အနီ့စာတ်ရှင်မင်းသားသည် နိုင်ငံကျော်ဖြစ်ပါ၏။ ဂျက်တို့ငယ်ငယ်ကတည်းက စ,ကာ ယခုထက်တိုင်လည်း သူ့သရုပ်ကိုသူ ကာကွယ်ထားနိုင်ဆဲဖြစ်ပါ၏။

နောင်သောအခါ တကယ့်သဘာဝ သရုပ်ဆောင်ချက်များဖြင့် အားလုံးကို မှော်ရုံတောမှာ မောစေခဲ့သူ ဖြစ်ပါသည်။ ဂျက်ကိုယ်တိုင်ပင် လျှင် သူ့ကားတွေကို မကြည့်ရ မနေနိုင်သူတစ်ယောက် ဖြစ်ပါပေ၏။ သူသည် မန္တဟာမင်းကြီး၏သားတော် တော်စပ်ခဲ့ဖူးကြောင်း TV ဖန်သားပြင်ပေါ်မှ စာနယ်ဇင်းတွေထဲမှ ဝန်ခံလိုက်လေသောအခါ အရပ်ထဲရှိ အချို့အချို့သော ပုဂ္ဂိုလ်များသည် မနာလို ဝန်တိုစိတ်များဖြင့် အတန်ငယ် ပွစိပွစိ ဖြစ်လိုက်ကြပေသေး၏။ နောက်တော့ အသံတွေ တိတ်ဆိတ်သွားခဲ့ကြသည်။ ဟော. . . အခုတစ်ခါကျပြန်တော့ မဂ္ဂဇင်းတစ်စောင်ထဲတွင် စာနယ်ဇင်းဆရာတစ်ယောက်က ယင်းကို ပြန်လည်အစဖော်လာပြန်ပါ၏။ အနီ့စာတ်ရှင်မင်းသားကြီးသည် မန္တဟာမင်း၏သားတော် တော်စပ်ဖူးပါကြောင်း။ အင်းလေ. . . သူတို့ဘာသာ သူတို့ ဆွေမျိုးတော်စပ်ခဲ့ကြသည့်ကိစ္စ၊ တစ်ကျပ်ဖိုးပဲတော်တော်၊ အပြားသုံးဆယ်ဖိုးပဲတော်တော် အခြားအခြားသော သူများအတွက် အနေသာကြီးဖြစ်သော်လည်း ဂျက်မှာကားပြည်တော်ချစ် စာရေးဆရာတစ်ယောက် ဖြစ်၍နေပေရာ မဆီမဆိုင် ကြားထဲမှနေ၍ ဝင်ဝင်ဆွေးနွေးနေရပြန်ပါ၏။

" ဆရာကြီးဂျက် . . . လူတွေဟာ ထိုယ့်အတိတ်ဘဝကို ကိုယ် သည်



လောက်အထိတောင် သိရလားဗျာ၊ ပုဂံခေတ်က ဘုရင်တစ်ပါးနဲ့ အမျိုးဆိုတော့"

ယင်းကား ကျွန်ုပ်၏ အနုသုခ တပည့်ကျော်ကလေး မောင်စိုးမြင့်၏ အဆုံးမသတ်လေသော စကားပေးတည်း။ ကျွန်ုပ်ကား လင်းရခြေသည် တစ်မှု။

(နှစ်)

" ဒီလိုရှိတယ် မောင်စိုးမြင့်ရဲ့ . . . သည်သံသရာမှာ ကျင်လည်ကြလေကုန်သော မောင်ရင်တို့ ကိုယ်တို့ လူသားတွေဟာ အတိတ်ဘဝဆိုတာတွေကတော့ ကိုယ်စီကိုယ်စီ ရှိကြပြီးသားတွေချည်းပါပဲ . . . ဒါကို သိသူတွေလည်း ရှိ၊ မသိသူတွေလည်း ရှိပေသပေါ့။ အဲ. . . သည်အထဲမှာမှ တချို့တွေက ကိုယ့်အတိတ်ဘဝကို ကိုယ် လှစ်ဟပြတတ်ကြပြီး . . . တချို့တွေကတော့ ဇွတ်သိုကာ ထားတတ်ကြတယ်လေ "

" အံ့စရာဗျာ . . . ဆရာကြီးဂျက်တရော အတိတ်ဘဝကို သိသူလား၊ မသိသူလား "

" အင်း. . . ပြောရကျပ်လိုက်တာ . . မောင်ရင် ဘယ့်နှယ့်ထင်တုံး မောင်စိုးမြင့်ရဲ့. . ကဲပါလေ၊ လူရင်းတွေမို့ ဖွင့်ပြောလိုက်မယ်. . ကိုယ်က အရင်ဘဝတွေတုန်းက ဆွေကြီးမျိုးကြီးတွေထဲမှာချည်းပဲ တောက်လျှောက်ဖြစ်ခဲ့တာ. . . ဒါတွေ ဘယ်သူ့ကိုမှ ထုတ်မပြောခဲ့ဖူးဘူး. . . မောင်ရင့်ကို လူရင်းတွေမို့သာ ထုတ်ပြောမှာ . . . ဟိုတလောကများဆို ကမ္ဘာ့လားကြီးလုပ်တော့ ပြင်သစ်က အီဖယ်မျှော်စင်ကြီး ရိုက်ရိုက်ပြလိုက်တာ . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာလေ ကြည့်တိုင်း မျက်ရည်ဝဲရတယ် ”

“ လုပ်ပါဦး ဆရာကြီးဂျယ်ရဲ့ ”

“ မောင်ရင်ကြားဖူးမှာပါ၊ နပိုလီယံလေ . . နပိုလီယံ . . ပြင်သစ်သူကြီးနပိုလီယံ. . . အဲဒါ ကိုယ့်ဘကြီးတော်ခဲ့ဖူးတာပေါ့။ သည်တုန်းက ကိုယ်က ဘဘကြီး နပိုလီယံရဲ့ ညီမက မွေးတာ။ ဘဘကြီးက ကိုယ့်ဆို သိပ်အလိုလိုက်ခဲ့တာကွာ။ မောင်ရင့်ကို လူရင်းတွေမို့ ပြောတာ”

“ ဪ. . . ဆရာကြီးဂျက်က ပြင်သစ်မှာ လူဖြစ်ခဲ့ဖူးသေးတာကိုး ဆက်ပါဦးဗျာ ”

“ ကိုယ် ဟိုး. . . လေးငါးလကလည်း ပုဂံ၊ ညောင်ဦးဘက် ရောက်သေးတယ်. . . ကိုယ်ကွာ ဝက်ကြီးအင်းနားကိုလည်း ရောက်ရော၊ ရင်ထဲမှာ ဆို့တက်လာရော ”

“ ဝက်ကြီးအင်းနားက ထန်းရည်ဆိုင်လေး မရှိတော့လို့လား ”

“ ပြောပြီကွာ မောင်ရင်က. . . ကိုယ်က ပုဂံခေတ်က လူစွမ်းကောင်းတစ်ဦးရဲ့ သားတော် တော်ခဲ့ဖူးတယ်ဆိုတာကို အာရုံရလာတာကွ။ ပြူစောထီးလေ ပြူစောထီး. . . အဲဒါ ကိုယ့်ခမည်းတော်ပေါ့. . . ဗူးပင်ကြီးတွေ၊ ငှက်ကြီးတွေ၊ ဝက်ကြီးတွေကို နှိမ်နင်းခဲ့တာ။ ဒါကြောင့် ထင်ရဲ့ ဝက်ကြီးအင်းနားရောက်ရင် ကိုယ့်မှာ ရင်ထဲဆို့လာရော. . . ခမည်းတော်ကို သတိပေး ထင်ပါ့ကွာ”

“ တရားနဲ့ဖြေပါ ဆရာကြီးဂျက်ရယ် . . ဆက်ပါဦး တခြားဘဝတွေ. . ”

“ အေး. . . လူရင်းမို့ မောင်ရင့်ကို ရင်ဖွင့်တာ. . . ကိုယ် တောင်ငူ



ရောက်သွားတုန်းကလည်း တပင်ရွှေထီးထန်းတောထဲလည်း ရောက်သွားရော ထလာလိုက်တဲ့ ကြက်သီးတွေဟာ . . . အဲဒါ အာရုံယူကြည့်လိုက်တော့ တပင်ရွှေထီးက ကိုယ့်ရဲ့ ဦးလေးနှစ်ဝမ်းကွဲတော်ဖူးခဲ့တာကိုးကွ. . ကိုယ်လေ တောင်ငူကို ရထားနဲ့ဖြတ်တိုင်း လေးလေးတပင်ရွှေထီးအတွက် မျက်ရည်မကျဘဲ မနေနိုင်ဘူး ”

“ ဆရာကြီးဂျက်ရော ကြေကွဲစရာတွေကို မေ့လိုက်ပါတော့. . . ဆရာဂျက်က တကယ့် ဆွေကြီးမျိုးကြီးထဲကပေပဲ ”

(သုံး)

အနီနှင့် တပည့်ကလေး မောင်စိုးမြင့်တစ်ယောက် ကျွန်ုပ်ထံမှပြန်သွားပြီး သုံးလေးရက်ခန့်အကြာတွင်တား အနီမောင်စိုးမြင့်က ကျွန်ုပ်ကို သောက်ကြီးဟူ၍ လူထုထုမှာ လိုက်ပြောနေကြောင်း သတင်းသဲ့သဲ့ ကြားလိုက်ရပါ၏၊ ဪ မောင်စိုးမြင့်. . . မောင်စိုးမြင့်။ ဆရာကြီးဂျက်၏ မျက်နှာကို မထောက်ထားတာတောင်မှ ကျွန်ုပ်၏အတိတ်ဘဝက ဆွေမျိုးများ ဖြစ်ကြသော ဘဘကြီးနပိုလီယံ၊ ခမည်းတော် ပြူစောထီး၊ လေးလေး တပင်ရွှေထီး မျက်နှာများကိုကား ထောက်ညှာသင့်လှပါသည်။ ခုတော့ သင်းလုပ်တာ၊ တစ်ကွေ့တော့ တွေ့ကြရပေဦးမည် မောင်စိုးမြင့်ငယ်လေ။

သတင်းစုံဂျာနယ်၊ အမှတ် (၄၈)



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဂျက် တိရိစ္ဆာန်လောကသို့ရောက်သွားခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဂျက် တိရစ္ဆာန်လောကသို့ ရောက်သွားခြင်း

### (တစ်)

ကြောမတင်သေးလှသော ရက်ပိုင်းကလေးများလောက်ဆီကပင်လျှင်

တိဝါခဲ့သည်။ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း တစ်ယောက်တည်း

နုပ်၏ မွေးရပ်မြေဟုလည်း ဆိုနိုင်၊ ကျွန်ုပ်၏ အသည်းပွတ်ဟု ဆိုအပ်

သော သပွတ်အူကျေးတောရွာသို့ အလည်အပတ်ဆိုသလို ရောက်ရှိ သွား

ပါခဲ့သည်။ သပွတ်အူကား ပြောင်းလဲခဲ့ပါချေပြီတည်း။

TVတိုင်တွေ ထိုးထိုးထောင်ထောင်ဖြစ်နေတာ၊ သည်ကနေ့ ရန်ကုန်

တော်မှာ စတင်ဖြန့်ချိသည့် ဗွီဒီယိုကားသည် သည်ကနေ့ သပွတ်အူရွာ

ယ်ကရုံမှာ ပြသနေတာ၊ ၃၃-လမ်းမှာ သည်ကနေ့ ထုတ်ဝေလိုက်သည့်

တ်အုပ်သည် ကနေ့ပင် သပွတ်အူအငှားဆိုင်ကလေးများသို့ ရောက်ရှိ

တာ စသည်. . စသည်ဖြင့် ကူးစက်မှု မြန်ဆန်ပုံအပေါင်း စာလုံးပေါင်း

သော် ကုန်ဆုံးသွားနိုင်ဖွယ်ရာ မရှိပေ။ ယင်းတွင် သပွတ်အူသားတို့၏

တ်မှု စားမှု ပြောင်းလဲသွားခြင်းသည်လည်း တစ်ခုအပါအဝင်ပေတည်း။

မှန်ပါသည်။ ဂျက်တို့၏ သပွတ်အူသူ သပွတ်အူသားတို့သည် ရှေးက

ယ်တိုက်ပုံကြီးတွေ မဝတ်ကြတော့၊ တောင်ရှည်ပုဆိုးကြီးတွေ မဝတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့။ လူမွဲ၊ လူကြွယ်၊ လူငယ်၊ လူကြီး၊ လူထီး၊ လူမ အားလုံးသည် တီရှပ် (T-Shirt) ကိုယ်စီကိုယ်ငှနှင့်သာတည်း။

ဪ . . . ကျွန်ုပ် ယခုတင်ပြလိုသည့် အနီဇာတ်တွင် (T-Shirt) များကအဓိကအခန်းကဏ္ဍ ဖြစ်ကြပေသည်တည့်။

(နှစ်)

သပွတ်အူကျေးရွာတွင် ဂျက်ရောက်တုန်းရောက်ခိုက် ဦးစွာမဆွ တွန့်ခနဲ ဖြစ်ခဲ့ရသည့် T-Shirt မှာကား ဘကြီးအေးဆွေ၏ T-Shirt ပေတည့်။ ဘကြီးအေးဆွေသည် အသက် (၆၀) နီးလာပြီဖြစ်သည့်တိုင် လူပျိုကြီးဖြစ်ပြီး မိန်းမကိစ္စ ကင်းကင်းရှင်းရှင်းနှင့် ဘုရားသွားကျောင်းတက် မပျက်ခဲ့သူဖြစ်ပါ၏။ ထိုနေ့ကလည်း ဘကြီးအေးဆွေသည် ရွာဦးကျောင်းမှ ပြန်လာခဲ့သည်ထင့်။ လက်ထဲမှာ ပုတီးကြီးနှင့်။ T-Shirt တစ်ထည်ကို ပေါ့ပေါ့ပါးပါးဝတ်လို့။ သို့သော် အနီသော်လည်းပေါ့လေ။ သူ့ T-Shirt ရင်ဘတ်မှာကြည့်ပါဦး။

စက်ဝိုင်းတစ်ခုမှာက မြားနှင့်။ စက်ဝိုင်းတစ်ခုမှာက အပေါင်းလက္ခဏာနှင့်။ ဖိုနှင့်မ သင်္ကေတ။ အောက်တွင်ရေးထားသော စာတန်းက No Problem တဲ့ ပြဿနာမရှိပါဘူး ဆိုလား။ ကျွန်ုပ်မှာ ဘကြီးအေးဆွေနား အသာကပ်ကာ တိုးတိုးတိတ်တိတ် ရှင်းပြခဲ့ရပေသည်။

(သုံး)

ဒုတိယမြို့ ဆရာကြီးဂျက် တွန့်ခဲ့ဘိသော T-Shirt ကမူ မိပေါက်တူ



[…]သည့် ကောင်မလေး ဝတ်ထားသော T-Shirt ဖြစ်ပါသည်။ ဒေါ်ကြီးမလုံး[…]၏သမီး လုံးကြီးပေါက်လှနှင့် မိပေါက်ဆိုသောသူငယ်မ။ ဝတ်ထား[…]ကမူ လိုက်ဖက်လှပါ၏။ ဒါပေသည့်ပေါ့လေ။ သူ့ T-Shirt ရင်ဘတ်မှာ[…]ထားသည်က I am Ready တဲ့။ **အဆင်သင့်ပါပဲ** တဲ့။ ဒါကြီးဝတ်ပြီး[…]တိုးပေါက် လျှောက်လို့။ ကျွန်ုပ်မှာ သူ့အမေကိုခေါ်ပြီး အသာအယာ[…]ပြခဲ့ရပြန်ချေသည်။

(လေး)

ယင်းမှတစ်ဖန် ကျွန်ုပ်ကို တွန့်သွားစေပြန်သောသူတား ဦးလေးကို[…]တွာ၏တူမ ပပဟူသော မိန်းကလေးပေတည်း။ မိဘနှစ်ပါး ဆုံးပါး[…]ာတည်းက ဦးလေးတွေ၊ အဒေါ်တွေနှင့် နေခဲ့ရသူ။ သူကလည်း[…]ခန်းထဲမှာ ကိုယ်ဟန်ပြရင်း T-Shirt နှင့်။ T-Shirt ပေါ်မှာတ Kiss Quick တဲ့။ ငါ့တို့အမြန်နမ်းဆိုလား။ ဂျက်ကား ကျောချမ်းမိချေသည်။

(ငါး)

သပွတ်အူကျေးရွာရောက် ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းကို[…]လက်ဖျားတွေ အေးပြီး ခေါင်းနားပန်းကြီးသွားသည်အထိ ဖြစ်သွား[…]သာ T-Shirt မှာကား ဆယ်ကျော်သက်အရွယ် မိန်းမငယ်တစ်ယောက်[…]ကိုယ်ပေါ်မှ T-Shirt ပေတည်း။ အနီ မိန်းမပျိုမှာ ဂျတ်နှင့် မရင်းနှီးလှ[…]ဘ် နောင်မှသိရသည်မှာကား ယင်းသည် ဂျတ်၏ ငယ်ပေါင်း[…]ညို၏ သမီးချောသမီးလှ ဖြစ်သည်ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူမသည် သပွတ်အူရွာလယ်မှ မုန့်ဟင်းခါးဆိုင်တွင် ထိုင်၍ နေပါ၏။ သူမ၏ T-shirt အနက်ရောင်ဖြစ်ပြီး ယင်းအပေါ်တွင် အင်္ဂလိပ်စာလုံး အဖြူရောင်ဖြင့် ရိုက်နှိပ်၍ ထား၏။ နောက်ကျောဘက်တွင် မြားတစ်စင်းသည် ပခုံးစွန်းမှနေ၍ ကန့်လန့်ဖြတ် ဆင်းသွားပြီး သူမ၏ တင်ပါးအပေါ်လောက်တွင် မြားဦး ဆုံးသွား၏။ မြားပေါ်မှာ ရိုက်ထားသည့် စာက Hold it တဲ့။ ရှေ့ဘက်တွင် လည်း ဤအတိုင်းပင် ဖြစ်ဘိပါသည်။ သို့သော် မြားက ပြောင်းပြန်။ ခါး လောက်ဆီမှ ကန့်လန့်ဖြတ်တက်လာပြီး ရင်ညွန့်လောက်ဆီမှာ မြားဦး ဆုံး သွား၏။ စာကတော့ Hold it ဒါတိုက်တိုက် တဲ့။ အိုကွယ်. . . ဘယ့်နှာကြီးပါလိမ့်။ ဂျက်မှာ သူ့အမေနှင့် တွေ့ရသေး ချေသည်။

(ခြောက်)

ဩော်. . . သပွတ်အူ . . . သပွတ်အူ။

ခေတ်နှင့်အညီ ဝင်ရောက်လာလေသော T-Shirt ကလေးတွေနှင့် ပေါ့ပေါ့ပါးပါးဝတ်ကာ စားကာ သွားကာ လာကာ နေကြသည်မှာ ကြည့် ကောင်းလှပါသည်။ ဆရာကြီးဂျက်က T-Shirt ကို မဆန့်ကျင်ပါ။ ယင်းသည် သည့်တိုင်ပေါ့လေ. . . T-Shirt ပေါ်မှာ ရိုက်ထားသည့် စာတွေ၏ အဓိပ္ပါယ်ကိုတော့ သိစေချင်ပါ၏။ မသိလျှင်လည်း မေးစမ်းကြည့်စေချင် ပါ၏။ သိတော့မှ အဲဒီ T-Shirt ကို ဝတ်မည်၊ မဝတ်မည်က မိမိ၏တို့ ခုတော့ကြည့်. . .။

ဖိုမလိင်သင်္ကေတများ၏အောက်မှာ No Problem တဲ့။ ပြဿနာ [illegible]



ဘူးဆိုလား။ I am Ready တဲ့။ အဆင်သင့်ပါဆိုလား။ Kiss me Quick တဲ့ ငါ့ကို အမြန်နမ်းဆိုလား။ Hold it တဲ့။ ဒါကိုကိုင်တဲ့။ နောက်ရှိသေး သည် It's dangerous တဲ့။ အန္တရာယ်ရှိသည်ဆိုလား။ 'Let's go to the Devil တဲ့။ ငရဲကို သွားစို့ဆိုလား။ I am sexy တဲ့။ ကိုယ်ငရွတဲ့။ ဩော်. . . သည်အဓိပ္ပါယ်တွေကိုများ သပွတ်အူသားတွေ သိကြလျှင် မျက်နှာဘယ့် နယ်ထားကြလေမည်မသိ။ လူထဲသူထဲသွားလို့မှ မသင့်တော်။ ခုတော့ T-Shirt ကလေးလှ ကောက်စွပ် ကောက်စွပ်နှင့်။

ခက်. . . ခက်လှပါချေလား ဟရို့။


သတင်းစုံဂျာနယ်၊ အမှတ် (၄၉)



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးကျက် ဟဲ့-ဝလုပ်တုတ်တ,မိခြင်း




www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဂျက် ဖဲ့ပလုတ်တုတ်တမိခြင်း

(တစ်)

ယခု ကျွန်ုပ်၏ အနှီသရော်စာကို ဖတ်ရှုနေကြလေကုန်သော အဆွေတော်ရှုသူ။ သင်တို့အနေနှင့်ကား မည်သို့မည်ပုံ သဘောထားရှိကြလေသည် မသိတတ်။ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း တစ်ဦးတည်း၏ အဖို့ရာမှာမူကား ကျွန်ုပ်သည် ကလေးများကို ချစ်တတ်သူပေတည်း။ မှန်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ မီးရှူးတန်ဆောင်ဖြစ်သော သွားလေသူ သမ္မတကြီး ဟိုချီမင်းနှင့် စိတ်နေစိတ်ထားချင်း ဆင်တူလှပါပေသည်ဟု အများက မှတ်ချက်ပေးလောက်အောင်ပင်လျှင် ကျွန်ုပ် ကလေးချစ်တတ်သော သူတစ်ယောက်ဖြစ်ပါဘိသည်။

(နှစ်)

အနှီကြောင့်ပေလားမသိ။ ကျွန်ုပ်၏အိမ်တွင် သားတွေ သမီးတွေကအစ၊ တူတွေ၊ တူမတွေက အလယ်၊ သင်းတို့၏ အပေါင်းအသင်းတွေကအဆုံး ကလေးတရုန်းရုန်း ခွေးတလုံးလုံးနှင့်သာလျှင် ရှိတတ်ပေ၏။ သြော်. . . ကျွန်ုပ်၏အိမ်သည် ကလေးများအဖို့ စာကြည့်တိုက်သဖွယ်

www.burmeseclassic.com



လည်း ဖြစ်၍ နေပါတော့သည်။

ကျွန်ုပ်၏အိမ်တွင် မူလလက်ဟောင်း နှပ်ချေးတွဲလောင်း စာပေများ ဖြစ်ကြသည့် ရွှေသွေးတွေရော၊ တေဇတွေရော၊ မိုးသောက်ပန်းတွေရော သာမထ ယခုလက်သစ် ဘုစုခရုစာပေများဖြစ်ကြသည့် ပုတ္တူတူးလေးတွေ လည်း ရှိပါ၏။ ရတနာပန်းခင်းတွေလည်း ရှိပါ၏။ ကလေးသုတတွေလည်း ရှိပါ၏။ ကလေးဂျာနယ်တွေလည်း ရှိပါ၏။ ပလုတ်တုတ်တွေလည်း ရှိပါ ၏။ ကျွန်ုပ်သည် အနှီအနှီသော ဘုတ်အုပ်ကလေးများကို ကလေးများ အတွက် ဝယ်ပေးထားသည်မှန်သော်လည်း ရံခါ,ရံခါတွင်ကား မိမိကိုယ် တိုင်ကလည်း ကောက်ကောက်ကိုင်မိတတ်ချေပေသည်။ အနှီကြောင့် သာဓ ပေါ့။ ဟိုတလောလေးလောက်တုန်းကဆီမှာဖြင့် "ပလုတ်တုတ်" ဟူသော စာအုပ်ကလေးတစ်အုပ်ကို ကောက်ကိုင်မိခဲ့လိုက်ရာမှ ဟဲ့. . . ပလုတ် တုတ်ဟူ၍ မြည်တမ်းခြင်းအမှုကို ပြုဖြစ်လိုက်ခဲ့ပါပေသည်။

(သုံး)

ကျွန်ုပ်အနေနှင့်အနှီ ဟဲ့. . . ပလုတ်တုတ်ဟူ၍ တ,ခဲ့မိခြင်းအကြောင်း ကို စကားမဆက်မီ နည်းနည်းကလေး ဆက်နွယ်နေသည်ဟု ယူဆမိသော ကြောင့် အတိတ်ကို ခေတ္တပြန်သွားလိုက်ချင်ပါသည်။ လွန်လေပြီးသော အနှစ် ၂၀-၂၅ ဝန်းကျင်ကာလများလောက်တုန်းဆီကပင်လျှင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သော ထင်ရှားကျော်ကြားသည့် မဂ္ဂဇင်းကြီး တစ်စောင်တွင် ဖြစ်ပါ၏။ အနှီမဂ္ဂဇင်းကြီးသည် သူ၏ ရှေ့ပိုင်းစာမျက်နှာ များမှ တစ်နေရာတွင် ရှေးစာဆိုတော်ကြီးများ၏ လက်ရာများထဲမှ ရာသီ ဘွဲ့ ကဗျာတစ်ပုဒ်ကို လတိုင်း လတိုင်း ဖော်ပြလေ့ရှိခဲ့ပါသည်။



တစ်ခါတွင် မဂ္ဂဇင်း၏ ထုတ်ဝေသူလည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သော ပုဂ္ဂိုလ်က သူ၏တိုက်သို့ လပိုင်းအတွင်းကမှ အလုပ်ဝင်လာသော အမှုဆောင်ပုဂ္ဂိုလ်ကို စာရေးဆရာများ စာအုပ်နှင့် စာမူခလာထုတ်ယူဖို့ရာ လက်ကျန် ရှိ, မရှိ မေးမြန်းပါသည်။ ၎င်းတွင် မျက် မှန်ကြီးတကားကားနှင့် တိုက်ပုံကြီး တဖားဖားနှင့် အမှုဆောင်ပုဂ္ဂိုလ်က. . .

" ကုန်သလောက်ပါပဲဆရာ။ စာအုပ်ရော၊ စာမူခရော ထုတ်ပေးပြီးပါ ပြီ။ အဲ. . . နှစ်ယောက်တော့ ကျန်တယ်ဗျ။ ဟိုလတုန်းက တစ်ယောက်၊ ခုလ တစ်ယောက် "

" ဘယ်သူတွေများလဲဟ . . ရန်ကုန်ကလား။ နယ်ကလား. . . "

" မသိဘူးဆရာ။ အဲ. . . အရင်လက လာမထုတ်တာက ဆီသည်ရွာ စား ဦးအောင်ကြီးတဲ့။ နောက် . . . ခုလ လာမထုတ်တာက ဦးယာတဲ့။ ငွေရော စာအုပ်ရော လာမယူကြတာ။ ကျွန်တော်လည်း နေ့တိုင်းမျှော် နေတာ. . . "

အနှီမှာတွင်ပင်လျှင် မဂ္ဂဇင်းတစ်တိုက်လုံး ဝေါခနဲ ပွဲကျသွားကြပါ တော့သည်။ အမှုဆောင် သကောင့်သားကမူ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ဟိုလှူကြည့်လိုက်၊ သည်လှူကြည့်လိုက်။ ဘာကြောင့်ရယ်နေ တြမှန်းလည်း မသိ။ မျှော်၊ မျှော်။ ကုန်းဘောင်မင်းတရားကြီးများ လက်ထက်က စာဆိုတော်ကြီးမှူးကို မျှော်။ လာပါလိမ့်မယ်။ ဟအုပ်ထုတ် ဦး စာမူခယူဖို့။

ဂျက် လွန်လိုသည့်အတိတ်ကို လွန်ပြီးခဲ့ပြီဖြစ်ချေသောကြောင့် မူလ ဒတ်သွားဖြစ်သော ဟဲ့ပလုတ်တုတ် တ,ခဲ့မိခြင်းအကြောင်းသို့ စကားကို

www.burmeseclassic.com



ပြန်၍ ဦးတည်လိုပါသည်။

မှန်ပါသည်။ ကျွန်ုပ် ဆရာကြီးဂျက်သည် အခါတစ်ပါးတွင် ပလုပ်တုတ်ကလေးဂျာနယ်တစ်စောင်ကို လှန်လှောလျက် ရှိပါသည်။ သို့လှန်လှောနေရာမှ တစ်နေရာအရောက်တွင် မျက်လုံးပြူးဖွယ် ကြော်ငြာတစ်ခုကို သွားတွေ့လိုက်ရပါသည်။ ကြော်ငြာထဲတွင် ဖော်ပြထားသည်က စာမူရှင် အချို့တို့သည် ယခုထက်တိုင် စာမူခများ လာမထုတ်ယူကြကြောင်း၊ သို့ကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အမြန်လာယူကြစေလိုကြောင်း စသည်. . စသည်ဖြင့် ဖြစ်ပါသည်။ စာမူခနှင့် စာအုပ်လာမယူကြသေးသူများထဲတွင် ပါဝင်သူတစ်ယောက်မှာကား. . .

**ဒေါက်တာမောင်ဖြူး** တဲ့။

ဩော်. . . . ဒေါက်တာမောင်ဖြူးက ခုထိ စာမူခ လာမယူသေးဘူးတဲ့။ ဖြစ်ဖြစ်ရလေကွယ်တို့။ မစ္စတာတန်ဂွမ်လျောင်ခေါ် ဒေါက်တာမောင်ဖြူး၊ ဂျက်တို့ကို တဂိုးနဲ့ မိတ်ဆက်ပေးခဲ့သူ ဒေါက်တာမောင်ဖြူး၊ **"ဝါပီကလေးပုတုတု၊ သူ့စကားက ဝုဝုဝု"** တို့၊ **"ဖိုးသာထူး ဖိုးသာထူး အလွန်ဝတဲ့ ဖိုးသာထူး"** တို့၊ **"မောင်ရေခဲ"** တို့ **"မရွှေဖဲ"** တို့နဲ့ ဂျက်တို့ကို ရှင်မြူးစေခဲ့သူ ဒေါက်တာမောင်ဖြူး။ ထိုဆရာကြီး ဒေါက်တာမောင်ဖြူးသည် ၉-၁၀-၁၉၇၀ ကပင် အနိစ္စရောက်ပြီးခဲ့ပါပြီ။

သို့ဖြစ်ရာ ဆရာကြီး ဒေါက်တာမောင်ဖြူး စာမူခလာထုတ်ပါရန် နှိုးဆော်ထားသည့် ပလုပ်တုတ်ဂျာနယ်ကို ဖတ်ကာ ကျွန်ုပ်ဆရာကြီးဂျက်မှာဖြင့်. . . ပလုပ်တုတ် တ,ခဲ့မိပါကြောင်း။ ။

**သတင်းစုံဂျာနယ်၊ အမှတ် (၅၀)**




ကျွန်ုပ်နှင့် ကြက်သွန်ဥပျောက်ဆုံးမှု

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်နှင့် ကြက်သွန်ဥပျောက်သုံးမှု

### (တစ်)

"လင်နဲ့မယား လျှာနဲ့သွားဆိုသည့်စကားကလည်း ရှိထားခဲ့ချေသည် ဟုတ်လားကွယ်တို့. . . တစ်ဦးတစ်ယောက်က သူ့မှာ အမှားရှိခဲ့ပြီလို့ ဝန်ခံလာခဲ့မှုဖြင့် . . တစ်ဦးတစ်ယောက်အနေနှင့်ကလည်း ခွင့်လွှတ်ရန် ကြိုးပမ်းရပေမပေါ့ မဟုတ်လား"

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းတစ်ယောက် သူမျှားတကာ၏ အိမ်ခေါင်းရင်းသို့တက်ကာ တင်ပျဉ်တွေဘာတွေခွေလျက် ကျကျနနထိုင် နေသည့်သကာလ အနှိုကလို လူကြီးစကား ပြောရငြားလတ္တံ့ ဟူ၍ ဘယ်နံ့ သောကာလကမှ မစဉ်းစားခဲ့ဖူးပါချေ။ သို့စဉ်လျက် ယခုတော့ ပြောကြားနေခဲ့ ပါလေပြီ။ ဪ. . . သပွတ်အူ သပွတ်အူ။ အတော့်ကို ရှုပ်ထွေးလှသည့် နှူးရပ်မြေပါတကား။

ထိုနေ့မနက်က ကျွန်ုပ် ဆရာကြီးဂျက် အိပ်ရာကထတော့ ဟိုးမလှမ်း မကမ်း အိမ်စုကလေးဆီမှနေ၍ ပျံ့လွင့်လာသော ကျွက်ညံ ကျွက်ညံ အသံ ကလေးတချို့ကို သတိထားခဲ့မိသည်မှာကား အမှန်ပင် ဖြစ်ပါ၏။ သို့သော် လည်း လင်ရယ်မယားရယ် သားရယ် သမီးရယ် သည်လိုပဲ ဆဲကြ ဆိုကြ

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်းတြ ထွာကြ ရန်ဖြစ်ကြ ပြန်ချစ်ကြနှင့် ရှိတတ်ကြသည်မှာ သပွတ်အူ
ကျေးလက်မနက်ခင်း၏ သဘာဝပေပဲဟု သဘောပိုက်ကာ ကိုယ့်အိမ်
ကိုယ်ပြန်ဝင်ပြီး ကိုယ့်စာအုပ်စင်ရှေ့မှာကိုယ် အလုပ်များနေခဲ့သည်ပဲ ဖြစ်
၏။ သို့သော် အနီ ကျွက်ညံကျွက်ညံ ပြဿနာသည် တစ်နေ့လုံး ပြီးသွား
သည်ဟူ၍ မရှိဘဲ တိုးသွားလိုက် ကျယ်လာလိုက် တိတ်သွားလိုက် ပြန်ပေါ်
လာလိုက်နှင့် ညနေစောင်းသော် ကျွန်ုပ်၏ ခေါင်းပေါ်သို့ အထွေးလိုက်
အပုံလိုက် ကျ၍လာပေ၏။

" ရပ်မိရပ်ဖတွေလည်း ကြားဝင်ပြီးပြီ။ နှစ်ဖက်မိဘတွေလည်း နားချ
တန်သလောက် နားချပြီးပြီ။ ကိုသိန်းဒန်က ကွာရှင်းမယ်ချည်းပဲ တကဲ
ဖြစ်နေတယ်။ အဲဒါ ဆရာကြီးဂျက်က နောက်ဆုံးအနေနဲ့ စေ့စပ်ပေးပါလို့

အသို့နှယ် ထို့နှယ်ဖြင့် အများက အားကိုးသမှုပြုလာပေသောအခါ
ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် ပြဿနာဖြစ်နေသော ကိုသိန်းဒန်နှင့် မခင်
ထွေးရီတို့၏ အိမ်ခေါင်းရင်းသို့ အလိုအလျောက် ရောက်ရှိသွားခဲ့ရပါပေ
သတည်း။

(နှစ်)

စိတ်ထိခိုက်လွယ်သူ ကျွန်ုပ်တို့၏ သပွတ်အူရွာသားကြီး ကိုသိန်းဒန်
တစ်ယောက် သူ၏ဇနီးသည် ခင်ထွေးရီအပေါ် ကွာရှင်းပြတ်စဲလိုပါသည်
ဟူသော အဖြစ်၏ မူလဘူတ အကြောင်းရင်းခံမှာကား အရပ်ရပ် နေပြည်
တော် ကြားလို့မှ မသင့်တော်သော အကြောင်းကိစ္စပေတည်း။ မှန်ပါ၏
ယင်းအဖြစ်ကို အနည်းငယ်မျှ လင်းရစ်ရပေဦးမည်။

ဟိုတစ်လောကလေးဆီက ခင်ထွေးရီတစ်ယောက် အနည်းငယ် နေ



...ကောင်းဖြစ်သည်။ ထိုစဉ် အိမ်မှာက ကြက်သွန်ဖြူ ကြက်သွန်နီကုန်နေရာ
...သိန်းဒန်ကိုယ်တိုင် ဈေးထွက်ရသည်။ သို့ဖြင့် ကိုသိန်းဒန် ဈေးမှ ပြန်လာ
...သောအခါ ဇနီးဖြစ်သူ ခင်ထွေးရီကို အမိန့်တစ်ခု ထုတ်ပြန်သည်။ ယနေ့
...၍ အိမ်တွင် တစ်နေ့ကို ကြက်သွန်ဖြူ နီ နှစ်ဥစီထက် ပိုမသုံးရ၊ ပုံ-
...သိန်းဒန် ဖြစ်သည်။ သည်လိုနှင့် လေးငါးရက်ခန့် ကြာသွားလေသောအခါ
...သိန်းဒန်က ဥဖြူ ဥနီများကို ကိုယ်တိုင် ရှောင်တခင် ဝင်စစ်သည်။ ဤ
... ကြက်သွန်ဖြူနီ ၂-ဥစီ ပျောက်ဆုံးနေကြောင်းကို တွေ့မိရာမှ လင်
...ချင်း ကဘောက်ကဆတ်ဖြစ်ရခြင်းပေတည်း။

" ဆရာကြီးဂျက်ရယ် . . . ကျွန်မတလည်း ဝန်ခံပြီးသားပါ။ ဟိုတစ်
...ာ ဟင်းချက်ဖို့ ၂-ဥစီ နွာထားတာ . . အဲဒါ မီးဖိုချောင်အောက်က
...ထဲ ပြုတ်ကျသွားလို့ ဒါကို သူက မကျေနိုင်မချမ်းနိုင်ဖြစ်နေတယ် "

ယင်းကား ခင်ထွေးရီ၏ စကားပေတည်း။ ကိုသိန်းဒန်ကရော။ အချက်
...တ်တွေနှင့်။

ကိုသိန်းဒန်စကားအရ ကြက်သွန်ဖြူ ၁-ပိဿာ ၂၆၀ ရှိနေပြီဟု ဆို
...သည်။ ဟိုနေ့က အစိတ်သား ၆၅ကျပ်ဖိုး ဝယ်လာခဲ့ရာ ၂၅-ဥပဲ ရပါ
...တဲ့။ တစ်ဥကို ၂-ကျပ် အပြား ၆၀ တန်နေပါသတဲ့။ ကြက်သွန်နီကလည်း
...သည်းနှင့်နှင့် ဖြစ်ဘိပါသည်။ ၁-ပိဿာကို ၈၀ ဈေးနှင့် ၅၀ကျပ်သား
... ကျပ်ဖိုး ဝယ်လာခဲ့ပါသတဲ့။ ယင်းကလည်း ၂၅ ဥပဲရရာ တစ်ဥကို
...ကျပ် အပြား ၆၀ တန်လျက်ရှိပါသည်။

" ဆရာဂျက် စဉ်းစားကြည့် . . . ကြက်သွန်ဖြူနီ နှစ်ဥစီဟာ ငွေသစ်
...သိန်းပါး တန်နေပြီ . . . ဒါကြောင့် ဂရုစိုက်ဖို့ နေ့တိုင်းမှာနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အပြစ်လား. . . ကွာမယ် ရှင်းမယ်လုပ်နေတာ ကျွန်တော့် အလွန်လား”

ကျွန်ုပ်ကား စိတ်အေးအေးထားရန် ဖျောင်းဖျရချေသည်တည့်။

(သုံး)

နောက်ဆုံးတွင်ကား ကျွန်ုပ်က မလိမ္မာ တစ်ခါမိုက်၊ ဟူသည့်စကား အတိုင်း ခင်ထွေးရီ၏ တစ်ကြိမ်တစ်ခါ အမှားအပေါ် ခွင့်လွှတ်သမှုပြုရေး နှင့် ခင်ထွေးရီအနေနှင့်လည်း ဤကဲ့သို့ ခွင့်မလွှတ်နိုင်စရာ ကြက်သွန်ဥ ပျောက်ဆုံးမှုကြီးမျိုးကို နောက်နောင် ဘယ်တော့မှ မကျူးလွန်ရန် အထူး သတိပေးခြင်း ပြုရပါ၏။ ထို့ပြင်တစ်ဝ ကိုသိန်းဒန်၏ ဆန္ဒအတိုင်း ကျွန်ုပ် ဆရာကြီးဂျက်နှင့် ရပ်မိရပ်ဖ များ၏ ရှေ့မှောက်တွင် ခင်ထွေးရီကို သစ္စာ အဓိဋ္ဌာန် ဆိုခိုင်းခဲ့ရပါချေသေးသည်။ ခင်ထွေးရီကား ခအောက်ပါအတိုင်း မဆိုင်းမတွ ဆိုရွတ်ခဲ့ရပါပေသတည်း။

ကျွန်မသည် ဆရာကြီးဂျက်နှင့်တကွ ရပ်မိရပ်ဖများ ရှေ့မှောက်တွင် ကတိသစ္စာပြုပါသည်။ ကျွန်မသည် ကိုသိန်းဒန်နှင့် ပေါင်းနေသမျှ ကာလ ပတ်လုံးတွင် ကြက်သွန်ဖြူနီများကို တစ်နေ့နှမ်ဥကျ လေးဥမျှကိုသာ သုံးစွဲ သွားပါမည်။ ယခုတဲ့သို့ ကျွန်မ၏ အလေးဂရုမပြုမှုကြောင့် ကြက်သွန်ဖြူ ဥ ဆုံးရှုံးသွားရခြင်းမျိုးကို နောက်နောင် ဘယ်သောကာလမှ မဖြစ်စေရပါ။ အကယ်၍ ကြက်သွန်ဥများအပေါ် အန္တရာယ် တစ်စုံတစ်ရာ ကျရောက် လာသည်ရှိသော် ကျွန်မအသက်နှင့်လဲ၍ ကာကွယ်သွားမည်ဖြစ်ကြောင်း ဝန်ခံ အပ်ပါသည်ရှင့်။

သတင်းစုံဂျာနယ်၊ အမှတ် (၅၇)




ဆရာကြီးဂျက် တလေးတစားအလုပ်ခံရခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးချက် တလေးတစားအလုပ်ခံရခြင်း

### (တစ်)

ကျွန်ုပ် ဆရာကြီးဂျက်နှင့်တကွ အားလုံးသော မနုဿလူသားတို့ တူးဆော်လှုပ်ရှား ပျော်မွေ့ကြလေကုန်ရာ ဟောသည့်ဘဝဟူသည့် သမုဒ်ပြင်ကျယ် ရေပင်လယ်ကြီးအတွင်းတွင်ကား လူတစ်ဦးကို တစ်ဦးက တလေးတစားနှင့် ပြုမူဆက်ဆံ ဆောင်ရွက်ပြောဆိုကြခြင်းဟူသည်မှာ အလွန်အင်မတန်ကိုပင်လျှင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပေသည့် အမှုကိစ္စ ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့သည် သန်းကြွယ်သူဌေးကြီးပဲဖြစ်ဖြစ်၊ ဖွတ်ချောင်းပဲဖြစ်ဖြစ်၊ ပါမောက္ခကြီးပဲဖြစ်ဖြစ်၊ အသုံးလုံးကျေပဲဖြစ်ဖြစ်၊ စူပါ[illegible]းပဲဖြစ်ဖြစ်၊ အုတ်ကြားမြက်ပဲဖြစ်ဖြစ်၊ အားလုံးကို တလေးတစားဆက်ဆံသင့်ကြသည်မှာကား မုချမသွေ ဖြစ်ပါပေ၏။

အန္တိုသော သို့သော်လည်းပေါ့လေ။ ပြန်မပြောချင်သည့် ဟိုတစ်ရံရောအသေးတုန်းဆီကမူ အကြင်သူတစ်ဦးက ကျွန်ုပ်ဆရာကြီးဂျက်အားသေသေချာချာကြီးကိုပင်လျှင် တလေးတစားကြီး ဆက်ဆံလွှတ်လိုက်သောကြောင့် ကျွန်ုပ်အဖို့ ဒေါသခေါင်ခိုက်ကာ သောကလေးပင်မြိုက်ခဲ့ရပါ

www.burmeseclassic.com



ကြောင်း ဆိုခဲ့လျှင် အဆွေတို့က အံ့ဩသွားကြပေလေမလား မပြောတတ်ပေ။

တကယ်ပါလေ။ သည်လို တလေးတစား လုပ်ထည့်လိုက်ပုံကြီးကိုဖြင့် အင်း. . . အကျဉ်းမျှဖြင့် လင်းပြပါရစေလား မိတ်ဆွေ။

(နှစ်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းတစ်ယောက် တလေးတစား အလုပ်ခံလိုက်သည့်နေ့သည်ကား ကျွန်ုပ် ဈေးဝယ်ထွက်သောနေ့ပေတည်း။ စင်စစ် ကျွန်ုပ်သည် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားပီသစွာလျှင် ဈေးတွေဘာတွေထဲသို့ သွားတတ်လာတတ်ခဲ့သူ မဟုတ်ပေ။ သို့သော် ထိုနေ့ကမူ ဂျက်၏ ကြင်သူတစ်ယောက် နည်းနည်းတလေး ခေါင်းနောက်သည်ဆိုသောကြောင့် ခင်ပွန်းတို့၏ ဆရာကြီးဂျက်ကိုယ်တိုင် ဈေးခြင်းတောင်းဆွဲကာ ကော့လယ်ကော့လန်နှင့် ဈေးထွက်ခဲ့ရခြင်း ဖြစ်ချေပေသည်တစ်မုံ့။

ကျွန်ုပ်သည် ရှေးဦးစွာ ဝက်သားဆိုင်ရှေ့မှာ မတ်တတ်ရပ်မိ၏။ ဝက်သားသည် အမျိုးသမီးက တွဲတိတွဲလောင်း ချိတ်ဆွဲထားသော ဝက်သားတုံးများ နောက်ကွယ်မှနေ၍ ဂျက်တို ပြုံးခနဲ့ခနဲ့ကြည့်၏။

“ အစ်ကိုကြီး ဝက်သားချက်မလို့လား။ ကြည့်. . . အသားကောင်းတယ်”

“ လုပ်ပါဦး . . ဘယ်လိုလဲ ”

“ အသားချည်း ၇၀/- အစ်ကို. . ၊ အခေါက်အသား ၆၀/-”

“ လုပ်ဗျာ. . . ၊ အသားချည်းပဲ သုံးဆယ်သားလောက် ”



သို့နှယ် ဝက်သားဝယ်မှု ပြီးပြတ်ချေသော် ဟိုလျှောက်သည်လျှောက်နှင့် ပုစွန်သည်၏ ရှေ့ကို ရောက်၏။ ညက မိုးကြီးလေကြီး ဝုန်းဒိုင်းခဲ့လေသောကြောင့်လားမသိ ပုစွန်တွေ ငါးတွေ ပေါဘိ၏။

“ ပုစွန်တွေ ဘယ်လိုလဲ အစ်မ ”

“ ၄၅ နဲ့ပဲ ယူ ငါ့မောင်ရယ် လတ်လိုက်တာ ဘယ်နှစ်ဆယ်သားလဲ”

“ ၃၀ သားထည့်ဗျာ ”

အနို့နှင့် ပုစွန်ဝယ်မှု ပြီးပြတ်ချေသော် ချဉ်ပေါင်ရွက်ကလေးဝယ်လိုက်၊ နှစ်တလေးဝယ်လိုက်၊ ရေတ်သီးစိမ်းလေးဝယ်လိုက်နှင့် ဈေးတွက် သူကြီးချက်သည် အိမ်သို့ပြန်ရောက်သည်နှင့် အမောဆို့စရာအဖြစ်က စောင့်ကြိုနေခဲ့ပါပေသတည်း။

(သုံး)

ဂျက်၏ ကြင်သူသည် စားပွဲပေါ်တင်ထားသော ပစ္စည်းတွေထဲမှ ဝက်သားထုပ်ကို ဆကြည့်လိုက်သည်။ ပုစွန်ထုပ်ကို ဓ့ကြည့်၏။ ထို့နောက် မျက်နှာရှုံ့သွားပြီး ဂျက်ကို ပြောလာသည်က . . .

“ ကို့ဟာတွေက သုံးဆယ်သား မပြည့်ဘူးတိုရယ်. . အစိတ်သားတောင် ရှိရဲ့လားမသိဘူး ” ဟူ၏။

“ ပြည့်မှာပါကွာ . . ကို့ရှေ့တင် ချိန်တဲ့ဟာ ”

“ ကိုမသိပါဘူး၊ ကဲ. . ကြာတယ်။ လာ. . သွားမယ်။ ဘယ်နှယ့်ငွေဘာစ်ရာနီးပါးကြီး ”

ဂျက်၏ ကြင်သူကား ရှူးရှူးဒိုင်းဒိုင်းကြီးဖြစ်နေရာ ကျွန်ုပ်ကား ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောမီမှာပင် ဂျက်၏လက်ကိုဆွဲလျက် ဈေးခြင်းတောင်းကိုဆွဲပြီး ဗိုးခါ ဖတ်ခနဲ ထွက်သွားလေတော့ရာ ဂျက်မှာ လိုက်ပါခဲ့ရဘိချေသည်တစ်မူး

## (လေး)

ဩော်. . တော်တော့်ကို ဩချရသည့် လောကငဲ့ပေတကား။

ဂျက်နှင့်အတူ ဂျက်၏ကြင်သူက ဝက်သားဆိုင်ရှေ့ မတ်တတ်ရပ် သည်နှင့် အနီးဈေးသည်မ၏မျက်နှာမှာ ကွက်ခနဲဖြစ်သွား၏။ ထို့နောက် ဂျက်၏ကြင်ဘူက 'အစ်မတို့ သုံးဆယ်သားကို ပြန်ချိန်ကြည့်ပါဦး' ဟု ဆိုလိုက်သောအခါတွင်ကား သူမှာ နေရာမရှိပြီ။

"ညီမလေးရယ်. . ညီမလေးယောကျ်ားမှန်းမှ မသိတာ. . ။စိတ်မရှိ ဟိုအလေးနဲ့ ပြန်ချိန်ပေးလိုက်မယ်. . ကိုယ့်အချင်းချင်းတွေကို မလုပ်ပါဘူး"

ဝက်သားသည်ကား ပြောပြောဆိုဆို ဂျက်တို့၏ ဝက်သားထုပ်ကိုဖြန့် ကာ ဝက်သားဖတ်ကြီးတစ်ခုကို ထပ်ထည့်လိုက်ပြီးနောက် ပြန်ချိန်ပေးလိုက် ပါ၏။ သည့်တော့လည်း သုံးဆယ်သား ကွက်တိ။ ဆန်းပေစွ။

ပုဇွန်သည်ရှေ့တွင် ဂျက်တို့ ရပ်မိတော့လည်း အနှီနှယ်ပင် ဖြစ်ပါ၏။

"ဟယ်. . အစ်မ. . ဒါ အစ်မယောကျ်ားလား ပြထားမှပေါ့ အစ်မ ပေးပေး. . ညီမလေး ပြန်ချိန်ပေးမယ်။ အစ်မရေ. . ဟိုအလေးနဲ့ချိန်ပေး မယ်နော် ခဏ" မဆွက သုံးဆယ်သားဟူသောအထုပ်ထဲကို ပုဇွန်တွေ ထပ်ထည့်ပြန်၏။ ချိန်ပြန်၏။ ။ အိုး. . ၃၀ သားကွက်တိ။ ဆန်းပေစွ။

## (ငါး)

'ကို. . မှတ်ထား။ ဈေးသည် တော်တော်များများမှာ အလေးနှစ်စား ရှိတယ်ဆိုတာ။ နှစ်လေးနှစ်စားပေါ့။ သူတို့က ဈေးဝယ်တဲ့လူတွေကို နှစ်မျိုး ခွဲထားတယ်။ ယောကျ်ားတွေ၊ မျက်နှာစိမ်းတွေဆိုရင် တစ်လေးတစ်စားနဲ့ ချိန်ပေးတယ်။ အဲဒါ လျော့ပြီသာမှတ်ပေတော့။ ဝယ်နေကျတွေကျတော့ နောက် တစ်လေးတစ်စား။ ဒါကြောင့် ဟိုအလေးနဲ့ချိန်ပေးမယ် ပြောနေတာ ပေါ့'

ဩော်. . သက်မျှကြင်သူ ဂျက်သည်းအူ၏စကားစမှ ဘုရားတလိုက် ပါ၏။ တန်ရာတန်ကြေးပေးဝယ်တဲ့ စားသုံးသူတွေအပေါ်တွင် ဘဇာ ကြောင့်များ တစ်လေးတစ်စားစီ ခွဲခြားချိန်တွယ်ပေးချင်ကြပါသနည်း။ သား တစ်ကျပ်သားလျော့လျှင် ငွေ၇/-ကျပ်။ ၁၀ သားကို ငွေ၇၀။ စ်ပိဿာ ငွေ ၇၀၀။ ဘုရား. . ဘုရား. . ကြောက်စရာပါကလား။ တွေအများကြီး၊ လူတွေအများကြီး။ တစ်လေးတစ်စားလုပ်အခံလိုက်ရ တွေ အများကြီး။

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းအဖို့ရာမတော့ ဤသို့ ဤနှယ် စ်လေးတစ်စား အလုပ်ခံလိုက်ရခြင်းမျိုးကို ကြောက်ရွံ့တာ နောက်တွန့် ကြောင်း။

သတင်းစုံဂျာနယ်၊ အမှတ် (၂)



www.burmeseclassic.com

www.burmeseclassic.com




ရန်ရစ်တော့ နှင့်တောင်း

www.burmeseclassic.com

www.burmeseclassic.com

## နေရစ်တော့ ... နှင့်တောင်း

### (တစ်)

ကွယ်လွန်ပြီးလေသူ စာရေးဆရာကြီး သိန်းဖေမြင့်က 'နေရစ်တော့ တ်ဟောင်း'ဟူသောအမည်ဖြင့်ဘုတ်အုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ သရာ စာဖတ်သူများ ဖတ်ဖူးခဲ့ကြလေမလား မပြောတတ်ပေ။ ဂျက်က ာ့ ဟိုးခပ်ငယ်ငယ်တတည်းကပင်လျှင် မြည်းစမ်းမိခဲ့ဖူးပါ၏။ သို့ဖြစ် ရာ အနှိုစာအုပ်ကို စွဲလမ်းခြင်းဓာတ်ခံကလေး ရှိသည်ဖြစ်၍ ယခုရေး ွဲ့သော ဘာအမျိုးအစားမှန်းမသိသည့်ဂျက်၏စာတစ်ပုဒ်ကို 'နေရစ် ့နှင့်တောင်း' ဟု အမည်သညာ ခေါ်စရာပေးလိုက်မိခဲ့ရချေပြီ . . ။

### (နှစ်)

မှတ်မှတ်ရရ၊ ၁၉၉၈ခု၊ စက်တင်ဘာလ ၁၅ရက်နေ့က ကျွန်ုပ်ဆရာ ချုတ်ကွမ်းခြံကုန်းသည် ပုဇွန်တောင်ဈေးမှတ်တိုင်မှနေ၍ ရန်ကုန်မြို့ တောင်ဆီသို့ ဘတ်စ်ကားစီးကာ ခရီးသွားဖြစ်ခဲ့ပါ၏။ အချိန်ကား း ၁၂နာရီ ဝန်းကျင်ခန့်ပေတည်း။

ျွန်ုပ်စီးသောကားမှာ သန်လျင်နှင့် သီရိမင်္ဂလာဈေး ပြေးဆွဲသော

www.burmeseclassic.com



ကားကြီး ဖြစ်ပါ၏။ ကားက 'သီဟဒီပ'ဟု အမည်ရေးထားသော'စက/၁၂၆၇'ကားကြီး ဖြစ်ပါသည်။

မှတ်တိုင်တွင် ကားပေါ်သို့ ဂျက်မတက်မီ ခဏ်ိးသည် အမျိုးသမီးတစ်ယောက်နှင့် ကားစပယ်ယာတို့ အပြန်အလှန် ညှိနှိုင်းနေကြသည်ကို သတိပြုမိပါသည်။ အမျိုးသမီးက ကွမ်းတွေလား၊ ဘာတွေလားမသိ ထည့်ထားသည့် ခြင်းတောင်းကြီးနှစ်ခုနှင့် ဖြစ်ပါသည်။ ထိုအမျိုးသမီးနှင့် ကားစပယ်ယာခြင်းတောင်းတစ်ခု ဘယ်ရွေ့ဘယ်ညာ ပြောနေကြသည်ကို သဲသဲကွဲကွဲ ဂျက်မကြားရလိုက်သော်လည်း. . .

**"၅၅ လမ်းမှ ရပ်မှာလား"**

**"ရပ်ပေးမယ်"** ဆိုသော စကားသံကိုကား ပြတ်ပြတ်သားသားကို ကြားလိုက်ရပါ၏။

သို့နှင့် အနို့နှင့် ဟုပဲ ဆိုကြပါစို့ရဲ့။ ကားစပယ်ယာက ခြင်းတောင်းကြီးတွေကို ကားပေါ်သို့ စွေခနဲစွေခနဲတင်၍အပြီး အမျိုးသမီးလည်း ကားပေါ်သို့ ဖျက်ခနဲရောက်လာပြီးသည့်အခါ ထို စက/၁၂၆၇ သီဟဒီပ ကားကြီးက ဆက်လက်ထွက်ခွာလာခဲ့ပါတော့သည်။

## (သုံး)

အနို့ကားသည် ပုဇွန်တောင်ဈေးမှ စ,ထွက်သည်နှင့် အရှိန်ကို မြှင့်၏။ အကြောင်းကား သူ့နောက်ဆီတွင် သူနှင့် လိုင်းတူ၊ ဂိုက်တူ ကားတစ်က လိုက်လာခဲ့ပြီဖြစ်သောကြောင့်ပေတည်း။ ဒရိုင်ဘာက မှတ်တိုင်တွေ တစ်ခုပြီးတစ်ခုကျော်ဖြတ်၏။ စပယ်ယာက မှတ်တိုင်ပါသလားလို့ မေး



ခွင့် မပေး၏။ မဆွက ခြင်းတောင်းတွေနှင့် အတူတက်လာသော အမျိုးသမီးက ၅၅လမ်းပါကြောင်းကို တစာစာအော်၏။ သို့သော်လည်း နောက်ကားနှင့် လွတ်အောင် အတင်းမောင်းပြေးနေသောကားသည် ၅၅ လမ်းမှာ မရပ်ပေးနိုင်တော့ဘဲ နောက်တစ်မှတ်တိုင်ကိုရောက်မှ ထိုးရပ်ပေးလိုက်ပါတော့၏။

## (လေး)

"ရှင်တို့ ဒါဘယ်လိုလုပ်တာလဲ။ ၅၅ လမ်းမှာ ရပ်ပေးမယ်ဆို"

"မေ့သွားတယ်ဗျာ. . ဘာဖြစ်လဲ"

"မေ့လို့ ရမလားရှင့်၊ ဒီခြင်းတောင်းတွေနဲ့ ကျွန်မက ဘယ်လိုလုပ်ရမှာလဲ"

"ခင်ဗျားကိစ္စ၊ ဘယ်လိုလုပ်လုပ်"

"ဘာပြောတယ်၊ ခြင်းတစ်ခြင်း နှစ်ဆယ်နဲ့။ ရပ်ပေးမယ်ဆိုလို့ တင်လာတာလေ။ ကျွန်မ ဘယ်လိုပြန်သယ်မလဲ. . ပြောပါ။ နှစ်ခြင်းဖိုးငွေ လေးဆယ် ပြန်ပေးပါ။ ဆိုက်ကားနဲ့သယ်မယ်. . ပေး"

"မပေးဘူးဗျာ၊ ခင်ဗျား ကြိုက်တဲ့နေရာသွားပြော"

ယင်းကား ကားစပယ်ယာနှင့် အမျိုးသမီးတို့၏ အပြန်အလှန် ပြောစကားများပေတည်း။ နောက်ဆုံးတွင် ကားစပယ်ယာက ခြင်းတောင်းတောင်းကို အောက်သို့ဆွဲချလိုက်ချေ၏။ အမျိုးသမီးနှင့်လည်း ရန်စွယ်စကားတွေကို ပြောနေချေ၏။ သည်အခိုက်မှာပဲကားက ဆက်ထွက်ခွာလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကား နေရစ်တော့ နင့်တောင်းဟုဆိုကာ စပယ်ယာ ဆွဲချထားခဲ့သော ခြင်းတောင်းနှစ်ခုနှင့်အတူ မှတ်တိုင်တွင် ကျန်ရစ်ခဲ့ချေ၏။ သူဆင်းလိုက်သော ၅၅လမ်းကား နောက်တွင် ကျန်ရစ်ခဲ့ပြီ။ ကုန်သည်လမ်း တစ်လမ်းမောင်းကြီးဖြစ်နေ၏။ နောက်ပြန်သွားဖို့ရာလည်း ကားတွေဆိုက်ကားတွေမရှိ။ ကိုယ်တိုင်သယ်မ,သွားဖို့ရန်ကလည်း လေးလွန်းလှပါဘိ။

ကျွန်ုပ်ဆရာကြီးဂျက်ကား အဆိုပါ သီဟဒီပ ၈က/၅၂၆၇ ပေါ်တွင် ခေါင်းကိုသာ တွင်တွင်ယမ်းခါလိုက်မိပါတော့သည်။

သတင်းစုံဂျာနယ်၊ အမှတ်(၈)



ဂျက်တစ်ယောက်တည်းမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

## ဂျက်တစ်ယောက်တည်းမဟုတ်ဘူး

### (တစ်)

ဟောသည် မိမာတာ မဟာပထဝီမြေကြီးပေါ်ရှိ အခြားအခြားသော အရပ်ဒေသများဆီတွင်ကား ပသို့များရှိလိမ့်လေမလဲဟုသည်ကို ဂျက် ပြောတတ်ပေ။ သို့သော် တောင်ဘက်သို့ ထိုး၍ထွက်နေသည့် ကျွန်းဆွယ် ကြီး သုံးခုရှိသည့်အနက် အရှေ့ဘက်ဆုံးကျသော အင်ဒိုချိုင်းနားကျွန်းဆွယ် ကြီး ပေါ်တွင် တည်ရှိ၍နေလေသော ဂျက်တို့ အမိမြန်မာပြည်မှ အနုသုခုမ လောကကြီးတွင်ကား တစ်မျိုးပင်ဖြစ်ပေသည်။

မှန်ပါ၏။ ဂျက်တို့၏ အနုသုခုမလောကကြီးက တစ်မျိုးပင်ဖြစ်ပါ၏။ ချင်းပဲဆိုဆို၊ ရုပ်ရှင်ပဲရိုက်ရိုက်၊ စာပဲရေးရေး ပြည်သူချစ်သော အနုပညာ ရှင်တစ်ယောက်ရယ်လို့ ဖြစ်လာပြီဆိုမှဖြင့် အဲဒီအနုပညာရှင်သည် ကျော်းရှိသလား၊ မိန်းမရှိသလား၊ လူပျိုအပျိုလား၊ လက်ထပ်မယ့်သူ သလား၊ ကလေးတွေနဲ့လား. . စသည့်အချက်အလက်များသည် ရှေ့တန်း ထက်၍လာတော့သည်။

စည်သူလွင်မှာ ရည်းစားရှိသလား၊ နန္ဒာလှိုင်က အိမ်ထောင်နဲ့လား၊ သိန်းဝင်း(ပုတီးကုန်း)မှာ မိန်းမရှိသလား၊ ဟေမာနေဝင်းက အိမ်ထောင်

www.burmeseclassic.com



မပြုတော့ဘူးလား၊ ရဲအောင်က အိမ်ထောင်ပြုတော့မှာဆို။ အို . . အနှီ ဘာမှန်းမသိသည့် တိစ္ဆာကြီးတွေမှာ မဆုံးနိုင်ပါလေတော့။

ခက်သည်က တစ်ခါက ဂျက်တို့၏ပရိတ်သတ်သည် အနုပညာရှင်ဆိုလျှင် ယင်ဖိုမသန်း၊ ယင်မ,မသန်း၊ ယရာဝါသစခန်းမှာ ဘာကမှ အကျွမ်းမဝင်သောပုဂ္ဂိုလ်ဖြစ်မှဟူသော အစွဲကလေးဖြင့် အားပေးချင်သောပရိတ်သတ် ဖြစ်ခဲ့ကြဖူး၏။ သို့ကြောင့်လည်း တစ်ခေတ်တစ်ခါက အချို့အချို့သော အနုသုခုမသမားတို့သည် မိမိတို့ကို ဝရိတ်သတ် ကျောခိုင်းသွားမည်စိုး၍ အိမ်ထောင်သားမွေး ပြုလိုပါလျက် အကြိတ်ကာ အောင့်အည်းခဲ့ကြရ၏။ အချို့မနေနိုင်လွန်းသူများမှာလည်း ရှက်ပြုံးကလေးများဖြင့် ခွက်ပုံးကလေးများ ခိုး၍မော့ကြရရှာ၏။

ဟော . . အခုကာလများကျပြန်တော့ သို့ကလိုမဟုတ်ရပြန်ပါချေပြီ။

## (နှစ်)

မှန်ပေသည်။

ခုကာလကား အနုပညာရှင်၏ဘဝကို မကြည့်၊ အနုပညာကိုသာ ကြည့်သောကာလ ဖြစ်ပေသည်။ ဂျက်ချစ်သောပရိတ်သတ်ကြီးတို့မှ မှတ်မိကြလေမလား မပြောတတ်ပါ။

အဆိုတော် ဇော်ဝင်းထွဋ်က သူ့သမီးလေးနှင့်အတူ ဓါတ်ပုံအရိုက်ခံပြလိုက်၏။ လူတွေက သူ့ကို ပို၍ချစ်သွားကြပါသည်။ အဆိုတော် ရင်ဂို တသူ့သမီးလေးနှင့်အတူ ဓါတ်ပုံအရိုက်ခံပြလိုက်ပြန်၏။ လူတွေက သူ့ကို ပို၍ချစ်သွားကြပြန်ပါသည်။ တစ်ဖန် အဆိုတော်မာရဇ္ဇက သူ့သမီးလေးနှင့်



အတူ ဓါတ်ပုံအရိုက်ခံပြလိုက်ပါ၏။ လူတွေက သူ့ကိုပို၍ခင်သွားကြပြန်ပါသည်။ ထိုအတူ အနီအတူပဲ ဆိုလိုက်ကြပါစို့ရဲ့။ ဘောလုံးအကျော်မိုးလှိုင်ဝင်းမှာ သမီးလေးရှိတာ၊ မေသန်းနုမှာ သားလေးရှိတာ၊ လေးဖြူမှာ သမီးလေးရှိတာ အဲဒါ ဘာဖြစ်သနည်း။

ဟုတ်ကဲ့။ ဘာမှမဖြစ်။ တကယ့်ကို ဘာမှမဖြစ်ပါလေတော့။ လူတွေက အနုပညာကို အနုပညာလို့ပဲ မြင်တတ်၊ ကြည့်တတ်သွားကြပါပြီ။

ဒါကြောင့်ပဲထင်ပါရဲ့။ တစ်နေ့သောအခါဝယ် ဂျက်၏ထုတ်ဝေသူတော်ဘလစ်ရှာ အမောင့်သကောင့်သားသည် ဂျက်ထံသို့ မဆိုင်းမတွရောက်လာပြီး ဝတ္ထုတစ်ပုဒ်ရေးပေးရန်နှင့် မယားတွေ၊ သားတွေ၊ ဇနီးတွေ၊ သမီးတွေနှင့်အတူ ဓါတ်ပုံရိုက်ပေးပါရန် တောင်းဆိုသမှုပြုလာခဲ့ပါပေသတည်း။

## (သုံး)

"ဆရာကြီးဂျက်၊ ဒီတစ်ခါ ဆရာကြီးဂျက်ရဲ့ ဝတ္ထုက လုံးဝကို ရောင်းမစွံဘူးဗျာ။ ကြော်ငြာတွေ ဘာတွေနဲ့ အသေအချာလုပ်ထားရဲ့သားနဲ့ ဝက်ဝက်တော့ကွဲပြီထင်ပါ့ဗျာ၊ ရော်"

ယင်းကား ကျွန်ုပ်၏ ဖုတ်ပူမီးတိုက် ရေးထည့်လိုက်သည့် ဝတ္ထုမဟာကြီး ထွက်ရှိပြီးသည့်သကာလ မဆိုင်းမတွသော ရက်ကလေးများအတွင်းဝယ် ထုတ်ဝေသူထံမှ ကြားခဲ့ရသော ညည်းညူသံအချို့ပေတည်း။ မှန်သည်။ သူကလေးခမျာ အတော့်ကိုပင်လျှင် အင်နှင့်အားနှင့် ကြော်ငြာတွေ၊ ဘာတွေ၊ လုပ်ခဲ့ခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်တို့ အနုပညာသမားတွေ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်မယား ကိုယ့်ဇနီးနှင့် ရဲရဲကြီးတွဲကာ လှုပ်အလယ်ထွက်ပြီး ကြော်ငြာနေကြသော ခေတ်ဝယ် ဂျက်ကိုလည်း ထို့နှယ်ပင် ကြော်ငြာပေးခဲ့ခြင်း ဖြစ်ပါ၏။ ကြော်ငြာသမှ လောလောလတ်လတ် ဂျက်ပေါင်းသင်းနေသော ဇနီးနှစ် ယောက်၊ ဘုစုခရု လေးငါးယောက်တို့ အတူရိုက်ထားသော ဓါတ်ပုံကြီးနှင့် အတူပင်လျှင် ကြော်ငြာခဲ့ခြင်းဖြစ်ပါ၏။ သားသားတွေ၊ မီးမီးတွေနှင့် ယှဉ်တွဲ ကြော်ငြာနေကြသည့် အနုပညာရှင်တွေကို လူချစ်လူခင်များနေသော ကာလဝယ် ဂျက်ကို ကြော်ငြာထားလိုက်ပုံက ကြည့်ပါဦးလေ။

**"ပထမဇနီးနှင့် ကွာရှင်းပြီးသည့်နောက်၊**
**ဒုတိယဇနီးနှင့် လမ်းခွဲကာ၊**
**တတိယဇနီးကို ကျောခိုင်းထားခဲ့ပြီး၊**
**ယခုလတ်ရှိ**
**ဇနီးနှစ်ယောက်နှင့်အတူ**
**သားသမီးငါးယောက်နှင့် တကွ**
**ပျော်မော်မဆုံးဖြစ်နေသော**
**ဆရာကြီးဂျက်ကွမ်းခြံကုန်း၏**
**တစ်ယောက်ဆိုတစ်ယောက်,ဝတ္ထုကြီး**
**ထွက်နေပြီ. . "** တဲ့

ဓါတ်ပုံတွေ၊ ဘာတွေနှင့် ခမ်းနားလှပါသည့် ကြော်ငြာ၊ ဒါနဲ့များတောင် ဂျက်ဝတ္ထုက ဘာလို့များ ရောင်းမကောင်းတာပါလိမ့်။ ဇော်ဝင်းထွဋ်တို့၊ လေးဖြူတို့၊ ရင်ဂိုတို့၊ မေသန်းနုတို့၊ ကျော်သူတို့ကျတော့ မိသားစုတွေနဲ့



မြင်ရတာ ချစ်စရာကောင်းတယ်ဆို။ သူတို့အနုပညာကို အားပေးမြဲအားပေး ကြတယ်ဆို။ အခုတော့ ဂျက်ကို ဘာကြောင့်များ အားမပေးကြတာပါလိမ့်။ ဂျက်မှာလည်း မိန်းမတွေ၊ ကလေးနဲ့ပါ ဗျာတို့ရယ်။ သင်းတို့တွေထက် တောင် များနေပါသေးရဲ့။ ။

*သတင်းစုံဂျာနယ်၊ အမှတ် (၉)*



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်တိုင်တစ်ညမှ ရယ်သံများ

www.burmeseclassic.com

www.burmeseclassic.com

## တန်ဆောင်တိုင်တစ်ညမှ ရယ်သံများ

(တစ်)

နတ်ပန်းဝေမြိုင်၊

သဇင်လှိုင်ခဲ့ပါချေပြီတကား။

ဟုတ်ပါရဲ့။

ခဝဲပွင့်တုန်း တန်ဆောင်မမုန်းတော့ပါချေလေပြီ။

အန္တိုသော်၊ သို့သော်လည်းပေါ့။ မည့်သို့ပင် နတ်တော်ထဲကိုရောက်
ောက် ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းက တန်ဆောင်မုန်းလပြည့်ကျော် ညလေးတစ်ညကိုဖြင့်မမေ့နိုင်စတမ်း ဖြစ်၍နေရပါတော့သည်။ ဟုတ်ကဲ့။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း ခေတ္တခဏ ရောက်ရှိခဲ့လေရာ သပွတ်အူကျေးရွာ ရွာလေး၌ အန္တိုတန်ဆောင်မုန်းလပြည့်ကျော် ညအခါသမယတွင် မိရိုးဖလာ ာမပျက်ဘဲ ကျီးမနိုးပွဲ ဆင်နွှဲခဲ့ကြပုံကလေးများကို ယခုတိုင်ပင်သတိရ းတာနေမိပါချေ၏။

(နှစ်)

အန္တိုညက သပွတ်အူကျေးရွာတွင် ခေတ္တခဏ ရောက်ရှိနေချေသော

www.burmeseclassic.com

www.burmeseclassic.com



... ဒေသသုံးလူရွယ်တစ်သိုက်က လာ၍ခေါ်ကြဝါချေ၏။ သူ... ...အတူ ...တိုးမနိုးပွဲလိုက်ပါဆင်နွဲရန်အတွက်ပါတည်း။ ကျွန်ုပ်ကား ... အလုပ်နှင့်ကိုယ် ဆရာကြီးဂျက် စာပေါင်းချုပ်ကြီး ထုတ်ဝေရန် စိုင်း... နေစဉ်ကာလဖြစ်၍ မလိုက်ပါလိုသော်လည်း ရိုးရာဓလေ့ ပျော်မွေ့ဖွယ်... အတွေ့အကြုံကလေးများကို ရရှိလိုသည်ဖြစ်၍ ငြင်းမနေတော့ဘဲ လိုက်... သွားမိခဲ့ချေလေသည်တစ်မှု။

(သုံး)

သပွတ်အူသားတို့သည်ကား လွန်စွာမှကိုပင်လျှင် စိတ်ကူးကောင်း... သူများပေတည်း။ အနီတန်ဆောင်မုန်းလပြည့်ကျော်ည အခါသမယ... သူတို့တစ်တွေ လုပ်ပုံကိုင်ပုံ နောက်ပုံပြောင်ပုံများကို ကြည့်ရသည်... မြန်မာ့ရိုးရာယဉ်ကျေးမှုအတွက် တကယ့်ကို စိတ်အားတက်စဖွယ်... ဖြစ်ပါ၏။

သူတို့သည် ရွာအရှေ့ဖျားရှိ ဒေါ်လေးမလုံးတင်၏ ဘဲခြံကို ရောက်သွား... ကြ၏။ ဒေါ်လေးမလုံးတင်ကား မုဆိုးမတည်း။ ကလေး ၃ ယောက်... အတူ ဘဲမွေးစား၏။ သပွတ်အူသားတို့သည် အနီဒေါ်လေးမလုံးတင်... ဘဲခြံတံခါးကိုဖွင့်ကာ ဘဲတွေကို မောင်းလွှတ်လိုက်၏။ တန်ဆောင်မုန်း... လရောင်အောက်ဝယ် လယ်တွင်းအနှံ့ ချောင်းရေပြင်အနှံ့ ခြေဆန့်ထွက်... သွားကြပြီဖြစ်သော ဘဲများကိုနံနက်လင်းသည်ရှိသော်အနီ ဒေါ်လေးမလုံး... တင် သည် ပသို့ ပြန်လည်စုစည်းပါအံ့နည်း။ မြန်မာ့ဓလေ့ကလေး... ပျော်စရာကောင်းလှပါဘိ။

...ထို့နောက် သပွတ်အူသားတစ်သိုက်သည် ဘကြီးဦးဖိုးဆေးတို့ခြံထဲကို ...နိုး၍ ဝင်ကြပါသေး၏။ ဘကြီးဦးဖိုးဆေးကား အသက်ကြီးလှပြီ ...သော်လည်း သားယောက်သမီးခဲ မရှိသောကြောင့် လင်ကိုယ်မယား ...ယောက်တည်း စပါး ၁၀၀ ပါ သမ္ဗန်ကလေးတစ်စင်းနှင့် နဝလီကြိတ်ကာ ...ကျောင်းနေရှာသူဖြစ်ပါ၏။ သပွတ်အူသားတို့ကာ ထိုသမ္ဗန်ကလေးကို ...ဖြုတ်ကာ ချောင်းရေပြင်အတိုင်း မျှောလွှတ်လိုက်ကြလေ၏။ မျှောလိုရာ ...ပေတော့၊ ဘယ့်ကလောက်များ ပျော်စရာကောင်းသည့် မြန်မာ့ရိုးရာ ...မနိုးပွဲလေး ပါလိမ့်။

သပွတ်အူသားတို့ကား ငါးခြောက်ကုန်သည် ဒေါ်ကြီးမအေးတင်ကို ...သည်း ချစ်စဖွယ် ကျီးစားခဲ့ကြပြန်ပါသည်။ ဒေါ်ကြီးမအေးတင် အိမ် ...ဘက် ငါးခြောက်စင်ပေါ်တွင် မြို့သို့ပို့ရန် အသင့်ပြင်ထားသည့် ...ခြောက်လိပ်ကြီးကို ရေတွေရွှဲနစ်အောင် လောင်းခဲ့ကြခြင်း ဖြစ်ပါသည်။ ...ကြီးမအေးတင်ကား နံနက်မိုးလင်းသည်နှင့် နောက်ထပ် နေခုနစ်ရက် ...လှမ်းလို့မှ မခြောက်နိုင်သော သူ၏ငါးခြောက်လိပ်ကြီးများကိုကြည့်ကာ ...လောက်များ စိတ်ညစ်သွားရှာမည်မသိ။ တွေးရုံနှင့်ပင် ပျော်စရာ ...ကောင်း လှပါ၏။ ချစ်စရာရိုးရာဓလေ့ကလေးဖြစ်ပါ၏။

အနီတန်ဆောင်မုန်းလပြည့်ကျော်ညက ကျွန်ုပ်တို့ သပွတ်အူကျေးရွာ ...သားတို့ ရိုးရာမပျက် ဝက်ဝက်ကွဲ တိုးမနိုးပွဲ ဆင်နွှဲခဲ့ကြပုံကလေးမှာမှာ ...အစီအစဉ်တွေ များပြားလွန်းလှပါ၏။ သပွတ်အူသားတို့သည် ဘကြီးထွန်း ...ဆောင်း တို့အိမ်ရှေ့မှ မြောင်းတူးတံတားကိုလည်း ထိုခြံဝန်းထဲတွင် ချောင်း ...တန်ကြီးထဲကို ပစ်ချထားခဲ့ကြပါ၏။ ထို့ပြင် ကျေးရွာမူလတန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ ဆိုင်းဘုတ်ကိုလည်း ဆေးတတ္တရာတွေဖြင့် ဖတ်မရအောင် သုတ်ပစ်ခဲ့ကြပါသေး၏။ ထိုမျှသာမကသေးပါ။ အဘိုးလေး ဦးဘိုးထိုက်တို့၏ ခြံဝိုင်းထဲမှ နွားလှည်းကြီးကို ခက်ခက်ခဲခဲ တွန်းယူလာပြီးသည့်နောက် ချောင်းထဲကို တွန်းချထားခဲ့ကြပါသေးသည်။ ပျော်မဆုံးနိုင်စရာကျေးလက်ဓလေ့ကလေးများပင်။ အထူးသဖြင့် တွေးလိုက်တိုင်း ရယ်စရာကောင်းသည့်လုပ်ရပ်မှာကား သပွတ်အူရွာအလယ်တွင် အများသောက်ရန်ထားသည့် ရေအိုးစင်မှ ရေအိုးများထဲကို ငံပြာရည်များ နည်းနည်းစီလောင်းထည့်ခဲ့ကြခြင်းပင်တည်း။

(လေး)

ကျွန်ုပ်ကား မြို့ကိုပြန်ရောက်လာသည့်တိုင် အနိုကျီးမနိုးပွဲကလေးကို မမေ့နိုင်ပါ။ သပွတ်အူမှ ကျွန်ုပ်၏ရောင်းရင်းများသည် ထိုဓလေ့ကောင်းကလေးတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ကြပါ၏။ သူများတကာတွေ ဒုက္ခပင်လယ်ဝေမှ အူတက်အောင် ရယ်ကြရတယ်ဆိုတာနည်းတဲ့ ကုသိုလ်မှ မဟုတ်တာလား စာဖတ်သူတို့ရယ်။

*(တန်ဆောင်တိုင်တစ်ညမှ အပျော်ကျူးသူလူတစ်စုသို*

*သတင်းစုံကျာနယ်၊ အမှတ် (၁၂)*

တူတယ်ဆိုလို့




www.burmeseclassic.com

www.burmeseclassic.com

အရုပ်ထဲကနေ ပြောကြပါတယ်၊ တူတယ်ဆိုလို့

ဟိုးတစ်ခါတုန်းကလို့ပဲ ဆိုလိုက်ကြပါစို့ရဲ့။

ခင်ဗျားတို့ရဲ့ အချစ်တော် ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းဆိုတဲ့ လူတစ်ယောက်ပေါ့။ အညာမြေက ပုဂံညောင်ဦးဆိုတဲ့ မြို့ကလေးကို ခဏ ရောက်သွားခဲ့လိုက်ပါသေးတယ်။

သိတော်မူကြတဲ့အတိုင်းပဲလေ၊ ပုဂံတို့၊ ညောင်ဦးတို့ဆိုတဲ့ မြို့ကလေး တွေက ဂျက်ရဲ့ ဆွေမြို့ မျိုးမြို့လို့ ဆိုရလောက်အောင်ကို ရင်းရင်းနှီးနှီးနဲ့ အကျွမ်းတဝင်ရှိခဲ့တဲ့ မြို့ကလေးတွေ မဟုတ်လား။ ရောက်တယ်ဆိုတာနဲ့ ဂျက်လည်း ဟိုအိမ်ဝင် သည်အိမ်ထွက်၊ ဟိုရုံးသွားလိုက် သည်ဟိုတယ်ထဲ ခင်လိုက်နဲ့ နားတယ်ရယ်လို့ မရှိပါဘူး။

တစ်နေ့တော့ ဂျက်လည်း မြေစာရင်းရုံးထဲကို ရောက်သွားမိခဲ့လိုက်ပါ သေးတယ်။ အဲသည်မှာ မြေစာရင်းက ကိုအောင်ကျော်မြင့်တို့၊ ကိုဝင်းမော် ဦး ဆိုတဲ့လူတွေနဲ့ စကားလက်ဆုံကျရာက ဒွေးနဲ့တူတယ်ဆိုတဲ့ အဖြစ် လေး တစ်ခုကို သိခွင့်ရခဲ့ပါရောလား။

နာမည်ကိုတော့ ကိုတင်ရှိန်လို့ပဲ ထားလိုက်ကြပါစို့ရဲ့။ ကိုတင်ရှိန်က

www.burmeseclassic.com



လူပျိုကြီးပါ။ ပြီးတော့ ရိုးလည်း အင်မတန်မှ ရိုးတဲ့လူ။ မြေစာရင်းရုံးမှာ ရုံးချိန်အပြည့်ထိုင်ပြီး အလုပ်လုပ်နေတာမှတစ်ပါး ဘာကိုမှ စိတ် မဝင်စားဘူး။ အရက် မသောက်ဘူး။ ဆေးလိပ် မသောက်ဘူး။ ကွမ်း မစားဘူး။ လက်ရည်ဆိုင် မထိုင်ဘူး။ ရုပ်ရှင် မကြည့်ဘူး။ သီချင်းနား မထောင်ဘူး။ ဘာစာအုပ်မှ မဖတ်ဘူး။ အပေါင်းအသင်းနဲ့ ဘာနဲ့ စကားဝိုင်းဖွဲ့ပြောတယ် ဘာညာလည်း မရှိဘူး။

တစ်နေ့တော့ ဘယ်သူကနေ ဘယ်လိုစပြီး အဲသည့် ကိုတင်ရှိန်ကို ခွေးလို့ ခေါ်လိုက်တယ်မသိပါဘူး။ သူ့ခွေး ကိုယ်ခွေးနဲ့ တစ်ရုံးလုံး ခွေးကုန်ကြတော့တာပါပဲ။ ကိုတင်ရှိန်ကလည်း ခွေးကားတွေကို မကြည့်ဖူးလို့ ခွေးရုပ်ကို မရင်းနှီးပေမယ့် ခွေးဆိုတာ နာမည်ကျော်မှန်းလောက်တော့ သိထားတဲ့အတွက် သူ့ကို ခွေးလို့ခေါ်တာကို မဆန့်ကျင်ပါဘူး။ လိုလိုလားလားပဲ လက်ခံပုံရပါတယ်။

တစ်ခါသားမှာတော့ ညောင်ဦးမြို့ကလေးကို ခွေးဇာတ်ကား ဝင်လာတဲ့အခါ ကိုတင်ရှိန် အချိန်ပေးပြီးတော့ကို သွားကြည့်ပါတယ်။ သူ့ကို ခွေးလို့ ခေါ်နေကြတာကိုး။ ကြည့်ပြီးတာနဲ့ မြေစာရင်းရုံးကို ပြန်လာတယ်။ သူပြန်လာတဲ့အချိန်မှာ မြေစာရင်းက အဖွဲ့သားတစ်ချို့ လက်ဖက်ရည်ဆိုင်မှာ ဝိုင်းဖွဲ့လို့၊ သူတို့တွေက ကိုတင်ရှိန်ကို တွေ့တဲ့အခါ ထုံးစံအတိုင်းပဲ ဟို့. . ခွေးသောက်ဦး ဘာညာနဲ့ လှမ်းခေါ်ကြပါတယ်။ လက်ဖက်ရည်ဆိုင်ထဲကို ဝင်ထိုင်ခဲလှတဲ့ ကိုတင်ရှိန်တစ်ယောက် စိုက်စိုက် စိုက်စိုက်နဲ့ ဝင်လာပြီး ခုံအလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်တဲ့အခါ အားလုံးက ဘာများပြောစရာရှိပါလိမ့်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူ့မျက်နှာကို ဝိုင်းငေးလို့၊



ကိုတင်ရှိန်ကတော့ ခပ်အေးအေးခပ် တည်တည်ပါပဲ။အဲ. . ကိုတင်ရှိန်ဆီက တစ်လုံးချင်းထွက်လာတဲ့ စကားတွေအပြီးမှာတော့ တစ်ဝိုင်းလုံး မှုန်စုစုကြီးတွေ ဖြစ်သွားခဲ့ကြပါရဲ့။

"မင်းတို့တွေက ငါ့ကို ခွေး. . ခွေးနဲ့ ခေါ်လို့ မြင်ဖူးတယ်ရှိအောင်ခွေးကား သွားကြည့်တယ်. . ခပ်ဆင်ဆင်ရယ်ပါကွာ။ အတူကြီး မဟုတ်ပါဘူး" တဲ့။


ညောင်ဦးမြို့ကလေးကို ဇာက် ရောက်တုန်းရောက်ခိုက် ကြားသိခွင့်ရခဲ့တဲ့ အဖြစ်ကလေးတစ်ခုပါ။

သတင်းစုံဂျာနယ်၊ အမှတ် (၄၀)



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုချစ်ရင် ကျွန်မကိုပြောပါ

www.burmeseclassic.com

www.burmeseclassic.com

## အမေ့ကိုချစ်ရင် ကျွန်မကိုပြောပါ

### (တစ်)

သည်တစ်ခါ ခင်ဗျားတို့ကို ဂျက်ပြောပြချင်တဲ့ အဖြစ်ကလေးတစ်ခုက တော့ ဟင်္သာတဘက်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကလေးပါ။ သိတော် မူကြတဲ့အတိုင်းပဲလေ။ ဟင်္သာတဆိုတာက ဟိုးတစ်ခေတ်က စာရေးဆရာ ကြီးများဖြစ်ကြတဲ့ သူရိယကန္တီတို့၊ ဦးဖိုးကျားတို့ မွေးဖွားခဲ့ကြရာ၊ ဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာကြီးပါရဂူတို့ ထွန်းပေါက်ခဲ့ကြရာ ဧရာဝတီမြစ်ကြီးဘေးက မြို့ပါ။ ပြီးရင် ကောလိပ်ဂျင်နေဝင်းတို့၊ ချစ်စမ်း မောင်တို့၊ ဟင်္သာတထွန်းရင်တို့၊ မင်းအောင်တို့ဆိုတာတွေကလည်း ဟင်္သာတနယ်သားတွေပဲပေါ့။ အဲသည့် နာမည်ကျော် ဟင်္သာတမြို့ကလေး ကို တစ်ခါသားမှတော့ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း ရောက်ရှိသွား ခဲ့ပေသေးသပေါ့။

နယ်ခံစာပေသမားတွေက သောင်းသောင်းဖြဖြလို့ ဆိုရလောက်ကိုပဲ ဂျက်ကို ကြိုဆိုခဲ့ကြတာပါ။ ဆိုင်တကာ့ဆိုင် ထိုင်ကြပြုကြ သွားကြ လာကြ စားကြသောက်ကြနဲ့။ အဲသည့်မှာတွင်ပဲ ဂျက်အခုပြောပြချင်တဲ့ အဖြစ် အပျက်ကလေးကို သိခွင့်ရခဲ့တယ် ဆိုပါတော့။

ဟင်္သာတဆေးရုံနဲ့ မလှမ်းမကမ်းမှာ မအေးသန်းဆိုတဲ့ မိန်းမတစ်

www.burmeseclassic.com



ယောက် ရှိပါတယ်။ မအေးသန်းက မုဆိုးမပါ။ ယောကျ်ားဖြစ်သူ ကိုမြနိုင် ဆုံးပြီးကတည်းက သမီးကလေး လွင်လွင်ချိုရယ်၊ သားကလေး ကျော်စွာရယ်နဲ့ လုပ်ကိုင်စားသောက်လာခဲ့တဲ့ မိန်းမပါ။ ယောကျ်ားဖြစ်သူ ကိုမြနိုင်ရှိစဉ်က စုစုစပ်စပ်ကလေး ရှာထားဖွေထားခဲ့တာဆိုတော့ ခြံကလေး အိမ်ကလေးနဲ့မို့ သိပ်ပြီးပါးပါးရှားရှားကြီးထဲက မဟုတ်လှပါဘူး။ မအေးသန်း ဟာ ယောကျ်ားဆုံးပြီးကတည်းက ကလေးတွေနဲ့ စားသောက်နေထိုင်လာလိုက်တာ လေးငါးခြောက်နှစ်လည်း ကြာရော ဘယ်လိုဖြစ်တယ် မဆိုတတ်ပါဘူး၊ တစ်ရပ်တည်းသား ကိုအုန်းမြင့်ဆိုသူနဲ့ ငြိကြပါလေရော။ ကိုအုန်းမြင့်က အိမ်ထောင်ပျက်လေ။ မအေးသန်းဟာ ကလေးတွေ မရှိပ်မိအောင် နေရင်းနေရင်းနဲ့ တစ်နေ့မှာတော့ ဘယ်လိုများ စိတ်ကူးပေါက်တယ် မပြောတတ်ပါဘူး။ ကိုအုန်းမြင့်နောက်ကို ကောက်ကောက်ပါအောင်လိုက်လို့ ခြေရာပျောက်ထွက်သွားပါတော့တယ်။ သမီးနဲ့ သားအတွက်လို့ ဆိုပြီး စာကလေးတစ်စောင်တော့ထားရစ်ခဲ့ပါလေရဲ့။ သမီးဖြစ်တဲ့သူလွင်လွင်ချိုက အိမ်လာတဲ့သူတိုင်းကို အဲသည်စာတလေး ပြပြငိုတဲ့အခါ လာမိတဲ့သူအဖို့ ရယ်ရအခက်၊ ငိုရအခက်။ အဆိုးဆုံးကတော့ အော်အော်ငိုလိုက်တဲ့ လွင်လွင်ချိုရဲ့အသံပါ။

**သမီးတို့ ဖွင့်ဖွင့်လင်းလင်းပြောရင် သမီးတ အမေတို့ကို မလေးစားသဲ နေမတဲ့လား။**

ဩော်. . တကယ့်ကိုမှ ကြားရတောင့်ကြားရခဲ အရပ်ထဲက ဇာတ်လမ်း တစ်ပုဒ်ပါပဲလေ။

**သတင်းစုံဗျာနယ်၊ အမှတ် (၄၂)**

ဆောရီးဖြစ်ရင် စ,လိုက်ရအောင်




www.burmeseclassic.com

www.burmeseclassic.com

## ဆောမိုနွမ်မှင် စ,လိုက်ရအောင်

### (တစ်)

ဂျက်ရဲ့ အရည်မရ အဖတ်မရစာတွေကို စွဲစွဲမြဲမြဲ စောင့်ဖတ်နေကြတဲ့ စာဖတ်ပရိသတ်တွေ လပ္ပတ္တာဆိုတဲ့ မြို့ကလေးကိုများ ရောက်ဖူးကြလေလား မပြောတတ်ပါဘူး။ မရောက်ဖူးခဲ့ကြရင်လည်း ကြားတော့ကြားဖူးကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ လပ္ပတ္တာဆိုတာက မြစ်ဝကျွန်းပေါ်မှာ သဘောလမ်းခရီးဆုံးတဲ့မြို့ပါ။ စပါးတွေ၊ ဆားတွေ၊ ငါးတွေ၊ ပုစွန်တွေ လှိုင်လှိုင်ထွက်တဲ့မြို့ပေပေါ့။

ဂျက်က အဲသည့်လပ္ပတ္တာဆိုတဲ့ မြို့ကလေးနဲ့ အင်မတန်မှကို ရင်းနှီးကျွမ်းဝင်တဲ့ပုဂ္ဂိုလ်ပါ။ မကြာမကြာဆိုသလို သွားလိုက်ပြန်လိုက်။ ဒါကြောင့် အဲသည့် လပ္ပတ္တာဆိုတဲ့မြို့ကလေးကို သွားရင်းနဲ့ ကြားခဲ့သိခဲ့ရတဲ့ ကိုစိုးမြင့်ဆိုတဲ့ လူတစ်ယောက်အကြောင်းကို ပြောပြချင်တာပါ။

### (နှစ်)

ကိုစိုးမြင့်ဆိုတဲ့လူက တော်တော်ကလေးကို အခြေခံပညာနည်းရှာတဲ့ ပုဂ္ဂိုလ်ပါ။ နည်းဆို အတန်းပညာရယ်လို့ကို မရှိတဲ့ပုဂ္ဂိုလ်ပါ။ မြန်မာစာ

www.burmeseclassic.com

www.burmeseclassic.com



ရေးတတ်ဖတ်တတ်ပေါ့။ ဒါပေမယ့် နိုးတယ်။ သွက်လက်တယ်။ လူရည် လည်တယ်။ သပ်သပ်ရပ်ရပ် ဝတ်တတ်စားတတ် နေတတ်ထိုင်တတ်တယ်။ အနေအထိုင်ကလည်း တည်တည်သန့်သန့်ဆိုတော့ ကြည့်လိုက်ရင် ပညာ တတ် ရုပ်ထွက်နေတဲ့ပုဂ္ဂိုလ်လို့ပဲ ဆိုကြပါစို့။

ကိုစိုးမြင့်ကို သူ့ရုပ်ကွက်က လူကြီးတွေက ခင်ကြပါတယ်။ အဲသည် တုန်းက ကောင်စီခေတ်ဆိုတော့ သူ့ရပ်ကွက်ကောင်စီရုံးကလေးရဲ့ ကိစ္စ တော်တော်များများဆိုရင် ကိုစိုးမြင့်ကို ခေါ်ပြီး ခိုင်းနေကျပါပဲ။ နောက် တော့ နေရာတကာမှာ ကိုစိုးမြင့်မပါရင် မပြီးသလိုလိုဖြစ်လာပြီး ကိုစိုးမြင့် လည်း အိမ်မှာထက် ရပ်ကွက်ရုံးကလေးမှာပဲ အနေများလာခဲ့ပါတယ်။

## (သုံး)

ကိုစိုးမြင့်က သူ့ဘဝကို သူ့အတော်မြင့်တင်ချင်တဲ့ပုဂ္ဂိုလ်ပါ။ ဒါကြောင့် စကားပြောရင် ညှပ်ညှပ်ပြောဖို့ လူသုံးများတဲ့ အင်္ဂလိပ်စကားလုံးအချို့ကို ကြိုးစားကျက်မှတ်ပါတယ်။ ဆောရီး(**sorry**)တို့၊ အိုကေ(**O.K**)တို့၊ ရယ်ဒီ တို့ (**Ready**)တို့၊ ရက်စ်(**Yes**)တို့၊ နိုး(**No**)တို့လို စကားလုံးမျိုးတွေပါ။

## (လေး)

အဲလိုနဲ့ ကိုစိုးမြင့်ပါးစပ်ထဲကို အဲသည် လူသုံးများသောအင်္ဂလိပ်စ လုံးအချို့ ရောက်သွားပြီးလို့ မကြာတတ်သေးခင်မှာပဲ ရပ်ကွက်ကလေးမှာ အစည်းအဝေးတစ်ခုလုပ်ဖို့ ကြုံလာပါတယ်။ အစည်းအဝေးက ဘောလုံး အစည်းအဝေးပါ။ ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့်



ရပ်ကွက်လူငယ်တွေနဲ့ လူကြီးတချို့ တွေ့ဆုံညှိနှိုင်းရမည့် အစည်းအဝေးပါ။ ထုံးစံအတိုင်း ကိုစိုးမြင့်လည်း မားမား မားမားပေါ့။

အစည်းအဝေးမစခင်မှာ ဘောလုံးသမားလူငယ်အတော်တော်များများ က ရပ်ကွက်ကောင်စီရုံးကလေးနဲ့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေကြပါတယ်။ လက်ဖက်ရည်လည်းသောက်ရင်း တောင်ပြော မြောက်ပြောလည်း ပြောရင်းပေါ့။ တစ်အောင့်လောက်ကြာတဲ့အခါ ကိုစိုးမြင့် လိုက်ချလာပါတယ်။ လူကြီးတွေစုံလို့ အစည်းအဝေးလုပ်ဖို့ လိုက် လိုက်ခေါ်တာပါ။ သည်မှာ ကိုစိုးမြင့်က သူမခေလှကြောင်း ပြဖို့အတွက် အင်္ဂလိပ်စာလုံးတွေ ထုတ်သုံးပါတယ်။

**"ဟေ့ကောင်တွေ၊ မင်းတို့အားလုံး ဆောရီး(Sorry)ဖြစ်ကြပြီလား"**

ရုတ်တရက် လက်ဖက်ရည်ဆိုင်ထဲမှာထိုင်နေကြတဲ့ လူငယ်တွေ ကြောင်သွားကြပါတယ်။ ဘာကိုဆိုလိုမှန်း မသိလိုက်ကြဘူး။ နောက်မှ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်ဒီ(**Ready**)ဖြစ်ပလားလို့ မေးတာမှန်းနားလည်လိုက်ကြပါရဲ့။ ဒါပေမယ့်လည်း ကိုစိုးမြင့် ရှက်သွားမှာ စိုးတဲ့ အတွက် မှားတယ်မှန်တယ်လည်း ရှင်းပြမနေတော့ပါဘူး။ လွယ်လွယ် ပဲ ဖြစ်ပြီလို့သာ ပြန်အော်လိုက်ကြပါတယ်။

ဒါပေမယ့် ကိုစိုးမြင့်ကရပ်မသွားပါဘူး။ အယောင်အယောင်အမှားမှား နဲ့ သူမှားပြောလို့ ပြောနေမိမှန်းလည်း သတိမပြုမိပါဘူး။ လူအထင်ကြီး အောင်သာ အင်္ဂလိပ်စာလုံးညှပ်ပြောရတယ်။ ပြောနေကျမှ မဟုတ်ဘဲကိုး။ အဲ . . သူနောက်ဆုံးစကားပြောပြီး ပြန်ထွက်အသွားမှာတော့ လက်ဖက်ရည် တစ်ဆိုင်လုံး ပြုံးစေ့စေ့ဖြစ်ကျန်ခဲ့ပါတယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အေး.. ဆောရီးဖြစ်ရင်လည်း အစည်းအဝေး စကြမယ်လေကွာ။ အချိန်ဆွဲမနေကြနဲ့ဦး။ ဟိုမှာ အတုန်ဆောရီးဖြစ်နေကြပြီ" ဟူ၏။

သတင်းစုံဂျာနယ်၊ အမှတ် (၄၃)

သူ့နေရာနဲ့ သူထိုးပါ



www.burmeseclassic.com

www.burmeseclassic.com

## သူ့နေရာနဲ့သူတို့ပါ

### (တစ်)

ဂျက်ရဲ့ အရည်မရ အဖတ်မရ ပေါက်တတ်ကရစာတွေကို အချိန်တွေ အသုံးရှုံးခံပြီး စောင့်ဆိုင်းဖတ်ရှုနေကြကုန်တဲ့ အဆွေစာရှုသူ။ စာရှုသူတို့ အနေနဲ့ ရွှေကူဆိုတဲ့မြို့ကလေးကိုများ သိကြလေမလား မပြောတတ်ပါဘူး။ ရွှေကူဆိုတာ အင်မတန်မှ အေးချမ်းသာယာတဲ့မြို့ကလေးပါ။ ဧရာဝတီမြစ် ကြီးရဲ့ နံဘေးမှာ မေးတင်ပြီး ဟိုတစ်ချိန်ကဆိုရင် ငါးတို့ ဘာတို့ဆိုတာ အင်မတန်မှကို ပေါတဲ့မြို့ကလေးပေါ့။ ရွှေကူက ကချင်ပြည်နယ်ထဲမှာပါ တဲ့ မြို့ကလေးပါ။

### (နှစ်)

ရွှေကူရဲ့ ထူးခြားချက်က အဲသည်မြို့က ဒေသခံတော်တော်များများ ဟာ စကားပြောတဲ့အခါမှာ ဟ,ထိုးသံ မပါကြတာပါပဲ။ မှန်ကြည့်တယ် ဆိုရင် မန်ကြည့်တယ်၊ ငှက်တွေဆိုရင် ငက်တွေ၊ လှံမင်းသားဆိုရင် လံမင်း သား၊ လှေဆိုရင် လေဆိုပြီး ဖြစ်နေကြတာပါ။

တစ်ခါမှာတော့ ရွှေကူသားဦးကိုကြီးဆိုတဲ့ ဆရာတစ်ယောက်မြစ်ကြီး နား တက္ကသိုလ်ကနေ မိတ္ထီလာကောလိပ် ကိုပြောင်းလာပါတယ်။ ထုံးစံ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပေါ့။ သူမှာ ဟ,ထိုးတွေ ပါမလာခဲ့ပါဘူး။ သည်တော့ သူစာသင်တဲ့ အခါ ကျောင်းသားတွေက တဝါးဝါး တဟားဟားနဲ့ပေါ့။ သူက-

"မန်လားဟေ့" လို့ဆိုရင် ကျောင်းသားတွေက "မန်ပါတယ်"ပေါ့။ သူက "မားတဲ့လူရှိလား"လို့ဆိုရင် ကျောင်းသားတွေက "မမားပါဘူး"ပေါ့။ ဒါကိုပဲ ရယ်ကြ မောကြ ဖြစ်နေကြတာပါ။

ဒါနဲ့ တစ်နေ့သားမှာတော့ ဒေသခံဆရာတချို့က ဆရာဦးကိုကြီးထံ မ,တို့ လ,တို့ပါတဲ့ စကားလုံးတွေကို ပြောတဲ့အခါ သတိထားပြောဖို့နဲ့ ဟ,ထိုး ကို ထည့်ပြောဖို့ ဝိုင်းဝန်းသတိပေးကြပါတယ်။ ဦးကိုကြီးကလည်း သူ့ရဲ့ အသံထွက်စွမ်းရည်ကို ဒေသခံတွေ လန့်သွားလောက်အောင် ပြုပြင်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့လိုက်တာပါပဲ။

(သုံး)

တစ်နေ့တော့ ဆရာဦးကိုကြီးတစ်ယောက် စာသင်နေပါတယ်။ သူ စာသင်နေတဲ့အခန်းနဲ့ မလှမ်းမကမ်းမှာလည်း ဆရာတချို့ မတ်တတ်ရပ် စကားပြောနေကြပါတယ်။ သည်တော့ ဆရာဦးကိုကြီးတစ်ယောက် သူ့ရဲ့ တော်ဝင် မြန်မာအသံထွက်ဖြစ်အောင် လက်စွမ်းပြ ထွက်ပြနေခဲ့ပြီပေါ့။ အထူးသဖြင့် ဟ,ထိုးတွေကို ပီပီမြည်မည် ထွက်ပြနေခဲ့တာပေါ့။ မှားတယ် တို့၊ မှန်တယ်တို့ပေါ့။ ကျောင်းသားတွေကတော့ အံ့ဩမဆုံးနဲ့လေ။

ဒါနဲ့ အချိန်ကုန်ခါနီးတဲ့အခါ ဆရာဦးကိုကြီးက ကျောင်းသားတွေကို စကားတစ်ခွန်းပြောပါတယ်။

"မနတ်ဖန်တော့ ဆရာမလှာဘူးတွာ"တဲ့။ တစ်ခန်းလုံး ဝေါခနဲပွဲကျ သွားကြတယ်။ သူက ဟ,ထိုးကို ထည့်မယ် ထည့်တော့လည်း မလာဘူး တိုတောင် မလှာဘူးဖြစ်တဲ့အထိ ထည့်တော့တာကိုး။ သည့်တော့ ကျောင်း သား တွေက ရယ်တော့လေမပေါ့။ ဒါပေမယ့် ဘာ့ကြောင့် ရယ်တယ်ဆိုတာ ဆရာဦးကိုကြီး မသိလိုက်ပါဘူး။ ဒါကြောင့်လည်း စိတ်တိုတိုနဲ့. . .

"ဒါရယ်စရာလားတွာ၊ မင်းတို့ဟာ. . တဲ့မှဝ" လို့ ဆိုလိုက်တဲ့အခါ ဝေါခနဲ ရယ်သံကြီးက ပိုလို့တောင်ဆူညံသွားပါရဲ့။ နောက်တော့ ဒါကိုသိသွားတဲ့ ဆရာတချို့က ဟ,ထိုးကို နေရာတိုင်းမှာလည်း သွားသွားမထည့်ဖို့ လက်တို့ ကြရပြန်ဆိုပဲ။

သတင်းစုံဂျာနယ်၊ အမှတ် (၄၄)





www.burmeseclassic.com

www.burmeseclassic.com



မရယ်ကြနဲ့လို့တော့ မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com

## မရယ်ကြနဲ့လို့တော့ မဟုတ်ပါဘူး

### (တစ်)

ဂျက်တစ်ယောက် အရပ်တကာအစုံ နယ်တကာအနှံ့ ခြေဆန့်သွားလာနေခဲ့တဲ့ ဟိုက သည်က ကြားရသိရ မြင်ရတွေ့ရသမျှသော အမြီးအမောက်မတည့်မှုတွေ၊ ကိုးရိုးကားရားနိုင်မှုတွေ၊ ထူးထွေတည့်အံ့ရာသော်တွေကို ဂျက်ချစ်တဲ့ သတင်းစုံပရိတ်သတ်ကြီးအား ပြန်ပြီး ဖောက်သည်ချလာလိုက်ခဲ့တာ အတော်အတန်တောင် အချိန်လင့်လာခဲ့ပါပြီ။ သည်တစ်ခါတော့ မိတ္ထီလာ ပျော်ဘွယ်တစ်ကြောက ရွာလေးတစ်ရွာမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြန်ပြောရရင် ကောင်းလေမလားလို့ စဉ်းစားမိပါတယ်။

### (နှစ်)

မတော်တဆများ အဲသည့်ရွာဘက်ကို ရောက်သွားခဲ့သည်ရှိသော်လို့ စဉ်းစားကြည့်တဲ့အခါ ဂျက်ရဲ့ခေါင်းတွေ ကျိန်းသလိုလို ဖြစ်လာတာကြောင့် ရွာအမည်ကိုတော့ မပြောလိုတော့ပါဘူး။ မိတ္ထီလာ ပျော်ဘွယ်တစ်ကြော ရွာအမည်တူတွေ တော်တော်ရှိနေတဲ့အထဲက ရွာတစ်ရွာလို့ပဲ ဆိုလိုက်ကြပါစို့ရဲ့။ ဥပမာ မကွေးနဲ့ ကျောက်ပန်းတောင်းကြားက ငွေးရှိ ငွေးပင်၊

www.burmeseclassic.com



ငွေးကုန်း . စတဲ့ ရွာတွေလို နာမည်ဆင်တူတွေထဲက ရွာတစ်ရွာပါ။ မှတ်
သားရလွယ်ကူအောင် ထန်းပင်တုန်းလို့ပဲ ထားလိုက်ကြပါစို့ရဲ့။

တစ်ခါတော့ ထန်းပင်ကုန်းမှာ အငြိမ့်အဖွဲ့ လာက,ပါတယ်။ ရွာဦး
စေတီဘုရားပွဲအဖြစ် တပေါင်းလမှာ လာကတာပါ။ ရွာက စုငွေပြီးသွင်းတဲ့
ဇလာပွဲပါ။ ရွာနီးချုပ်စပ်တွေလည်း လှည်းတွေနဲ့ လာကြည့်ကြတာ မနည်း
မနောပဲပေါ့။ အဲသည့် အငြိမ့်ပွဲခင်းထဲကို မြစ်ကြီးနားမြို့က ရွှေနေကြီး
ဦးခင်မောင်လည်း ရောက်သွားတယ်။ ဦးခင်မောင်က ထန်းပင်ကုန်းနဲ့
မလှမ်းမကမ်းက ပေပင်ကုန်းကို အလည်လာရင်း ဘုရားပွဲနဲ့ကြုံနေလို့ ရွာ
တွေနဲ့အတူ ထန်းပင်ကုန်းကို လိုက်သွားပြီး အငြိမ့်ကြည့်တာပါ။ လူစိမ်း
ဆိုတော့လည်း ထန်းပင်ကုန်းရဲ့ ဓလေ့ထုံးစံတွေကို မသိရှာဘူးပေါ့။

(သုံး)

အဲ့သည်ညက အငြိမ့်ထွက်ပြီးလို့ မကြာလှသေးခင်မှာပဲ လူရွှင်တော်
တွေ ထွက်လာပါတယ်။ လူရွှင်တော်တွေရဲ့ ထုံစံအတိုင်း နောက်ကြပြောင်
ပေါ့။ မြစ်ကြီးနားကနေ ပေပင်ကုန်းကို ခဏရောက်လာရာက ထန်းပင်ကုန်း
မှာ အငြိမ့်လာကြည့်ဖြစ်တဲ့ ဦးခင်မောင်ဆိုတာ ပင်ကိုကကို အရယ်သန်
သူ ဖြစ်လေတော့ လူရွှင်တော်တွေက တစ်ချက်သောလိုက်တဲ့အခါ ဝါးခနဲ
ရယ်ချလိုက်ပါလေရော။

အဲသည်မှာ သူတို့ထိုင်ကြည့်နေကြတဲ့ ဖျာနဲ့ကပ်လျက်က လူစုစုထဲက
တစ်ယောက်က ဦးခင်မောင်ကို ခပ်ထန်ထန်လှည့်ကြည့်ကာ "ဘာရယ်တာ
လဲ"ဆိုပြီး ငေါက်ပါတယ်။ ပြီးတော့မှာ လူရွှင်တော်ရဲ့ပြက်လုံးကို ဝေါခနဲ



ရယ်ချလိုက်ကြပါရော။ သည်တော့မှဖြင့် ဦးခင်မောင်လည်း သူ့ရယ်လက်စ
ကို ဆက်ရယ်လို့ပေါ့။

ဒါနဲ့ မင်းသမီးက နည်းနည်းပါးပါး လှည့်ကာပတ်ကာ ကပြီးတဲ့နောက်
လူရွှင်တော်တွေက သောကြပြန်ပါတယ်။ ဦးခင်မောင်ခမျာလည်း အရယ်
သန်သူတို့ ထုံးစံအတိုင်း မအောင့်နိုင် မအည်းနိုင် ရယ်ချပြန်ပါတယ်။ ထုံးစံ
အတိုင်းပါပဲ။ ကပ်ချက်ဖျာမှာ ထိုင်နေတဲ့ လူစုစုထဲက တစ်ယောက်က
"ဘာရယ်တာလဲ"ဆိုပြီး ခပ်မာမာ လှည့်ငေါက်ပြန်ပါတယ်။ ပြီးတော့မှ သူတို့
တွေက ရယ်ကြမောကြပေါ့။ ဦးခင်မောင်လည်း စိတ်ထဲအောင့်သက်သက်
ဖြစ်သွားမိပေမယ့် ရယ်လက်စကြီးမို့ ဆက်ရယ်နေမိလိုက်ပြန်ပါတယ်။
အဲသည့်တုန်းအချိန်မှာပဲ ဦးခင်မောင်ကို ပွဲကြည့်ခေါ်လာကြတဲ့ ပေပင်ကုန်း
ရွာသားတွေက သူ့ကိုအသာအယာလက်ကုတ်လိုက်တဲ့အခါ ဦးခင်မောင်
တစ်ယောက် နည်းနည်းပါးပါး ရိပ်စားမိသလိုဖြစ်သွားပြီး နောက်တစ်ခါ
လူရွှင်တော်တွေပြက်တဲ့အခါ ခဏအောင့်ထားပြီး ဘေးကဖျာကလူတွေ
ရယ်ပြီးမှ ရယ်ချလိုက်တဲ့အခါ "ဘာရယ်တာလဲ" ပြောမခံရတော့ပါဘူး။

(လေး)

အငြိမ့်ပွဲပြီးလို့ ပြန်ကြတဲ့အခါ လမ်းပေါ်ကိုရောက်တော့ ဦးခင်မောင်က
ဘာရယ်တာလဲကိစ္စကို မေးပါတယ်။ သည်တော့မှ ပေပင်ကုန်းသားတွေက
တကျကျနန ရှင်းပြတော့တာပါ။

ထန်းပင်ကုန်းသားတွေဟာ အင်မတန် ဒေသစွဲကြီးကြတာပဲ။ ကြက်
တိုက်ရင် သူတို့ရွာက နိုင်မှ။ ဘောလုံးကန်ရင် သူတို့ရွာကနိုင်မှ။ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အထည် လူသုံးကုန်ပစ္စည်းအသစ်ပေါ်ရင် သူတို့ရွာက အရင်သုံးရမှ၊ သူတို့ရွာမှာ ပွဲတွေဘာတွေ သွင်းလို့သွားကြည့်ကြပြီဆိုရင်လည်း သူများတွေက အရင်လက်ခုပ်တီးတာ၊ ရယ်တာတို လုံးဝမကြိုက်ကြဘူးတဲ့။ သူတို့လက်ခုပ်တီးပြီးမှ တီး၊၊ သူတို့ရယ်ပြီးမှရယ်တဲ့။ အခုလည်း ဦးခင်မောင်တို့ မျက်နှာစိမ်းမှန်းသိလို့ သူတို့ရွာက ငွေနဲ့စုငှားထားတဲ့အငြိမ့်မှာ ဦးအောင်ရယ် ရယ်ပုံမလားဆိုပြီး ဒေါက်နေကြတာတဲ့။ ဒါကြောင့် ဘာရယ်တာလဲ ဘာရယ်တာလဲနဲ့ လှမ်းငေါက်နေခဲ့ကြတာဆိုပဲ။

"အေးဗျာ၊ ရယ်ချိန်မကန့်သတ်သေးတာပဲ တော်သေးတယ် ဆိုရမယ်။ တော်ကြာ ဒေသခံ ဘယ်နှမိနစ်ရယ်စေ၊ မျက်နှာစိမ်း ဘယ်နှမိနစ်ရယ်စေဆို ဒုက္ခ။ ကျုပ်က အရယ်သန်တယ်ဗျ"တဲ့။

သတင်းစုံဂျာနယ်၊ အမှတ် (၄၃)




လှသိမှာစိုး

www.burmeseclassic.com

www.burmeseclassic.com

## အရပ်ထဲက ပြောကြပါတယ်၊ လူသိများစိုး

(တစ်)

မြန်မာဘုတ်အုပ်စာပေလောကကြီးထဲမှာ ဂျက်ကွမ်းခြံတုန်းဆိုတဲ့ အမည်နဲ့ပဲဟိုနေရာမှာ မားမား၊ သည်နေရာမှာ မားမား ရပ်တည်လှုပ်ရှားခွင့်ရနေတဲ့ ကျွန်ုပ်တစ်ယောက် တစ်ခါသားမှာတော့ ဟင်္သာတဆိုတဲ့မြို့စကော တော ကလေးမှာ ခေတ္တခဏဆိုသလို သွားရောက်နေထိုင်ခွင့်ရခဲ့ပါသေး သတဲ့။ ဟင်္သာတဆိုတာ အင်မတန်မှကို အလှူခံပေါတဲ့မြို့ပါ။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ အလှူခံမရှိတဲ့နေရာရယ်လို့ကို မရှိသလောက်ပါပဲ။

ဝါဆိုသင်္ကန်းကပ်ဖို့ သီတင်းကျွတ်ပွဲကျင်းပဖို့ တန်ဆောင်တိုင်ပွဲကျင်းပ ဦးရှင်ကြီးပွဲဆင်နွှဲဖို့ အကျွတ်အလွတ်ပွဲလုပ်ပေးဖို့ ဘုန်းတော်ကြီးကျောင်း ပြုပြင်ဖို့၊ ဓမ္မာရုံတည်ဆောက်ဖို့ဆိုတဲ့ ခေါင်းစဉ်တွေရဲ့အောက်မှာ အသံချဲ့ စက်သံတွေဆိုတာ အမြဲတမ်းကို စီစီညံညံပါ။ သီချင်းသံတွေကြားကမနေ အလှူရှင်ကို ကြေညာပေးကြ၊ အမျှဝေကြ၊ ဆုပေးကြ၊ တတ်သလောက် မှတ်သလောက် ဟောကြပြောကြဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ဂျက်နေတဲ့ရပ်ကွက်ကလေးက ကောလိပ်ရှေ့က ရပ်ကွက်ကလေးပါ။ ပြောရရင် အဲသည့်ရပ်ကွက်ကလေးနဲ့ မလှမ်းမကမ်းမှာလည်း အလျှံခံစခန်းကလေးတစ်ခု ရှိတယ်ဆိုပါတော့။ ဒါကြောင့်မို့ ကြားချင်ချင် မကြားချင်ချင် အဲသည် အလျှုခံမဏ္ဍပ်က အသံမျိုးစုံကို အသံချဲ့စက်ကတစ်ဆင့် ဂျက် ကြားကြားနေရတယ်ဆိုတာပါပဲ။ သည်တော့လည်း ကြားကြားသမျှတွေက တရားရတာ မရတာထက် ဟားချစရာကြီးတွေ ဖြစ်ဖြစ်နေတာကို ဂျက် သတိပြုမိလာခဲ့ပါတယ်။

(သုံး)

"ဟုတ်တဲ့ပါ ခင်ဗျာ. . ခုလို လှူဒါန်းသွားတဲ့အတွက် ဟသ်ာတ ကောလိပ်က ကျောင်းသားတလေး မောင်မျိုးသန်းဝင်းတစ်ယောက် မကြာခင် မှာပဲ ဆရာဝန်ကြီးဖြစ်လာပါစေ၊ အင်ဂျင်နီယာကြီးဖြစ်လာပါစေလို့ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်ခင်ဗျာ"

ဟသ်ာတကောလိပ်မှာ တက်နေတဲ့သူက ဘယ့်နှယ့်ဘယ်နှယ့် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ ဖြစ်လာမလဲဆိုတာ ဂျက် စဉ်းစားမရ ပါဘူး။ ဒါပေမယ့် အနိုကလို ဆုပေးတဲ့သူက ပေးနေပြန်လေတော့ ကြားကြရသူအပေါင်းက ရယ်ရွှင်ပြုံးတဲ့မပြုံးတဲ့ပေါ့ ခင်ဗျာ။

"ဟုတ်ကဲ့ပါခင်ဗျာ. . ခုနက ကျွန်တော်ကြေညာသွားတဲ့အထဲမှာ ကွယ်လွန်သူ မအေးသန်းလို့ ပါသွားခဲ့ပါတယ်၊ ကွယ်လွန်သူက မအေးသန်း မဟုတ်ပါဘူးခင်ဗျာ၊ မအေးသန်းရဲ့အမေ ဒေါ်အုန်းမြင့်ပါ၊ မအေးသန်းတ



လာလှူတဲ့သူပါခင်ဗျာ၊ သည်းခံပါခင်ဗျာ"

သို့ကလို အမှားပြင်ဆင်ချက်ကလေးတွေကိုလည်း မကြာမကြာဆိုသလို နားဝမှာ ကြားရပါသေးသဗျ။ အဆိုးဆုံးကတော့ ဝုဏ်ပုဒ်ကြီးတွေကို အတင်းချဲ့ကာပြီး လှူကြတန်းကြ အော်ကြဟစ်ကြတာပါ။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အခုတစ်ခါလာရောက်လှူဒါန်းသွားကြတဲ့ အလှူရှင်များကတော့ ဇမ္ဗူထိပ်ခေါင်ရွှေဆိုင်က ရွှေဆိုင်ပိုင်ရှင် ဦးအေးဆွေနဲ့ သူ့ရဲ့ဇနီး ရွှေဆိုင်ပိုင်ရှင်တကော် ဒေါ်ဒေါ်တြွယ်တို့ဖြစ်ပါတယ်၊ အလှူတော်ငွေ ငါးဆယ်ကျပ်တိတိလာရောက်လှူဒါန်းသွားပါတယ်ခင်ဗျာ၊ အလှူရဲ့ အကျိုးအဖို့ဘာဂကို ခေတ္တစင်ကာပူနိုင်ငံရောက် သားလေးမောင်ကျော်စွာနဲ့ ရန်ကုန်မြို့တော်မှာ အင်္ဂလိပ်စပီကင်သင်တန်းသွားတက်နေတဲ့ သမီးလေး လွင်လွင်ချိုတို့လည်း ရပါစေကြောင်း ဆုတောင်းပေးပါတဲ့ခင်ဗျာ၊ ဟုတ်ကဲ့ ရွှေဆိုင်ပိုင်ရှင် ဦးအေးဆွေတို့မိသားစုသည်. . ."

"အဲ. . ခုတစ်ခါ သဒ္ဒါပေါ်တ်စွာနဲ့ လာရောက်လှူဒါန်းကြသူများကတော့ ဒုတိယ လက်ထောက်တွဲဖက် ယာယီရုံးအုပ်ကြီး အငြိမ်းစား ဦးမြနိုင်နဲ့ ဇနီးတို့ ဖြစ်ပါတယ်ခင်ဗျာ၊ အလှူတော်ငွေ နှစ်ဆယ့်ငါးကျပ် တိတိကို လာရောက်လှူဒါန်းသွားကြတာပါ၊ လှူဒါန်းရသော အကျိုးအားကြောင့်. ."

အနှီနှယ်သို့ ဂုဏ်ဒြပ်ကြီးတွေကို ရှေ့တန်းတင်ကာ လှူကြတန်းကြတဲ့ အသံတွေကို ကြားကြားနေရတော့ ကောလိပ်ရှေ့နားမှာနေတဲ့ ကိုစိုးမြင့် တစ်ယောက် နားကြားပြင်းကတ်လာပါတယ်။ လှူတာကနည်းနည်း ကြွားတာကများများလို့ ထင်မိတဲ့အတွက် ပေါ့. . ကိုစိုးမြင့်တို့က လှူပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲမှာ ထင်ပေါ်ချင်တဲ့ကောင်မဟုတ်ဘူးကွ ဆိုတာကို လူတွေကို နည်းပေးလမ်းပြ လုပ်ချင်လာတယ်။ ဒါနဲ့ တစ်နေ့သွားလှူတယ်ဆိုပါတော့။

(လေး)

အဲသည့်နေ့တုန်းက အလှူခံမဏ္ဍပ်ကနေ တိုစိုးမြင့်တစ်ယောက် ပြန်လာလို့ မကြာတတ်သေးခင်မှာပဲ အသံချဲ့စက်ကနေ ကြေညာပါတယ်။ ကြားသူအပေါင်း ပြုံးစစဖြစ်ကြရတယ်ဆိုပါရဲ။

**"ခုတစ်ခါ လာရောက်လှူဒါန်းသွားတဲ့အလှူရှင်တတော့ အမည် မဖော်လိုသူ ကိုစိုးမြင့်ဖြစ်ပါတယ်ခင်ဗျာ၊ အမည်မဖော်လိုသူ တိုစိုးမြင့်တလည်း ငွေဒါနအဖြစ် . ."**

ဟာသ်ာတမှာ ဂျက်ကြုံခဲ့ရတဲ့ အဖြစ်ပါ။

**သတင်းစုံဂျာနယ်၊ အမှတ် (၄၀)**



မင်္ဂလာဦးညမှာ မီးလောင်မှာစိုးရဲ

www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာဦးညမှာ မီးလောင်မှာကိုးခဲ့

### (တစ်)

မြို့တကာအစုံ နယ်တကာအနှံ့လို့ ဆိုရလောက်အောင်ကို ခရီးယာယီ သွားလွန်းလှတဲ့ ဂျက်ကွမ်းခြံကုန်းတစ်ယောက် ရောက်လေရာအရပ်တွေမှာ ဟိုနေရာစပ်စပ် သည်နေရာစပ်စပ်နဲ့ ဝင်ဝင်ပြီး ပါမိရာက တွေ့ရကြုံရကြား သိရသမျှတွေကို ပြန်ပြန်ပြီး ဖောက်သည်ချနေမိပြီမို့ သည်တစ်ပတ်တော့ မေးခွန်းကလေးတစ်ခုနဲ့စ,လိုက်ရရင် ကောင်းလေမလားလို့ စဉ်းစားခန်း ဖွင့်မိတယ်။ ဟုတ်ပါတယ်။ ဂျက်က ခင်ဗျားတို့ကို မေးခွန်းကလေးတစ်ခု လောက် မေးစမ်းချင်တာပါ။ လောကကြီးမှာ ဂီတဆိုတာ လိုအပ်ပါသလား ခင်ဗျာ ဆိုတဲ့မေးခွန်းပါ။

ဂျက်တို့ အထက်တန်းကျောင်းသားဘဝ မြန်မာစကားပြေလက်ရွေးစင် စာအုပ်ကလေးကို ကိုင်ခွင့်ရခဲ့စဉ်က "သီချင်းညည်းတတ်တဲ့ ဓလေ့"ဆိုတဲ့ အက်ဆေးကလေးကို ဖတ်ခဲ့ရဖူးပါတယ်။ မောင်ဖေသန်းရဲ့ လက်ရာပါ။ လောကကြီးထဲမှာ သီချင်းညည်းတတ်ဖို့ လိုတဲ့အကြောင်း၊ လူ့ဘဝရဲ့ ထီးလံမှု၊ အထီးကျန်ဆန်မှုတွေကို သီချင်းတွေက ကုစားပေးနိုင်ပါကြောင်း ရေးထားတဲ့ အက်ဆေးကလေးပါ။ ဂျက် သိပ်ကြိုက်ခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ နာမည်ကျော် စာရေးဆရာမ ကြည်အေးရဲ့ ဝတ္ထုတွေကို ဖတ်ခွင့်ရတဲ့အခါ တေဖွဲ့ဆိုသီဆိုတဲ့ ဝတ္ထုထဲမှာ ကေခေါ် မြကေခိုင်တို့ရဲ့ စကားဝိုင်းမှာ ဂီတဆိုတာ မရှိမဖြစ်တဲ့အရာအဖြစ် ပြောနေဆိုနေကြတာကို လည်း ဂျက်က ခေါင်းတဆတ်ဆတ်နဲ့ ထောက်ခံဖတ်ရှုနေခဲ့ဖူးသူပါ။

ဟုတ်တယ်။ ဂီတဆိုတာ လူ့ဘဝမှာ လိုအပ်တဲ့အရာပါ။ ဒါကြောင့် လည်း လက်ဖက်ရည်ဆိုင်တွေမှာ သီချင်းတွေဖွင့်ပေးထားရတာပေါ့။ ကလေးတွေကို စာသင်တဲ့အခါ တေးကဗျာလေးတွေနဲ့ တွဲစပ်သင်ပေးနေရ တာပေါ့။ ကိုယ်တစ်ယောက်တည်းရှိတဲ့အခါ သီချင်းတွေကို ညည်းနေရတာ ဘယ်လောက် အရသာရှိလေမလဲ။ ဒါက ဂျက် စဉ်းစားမိတဲ့အကြောင်းပါ။

(နှစ်)

ခက်တာက လောကကြီးထဲမှာ သီချင်းတွေနဲ့ မိုင်ပေါင်းကုဋေလောက် ဝေးတဲ့လူတွေကလည်း ရှိနေကြတယ်ဆိုတဲ့အချက်ပါ။ ဒါကို တွံတေးမြို့ ကလေးကို ရောက်သွားခိုက် ကိုယ်တွေ့ကြုံတော့မှ ဂျက်ယုခဲ့ရတာပါ။

တစ်ခါသားမှာတုန်းက တွံတေးမြို့ကလေးကို ဂျက်ရောက်သွားခဲ့ဖူးပါ တယ်။ မင်္ဂလာဆောင်ကိစ္စတစ်ခုလို့ပဲ ဆိုကြပါစို့ရဲ့။ တွံတေးမှာ ကျောင်း ဆရာအဖြစ် တာဝန်သွားကျနေတဲ့ သူငယ်ချင်းတစ်ယောက် တွံတေးသူနဲ့ ညားတဲ့အတွက် ဂျက်က သူတို့ရဲ့မင်္ဂလာပွဲကို သွားရောက်ချီးမြှင့်ခဲ့ရတာပါ။

(သုံး)

ထုံးစံအတိုင်းပေါ့။ ညရောက်တဲ့အခါ မင်္ဂလာဦးဇနီးမောင်နှံက လူရှင်



တွေချည်းပဲ ညှော်ခံပွဲလုပ်ပေးပါတယ်။ ပထမ မိတ်ဆက်ကြ၊ နောက်တော့ စားကြသောက်ကြပေါ့။ နည်းနည်းကလေး ဝိုင်းက စိုပြည်လာတဲ့အခါ မင်္ဂလာဦးလက်ဖွဲ့အဖြစ် တစ်ယောက်ကို သီချင်းတစ်ပုဒ်စီ ဆိုပေးဖို့ ကာယ ကံရှင်တွေက တောင်းဆိုလာပါတယ်။ သည်တော့ အသံကောင်းကောင်း မကောင်းကောင်း အားလုံးပျော်ကြပါးကြစေဆိုတဲ့ သဘောမျိုးနဲ့ တစ် ယောက်ပြီးတစ်ယောက် ပေါ့ပေါ့ပါးပါး ထ,ဆိုလိုက်ကြတာပါပဲ။ လက်ခုပ် တွေဘာတွေ တီးပေးကြ ဘာညာပေါ့။

ဒါပေမယ့် တွံတေးသားကိုအေးနိုင်ဆိုတဲ့လူနားအရောက်မှာ ဝိုင်းက ခဏ တန့်သွားပါတယ်။ သူက သီချင်းမရလို့ဆိုပြီး ငြငြကြီး ရပ်နေတာကိုး။ သူက ရိုးပုံရိုးလက်ကြီးပါ။ အသက် သိပ်မကြီးလှသေးပေမယ့် ဂီတနဲ့တော် တော့်ကို ဝေးပုံရပါတယ်။ သူ့ခမျာ ဂုဏ်ပြုတဲ့အနေနဲ့ ဆိုလည်းဆိုပေးချင်၊ သီချင်းကလည်း ဘယ်သီချင်းမှ ငါးကြောင်းပြည့်အောင်မရနဲ့ တော်တော့်ကို အကျပ်ရိုက်နေတဲ့ပုံပါ။ လူတွေကတော့ ထုံးစံအတိုင်း မရပါဘူးဆိုမှ အခုဆို အခုဆိုနဲ့ ဖွတ်လုပ်လာကြပြီပေါ့။ ကိုအေးနိုင်ကတော့ ရှေ့ကစားပွဲကိုပဲ အကြာကြီးစိုက်ကြည့်နေရှာပါတယ်။ ပြီးမှ. .

"ကျွန်တော် တကယ်မရလို့ပါဗျာ။ ရတဲ့သီချင်းကလည်း အစအဆုံး မရလို့ပါ"

ကိုအေးနိုင်က အခုလိုတောင်းပန်ရှာပါသေးတယ်။ ဒါပေမယ့် လူတွေ က ရသလောက်ပဲဆိုပါတော့ ဆိုပြီး အတင်းမှအတင်းချည်း ဖြစ်လာတဲ့အခါ ကိုအေးနိုင်တစ်ယောက် ကြင်စဦးဇနီးမောင်နှံအတွက် ကြိုးစားဂုဏ်ပြုရှာ တယ်ပေါ့။ ရတဲ့သီချင်းကို ရသလောက်လေးပဲ ဆိုပြတော့လည်း လူတွေက

www.burmeseclassic.com

www.burmeseclassic.com




ပတ်တုပ်လို့မရအောင် တဝါးဝါးနဲ့ ဖြစ်သွားကြပါလေရော။

**"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးရွားလှတာ မညာတာ ဘယ်သူမှ မထောက်ညာ သူခိုးဓားပြထက် ဆိုးတဲ့ရန်သူဟာ ဥဩဇမွှတစ်ခွင်မှာ ဟာဟာ ရန်သူမီးကို အစဉ်အမြဲ သတိပြုပါ"**

ဒါလေးပဲဆိုပြီး ပြန်ထိုင်ချသွားတဲ့ ကိုအေးနိုင်တစ်ယောက် ချစ်သူရဲ့ အိမ်ရှေ့ ဒါမှမဟုတ် အဆောင်ရှေ့တွေဘာတွေမှာ သီချင်းတွေဘာတွေ သွားဆိုတဲ့အခါမှာလည်း သည်သီချင်းကိုများ ဆိုခဲ့လေမလားရယ်လို့ ကျွန်ုပ် ဆရာကြီးဂျက် အနှိုက်တွေးတဲ့ညမှာတုန်းက အတွေးပွားမိခဲ့ပါကြောင်းခင်ဗျာ

*သတင်းစုံဂျာနယ်၊ အမှတ် (၁၅)*



အသည်းကွဲသော မခက်လား

www.burmeseclassic.com

www.burmeseclassic.com

## အသည်းကွဲသော မအက်လား

### (တစ်)

လူရယ်လို့ ဖြစ်လာကြပြီဆိုမှဖြင့် ယောက်ျားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် လူသားတို့မှာ ချစ်တာတို့၊ ကြိုက်တာတို့၊ မုန်းတာတို့၊ မေ့တာတို့ဆိုတာတွေကတော့ ရှိတတ်ကြစမြဲပါပဲ။ ဂျက်ကွမ်းခြံကုန်း ဆိုတာ တလည်း လူသားထဲက လူတစ်ယောက်ပင် ဖြစ်ချေလေတော့ ဂျက်အတိုင်း အတာနဲ့ဂျက်ဆိုသလို ရင်သိမ့်တုန်ဇာတ်လမ်းကလေးတွေ ဘာတွေတော့ ရှိခဲ့ဖူးပေသပေါ့။ အသည်းနှစ်ခြမ်း ပြန်းပြန်းကွဲပြီးတဲ့သကာလ သောကမီးတွေရဲ့ လောင်ခြင်း မြိုက်ခြင်းတို့လည်း ခံစားဖူးခဲ့တာပါ။

ဒါမဆန်းပါဘူး။ နွားသိုးမှန်ရင် ချိုချက်နဲ့မကင်းဘူး ဆိုသလို လူမှန်ရင်လည်း အသည်းကွဲဒဏ်ရာနဲ့ ဘယ်ကင်းကြပါ့မလဲ။ အသည်းကွဲလည်း ကွဲတဲ့အလျောက်ပေါ့။ မျက်ရည်ကျသူတွေ ကျကြ၊ အရက်သောက်သူတွေ သောက်ကြ၊ ခရီးဝေးတွေ ဘာတွေကို စိတ်ပြေလက်ပျောက်ထွက်သွားသူတွေ ထွက်သွားကြ၊ အခန်းအောင်းသူ အောင်းကြနဲ့ သက်သာရာ သက်သာကြောင်းဆိုတာကို ရှာကြံလုပ်ကြရင်း ဝေဒနာကို ကုစားကြရတာပါပဲ။ ဒါပေမယ့် ဂျက်တွေ့ဖူးခဲ့လေသမျှသော အသည်းကွဲသူတွေထဲမှာ တစ်

www.burmeseclassic.com



ယောက်ကအော့ဖြင့် တကယ့်ကိုမှ လောကဓာတ်တစ်ဝှမ်းမှာ ပြောစမှတ်ဆန်း လေသော အသည်းကွဲသူတစ်ယောက်ပါ။

## (နှစ်)

ဂျက်ပြောပြချင်တဲ့လူက ကိုအေးနိုင်လို့ ခေါ်ပါတယ်။ သူ့ကို ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း မြောက်ဥက္ကလာပမှာနေတုန်းက သိခဲ့ ခင်ခဲ့ရတာပါ။ ဘာရိုးသလဲမမေးနဲ့လို့ ပြောရလောက်အောင်ကို ရိုးလှတဲ့သူပေါ့။ ဆေးလိပ်မသောက်ဘူး။ ကွမ်းမစားဘူး။ ဘီယာမသောက်ဘူး။ အရက်ဆိုတာကတော့ ဝေလာဝေးပေါ့။ ကိုအေးနိုင်အသက်အစိတ်ဝန်းကျင်လောက်မှာချစ်သူတစ်ယောက် ရရှိပါတယ်။ သွက်သွက်လက်လက်နဲ့ တက္ကသိုလ်ကျောင်းသူကလေးပါပဲ။ ဒါပေမယ့် သူတို့ဇာတ်လမ်းကြီးက တော်တော့်ကိုပျင်းစရာကောင်းတဲ့ ဇာတ်လမ်းကြီးပါ။ ဘာမှ အနိမ့်အမြင့် အတက်အကျမရှိဘူး။ စိတ်ကောက်တာတို့၊ အထင်လွဲတာတို့၊ မကြိုက်တာ လုပ်မိတာတို့ပြန်တောင်းပန်တာတို့ ဘာဆိုဘာမှမရှိဘူး။

တစ်ခါလာလည်း သွားတွေ့၊ စကားပြော၊ ပြန်လာ။ သွားတွေ့၊ စကားပြော၊ ပြန်လာ။ ရုပ်ရှင်ရိုက်ရင် တော်တော်ပျင်းစရာကောင်းမယ့်ဇာတ်ကားပါ။ တစ်ခါသားမှတော့ ကိုအေးနိုင်တို့ရဲ့ ပျင်းစရာကောင်းတဲ့အချစ်ဇာတ်လမ်း ကြီးကို အားမရကြတဲ့ သူငယ်ချင်းတွေက ကိုအေးနိုင်တို့ဘေးကနေ မြှောက်ပေးကြပါတယ်။ ချစ်သူဆီကိုသွားတွေ့တဲ့အခါ အရက်သောက်သွားဖို့။ ရည်ရွယ်ချက်က အရက်သောက်တဲ့အတွက် ကောင်မလေးတစိတ်ဆိုး၊ ကိုအေးနိုင်ကို မခေါ်မပြောလုပ်၊ ကိုအေးနိုင်က ပြန်ပြီးဒူး



ထောက်တောင်းပန်၊ ဇာတ်လမ်းကလေး နည်းနည်းလှုပ်သွားဖို့ပါ။

ခက်တာက ကိုအေးနိုင်က အရက်ကို လုံးဝမသောက်တဲ့သူ ဖြစ်နေပါတယ်။ သောက်လည်း မသောက်ချင်ဘူးတဲ့။ ဒါနဲ့ ဘယ်လိုလုပ်ရရင်ကောင်းပါ့မလဲလို့ အစဉ်းစားရ ကျပ်နေရာက နောက်ဆုံးမှာ အကြံတစ်ခုရသွားခဲ့ကြပါတယ်။ အဲဒါကတော့ အရက်ကို တကယ်မသောက်ဘဲ ပါးစပ်ထဲမှာ နည်းနည်းငုံထားလိုက်၊ ထွေးပစ်လိုက်၊ ငုံထားလိုက်၊ ထွေးပစ်လိုက်နဲ့အရက်စော်နံအောင်လုပ်တဲ့နည်းပါ။ ဘာပဲဖြစ်ဖြစ် ကောင်မလေးစိတ်ဆိုးသွားဖို့က အဓိကမဟုတ်လား။ တိုတိုပြောရရင် နောက်ဆုံးမှာ ကိုအေးနိုင်တစ်ယောက် အဲသည့်အစီအစဉ်ကို ကြိုက်သွားပြီး အရက်ကိုငုံထွေးလုပ်ကာ သူ့ချစ်သူဆီကို သွားဖြစ်ခဲ့တယ် ဆိုပါတော့။

## (သုံး)

ပြောရရင် ကိုအေးနိုင်ရဲ့ ကောင်မလေးက တော်တော်ကိုထူးတဲ့ကောင်မလေး ပါ။ သူ့ချစ်သူနဲ့ တစ်ညနေလုံး ထိုင်စကားပြောနေခဲ့ပေမယ့် အရက်နံ့ကို သူမရခဲ့ဘူး။ ဒါနဲ့ နောက်ဆုံးမတော့ ပြဿနာ ဖြစ်ကိုဖြစ်ချင်နေတဲ့ဇာတ်လိုက်ကျော် ကိုအေးနိုင်က ကောင်မလေးကို သူ့ဘက်လှည့်ခိုင်းပါတယ်။ ပြီးမှ သူ့ပါးစပ်ကို အတင်းဖြဲကာ ကောင်မလေးနှာကပ်ပြီး 'ဟား' လို့လုပ်ကာ 'ကိုယ့်ပါးစပ်က ဘာစော်နံလဲဟင်'လို့ကို မေးထည့်လိုက်ပါလေရော။ သည်တော့လည်း အရက်နံ့တို မိန်းကလေး ရသွားခဲ့ပြီပေါ့။ ရတော့လည်း ဒေါသထွက်ပြီပေါ့။ သည်တော့မှ ကိုအေးနိုင်က 'ကိုယ်မှားပါပြီအချစ်ရယ်'လို့ လုပ်ဆိုကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ပြဿနာကတော့ဖြစ်ခဲ့ပြီလေ။

(လေး)

အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို မိန်းကလေးက ကိုအေးနိုင်ကို အတွေ့မခံတော့ဘူး။ သည်တော့လည်းကိုအေးနိုင် အသည်းကွဲပြီပေါ့။ ဒါကြောင့် ညနေတိုင်ပြီဆိုရင် ဂျက်ဆီကို ရောက်ရောက်လာတော့တာပါပဲ။ ပထမဆုံးရောက်လာတဲ့နေ့ကဆို တော်တော်ကိုကြေကွဲနေတဲ့ပုံပါ။

"လာဗျာ ဆရာကြီးဂျက်၊ အရှေ့တိုင်းသွားရအောင်"တဲ့

အရှေ့တိုင်းဆိုတာက တရုတ်စားသောက်ဆိုင်ကလေးတစ်ခုရဲ့ အမည်ပါ။ ဂျက်စိတ်ထင် ဒီလူတော့ မူးအောင် ရူးအောင် သောက်တော့မယ်ပေါ့။ ဒါပေမယ့် မဟုတ်ပါဘူး။ ကိုအေးနိုင်က အရင်အတိုင်းပါပဲ။

"ကျွန်တော် နည်းနည်းစိတ်ညစ်နေတယ် ဆရာကြီးဂျက်ရယ်။ ကဲ. . လုပ် ဆရာကြီး ဘာသောက်မလဲ၊ ဘာစားမလဲ၊ ကျွန်တော်ကတော့ ခေါက်ဆွဲကြော်ပဲဗျာ"တဲ့။

သူခေါက်ဆွဲကြော်ဆိုတော့ ဂျက်လည်း ခေါက်ဆွဲကြော်ပေါ့။ အဲသည့်နေ့ညနေက ခေါက်ဆွဲကြော်တစ်ယောက်တစ်ပွဲကို မျက်နှာချင်းဆိုင်စားရင်း သူ့အလွမ်းငိုကာကို နားသောတဆင်လိုက်ရတာလေ။ သူကတော့ ပြောလိုက်၊ စားလိုက်။

"ကျွန်တော်ဘယ်လိုမှ မေ့မရဘူး ဆရာကြီးဂျက်ရယ်။ ဟော့. . ညီလေးတို့ဝိုင်းကို အချဉ်နည်းနည်းလုပ်ပါဦး၊ ကြက်သွန်ချဉ်နော်၊ ငေါ်ဖီမထည့်နဲ့"

အဲသည့်ရက်တွေထဲမှာတုန်းက ညနေတိုင်းတိုင်း အသည်းကွဲကြီး



အေးနိုင်တစ်ယောက် ရောက်လာပြီဆိုရင် သူနဲ့အတူ ခေါက်ဆွဲကြော် လိုက်စားရတာ ဂျက်ရဲ့အလုပ်ပါပဲ။ အင်း. . အသည်းကွဲလို့မှ အရက်ကလေးဘာလေး မသောက်တတ်တော့လည်း အခက်သားပါလား။

အသည်းကွဲသော် မခက်လှ၊ ခေါက်ဆွဲကြော်စားသော် မပျောက်လားလို့တောင် ညွှန်းရမလိုဖြစ်နေခဲ့တာပါ။ မြောက်ဥက္ကလာပမှာတုန်းက ပြောပါတယ်။

**သတင်းစုံဂျာနယ်၊ အမှတ် (၁)**



www.burmeseclassic.com

www.burmeseclassic.com




ဘိုကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ လိမ်းကောင်းပါရဲ့

www.burmeseclassic.com

www.burmeseclassic.com

## ဘိုကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ လိမ်ကောင်းပါရဲ့

(တစ်)

သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ဘိကြကုန်တဲ့ သတ္တဝါအနန္တတွေထဲမှာ ဦးခေါင်းမှာ ပေါက်ရောက်လျက်ရှိတဲ့ ဆံပင်များနဲ့ ပတ်သတ်လို့ဘယ် သတ္တဝါအမျိုးအစားက အလုပ်အရှုပ်ဆုံးသတ္တဝါဖြစ်အမျိုးအစား ဖြစ်ပါ သလဲလို့ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းကိုများ မေးမြန်းသမှုပြုလာဘိခဲ့ရင် ကျွန်ုပ် တတော့ လူပေါ့ဗျာလို့ ခပ်လွယ်လွယ် ဖြေဆိုလိုက်မိမှာပါပဲ။ ဟုတ်ပါရဲ့။ ဆံပင်နဲ့ ပတ်သက်လာတဲ့အခါ ကျွန်ုပ်တို့လူသားတွေသာလျှင် အလုပ်တွေ ဗရပွနဲ့ လွန်စွာ့လွန်စွာ ရှုပ်ပွတာတ်ကြတာပဲမဟုတ်လား။

ဆံပင်ကို ရှည်မယ်။ တိုမယ်၊ ဖြောင့်မယ်၊ ကောက်မယ်၊ ပါးမယ်၊ ထူမယ်။ ထူးစတက်မယ်၊ သရီးစတက်မယ်။ အလယ်ခွဲမယ်။ ဘေးခွဲမယ်။ ဆေးနီဆိုးမယ်၊ ဆေးပြာဆိုးမယ်။ နောက်ကိုလှန်မယ်။ ရှေ့ကိုချမယ်။ တကယ့်ကိုမှ စုံတကာ့စေ့နေတာပါပဲ။ အဲသည့်အထဲမှာမှ ခေါင်းကိုဖွပ်လျှော် တဲ့ကိစ္စဟာလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်နေတယ်လို့ ဆိုကြပါစို့။ အခု ကျွန်ုပ်ဆရာကြီးဂျက်က စာဖတ်သူတို့ကို နည်းနည်းပါးပါးပြန်လည် ဖောက်သည်ချချင်တဲ့ ကိစ္စတလည်း အဲသည့်ခေါင်းကို ဖွပ်လျှော်တဲ့ ကိစ္စ

www.burmeseclassic.com



ပါပဲ။

(နှစ်)

တမ္ဘာကြီးပေါ်မှာလို့ အစချီလိုက်ခဲ့ရင် အင်မတန် အင်မတန်မှကို အလှမ်းကွာဝေးလွန်းလှတဲ့အတွက် မြန်မာနိုင်ငံမှာလိုပဲ အစချီလိုက်ပါရစေ ဟုတ်ကဲ့ . ဂျက်တွမ်းခြံကုန်းတို့ရဲ့ မြန်မာနိုင်ငံမှာပါ။ ဂျက်တို့ရဲ့ မြန်မာနိုင်ငံမှာ အနီးခေါင်းကို ဖွပ်လျှော်တဲ့ကိစ္စကြီးဟာ ဘယ်ခေတ်မှာ ဘယ်သူက ဘယ်နှယ့် ဘယ့်နှယ့်မျှ အစပြုလိုက်လေသလဲဆိုတာကို ဂျက်ကွမ်းခြံကုန်း တစ်ယောက်'တကယ့်ကို မသိခဲ့ရိုး အမှန်ပါ။ ဒါပေမယ့် ခုနေအခါမှာတော့ ဂျက်တို့ရဲ့ သပ္ပုရိသအနွယ်ဝင် သူတော်စင်အဝေါင်းတို့ဟာ ခေါင်းကို ဖွပ်လျှော်ခြင်းအမှုနဲ့ အတော့်ကိုယဉ်ပါးလို့နေခဲ့ကြပါပြီး

ဟိုးရှေးရှေးတုန်းကတော့ ထီးဆောင်းမင်းအပေါင်းတို့ဟာ သူတို့ရဲ့ ဦးခေါင်းတော်မြတ်ကြီးများကို အထူးစပါယ်ရှယ် ဖွပ်လျှော်ခဲ့ကြဟန်တူပါရဲ့ ဒါကြောင့် မြန်မာနိုင်ငံအနှံ့မှာ ခေါင်းဆေးကျွန်းတွေ ပွရှနေခဲ့ကြတာပေါ့ မုတ္တမနဲ့ မော်လမြိုင်ဖြတ်ကူးတော့ သံလွင်မြစ်ကြီးထဲမှာ တွေ့မြင်ရတဲ့ကျွန်း ဟာ ခေါင်းဆေးကျွန်းပေါ့။ ဟသ်ာတမှာလည်း ရွှေပြောင်ပြောင် ဘုရားက နေ လှမ်းမြင်ရတဲ့ကျွန်းဟာ ခေါင်းဆေးကျွန်းပေပဲပေါ့။ မွန်မြန်မာ အနှစ် ၄ဝစစ်ပွဲကာလတုန်းကလည်း ဘုရင်ရာဇာဓိရာဇ်က သူ့ရဲ့ကောင်းလွန်းအိုး ကို အမှုစစ်ဆေးတဲ့အခါ လဂွန်းအိမ်စိတ်အေးလက်အေးနဲ့ ဖြေဆိုနိုင် စေဖို့အတွက် ခေါင်းသွားလျှော်စေတယ်လို့ ဆိုပါတယ်။ ဘာပဲ ဖြစ်ဖြစ် ဒါတွေဟာ ရှေးရှေးတုန်းက ခေါင်းကို ဖွပ်လျှော်ခြင်းရဲ့ သင်္ကေတတွေပဲပေါ့

ဂျက်တို့အဝန်းအဝိုင်းမှာလည်း ခေါင်းလျှော်ခြင်းရဲ့ အယူအဆ မှာ



ထုံးတမ်းတွေဟာပြည့်နှက်နေကြတာပါပဲ။ ကိုယ့်အိမ်က လူတစ်ယောက် ယောက် ခရီးသွားနေရင် ခေါင်းမလျှော်ရဘူးလို့ ဆိုတယ်။ စနေနေ့မှာ ခေါင်းလျှော်ရင် ခေါင်းလျှော်ကြ၊ မီးနေသည် မီးထွက်ရင် ခေါင်းလျှော်ရည် လက်ဆောင်ဆေ၄ကြနဲ့။ အခုကာလများမှာတော့ ခေါင်းညပ်ခေါင်းလျှော် ဆိုင်ကလေးတွေဆိုတာ အစီအရီပါပဲ။

(သုံး)

ခေတ်နဲ့ အညီလို့ပြောရမလားတောင် မသိပါဘူး။ ဂျက်တို့ဝန်းကျင်မှာ ခေါင်းလျှော်ရည်တွေဆိုမှ ဒုနဲ့ဒေးပါပဲ။ ဂျက်သုံးဖူးတဲ့ ဂျက်သိထားတဲ့ ခေါင်းလျှော်ရည်တွေ ဆိုတာတောင်မှ မနည်းလှပါဘူး။

- Dimension တဲ့။ Pantene တဲ့။ sun silk တဲ့။ clear တဲ့။ True Love တဲ့။ Follow me တဲ့။ Beauty တဲ့။ Mild တဲ့။ Tira တဲ့။ Titanic တဲ့။ Neo တဲ့။ Head and Shoulder တဲ့။ ဒွေးတဲ့။ ပွင့်တဲ့။ ရေသူမတဲ့။ အကယ်ဒမီတဲ့။ မနည်းမနော်ပါပဲ။ ဘူးတွေရော၊ အထုပ်တွေရော။

အဲသည့်ခေါင်းလျှော်ရည်တွေ အလုံးနဲ့အရင်းနဲ့ဆိုသလို ဂျက်တို့အရပ် ကို ရောက်လာတဲ့အခါ တချို့အရပ်၊ တချို့လူတွေအဖို့ အစိမ်းသက်သက် ကြီး ဖြစ်နေခဲ့ပါသေးတယ်။ ကိုယ်က ခေါင်းလျှော်ရည်ဆိုလို့ တရှော် ကင်ပွန်းလောက်သာ ရင်းနှီးထားခဲ့ကြတဲ့သူတွေကိုး။ အဲသည့်မှာတင် ကိုဌေးဝင်းဆိုတဲ့ လူတစ်ယောက် အကြီးအကျယ် ဒုက္ခရောက်ခဲ့ရတာပါ။

www.burmeseclassic.com



## (လေး)

ကိုငွေးဝင်းက ဒေးဒရဲသားပါ။ ဒေးဒရဲဆိုတာ တိုးမြစ်ဘေးက မြို့ကလေးတစ်မြို့ပေါ့။ ကိုငွေးဝင်းက ခေါင်းလျှော်ရည်ထုပ်ကလေးတွေ တစ်ခါမှ မသုံးဖူးတဲ့အတွက် သူ့စိတ်ထဲ ခေါင်းလိမ်းဆီလို့ထင်နေခဲ့ပါတယ် မွှေးကလည်း မွှေးတာကိုး။ ဒါနဲ့ တစ်ထုတ်ဝယ်သွားပြီး တစ်ခေါင်းလုံး နှံ့ နေအောင် ကျကျနန လိမ်းပါတယ်။ ပြီးတော့မှ ကြော့နေအောင်ဖီးပြီး ညနေခင်းမှာ လမ်းလျှောက်ထွက်ခဲ့ပါသတဲ့။ ကံက ဆိုးချင်တော့ လမ်းမှာ မိုးနဲ့တိုးပါလေရော။ သည်တော့ တစ်ခေါင်းလုံး ဆပ်ပြာမြှုပ်တွေ အမြှုပ်တွေတစီစီထ,လာတော့တာပေါ့။ အိသွားလူအပေါင်းကရယ်မဆုံး ကြဘူးဆိုတာပါပဲ။ ဒေးဒရဲဘက်မှာ ကြားခဲ့ရတဲ့အဖြစ်ပါ။

သတင်းစုံဂျာနယ်၊ အမှတ် (



ကြောက်မွေးတွေပါလိုက်ပုံက

www.burmeseclassic.com

www.burmeseclassic.com

## ကြောက်မွေးတွေ ပါလိုက်ပုံက

(တစ်)

ဗုဒ္ဓရဲ့အဆိုအဆုံးအမတွေနဲ့ ရင်းရင်းနှီးနှီးရှိကြမယ်လို့ဆိုရင် မည်သူမဆို ဟိရိဩတပ္ပဆိုတဲ့ စကားလုံးကလေးနှစ်လုံးကိုတော့ ကြားဖူးနားဝရှိကြမှာ အမှန်ပါပဲ။ ဟိရိဆိုတာက ရှက်ခြင်းတဲ့။ ဩတပ္ပဆိုတာက ကြောက်ခြင်းတဲ့။ လူဟာ သည်တရားနှစ်ပါးကို လက်ကိုင်ထားရမယ်တဲ့။ ဒါဟာ လောကကို စောင့်ရှောက်တဲ့တရားတဲ့။ ဒါ့ကြောင့်မို့ လောကပါလတရားလို့တောင် ခေါ်ဆိုကြလေရဲ့ မဟုတ်လား။

မှန်ပါတယ်။ ဂျက်တို့မှာ ရှက်တတ် ကြောက်တတ်ရပါလိမ့်မယ်။ ဒါပေမယ့်လည်းပေါ့၊ တစ်ခုသတိထားရမှာက နေရာတကာမှာ ရှက်ဖို့ ကြောက်ဖို့မဟုတ်ဘဲ မဟုတ်တာကို လုပ်ဖို့အတွက်သာ ရှက်ရကြောက်ရမှာဖြစ်ပါတယ်။ သည်လိုမှမဟုတ်ဘဲ အလကားနေရင်း ရှက်နေ၊ အလကားနေရင်း ကြောက်နေပြီဆိုရင်တော့. . ။

(နှစ်)

သည်တစ်ခါ ဂျက်ပြောပြချင်တာက အကြောက်တရားအကြောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ကြောက်စိတ်ပေါ့။ အင်မတန်ဆန်းကြယ်တဲ့စိတ်ပါ။ ဟိုတလောလေးက ထွက်လာတဲ့ စာရေးဆရာမောင်သစ်ဆင်းရဲ ကြောက်စိတ် ဆိုတဲ့ စာအုပ်ထဲမှာဆိုရင် လူမှာကြောက်စရာအကောင်းဆုံး.ထ ကြောက်စိတ်ဝင်လာတာပါပဲလို့တောင် ဆိုထားခဲ့လေရဲ့ မဟုတ်လား။ ဟုတ်ပါတယ်။ ဂျက်တို့ဟာ ကြောက်မွေးပါ ဇာဂနာနဲ့ နုတ်ပစ်ကြရပါလိမ့်မယ်။

ဒါပေမယ့်လည်းပေါ့ဗျာ။ ဂျက် အခုပြောပြချင်တဲ့ ကိစ္စမှာကတော့ ကြောက်မွေးကြီးဟာ ဇာဂနာနဲ့လည်း နုတ်လို့မရ၊ မွေးညှပ်နဲ့လည်း နုတ်လို့မရတဲ့ အတော့်ကို အုတ်အော်သောင်းတင်းဖြစ်ကြရတဲ့ဘဝပါ။ ဆေးတက္ကသိုလ်(၂)က ဆေးကျောင်းသားတစ်ဦးရဲ့ ကြောက်မွေးကြီးလို့ပဲ ဆိုလိုက်ကြပါစို့ရဲ့။

(သုံး)

ဆေးတက္ကသိုလ်(၂)လို့ ဆိုလိုက်တဲ့အတွက် မင်္ဂလာဒုံမှာတုန်းကလား အခု မြောက်ဥက္ကလာကို ရောက်မှလားလို့ သိချင်မနေပါနဲ့တော့။ ဆေးတက္ကသိုလ်(၂)လို့ပဲ မှတ်လိုက်ကြပါစို့ရဲ့။ အဲသည်မှာ ဆေးကျောင်းသားတစ်ယောက်ဟာ အင်မတန်မှကို ကြောက်စိတ်ကြီးတဲ့ ကျောင်းသားတစ်ယောက်ပါ။ သူကြောက်တာလည်း တစ္ဆေနဲ့ သရဲတဲ့။

သူက ညညဆိုရင် ဒါမှမဟုတ် လူတော်တော်ပြတ်ပြီဆိုရင် အိမ်သာတွေ ဘာတွေကို တစ်ယောက်တည်း သွားလေ့သွားထ မရှိတော့ပါဘူး အဖော်လေးအပေါင်းလေးနဲ့မှ။ တစ်ယောက်တည်းသွားပြီဆိုရင်လည်း



မလှမ်းမကမ်းမှာ၊ အနီးအနားမှာ လူအသွားအလာလေးကို လှမ်းမြင်နေရမှ ဆိုတဲ့သူမျိုးပါ။ တစ်ခါတုန်းကများဆို ညဦးပိုင်းကလေး အလင်းရောင်ငွေ့ငွေ့ကလေးသာရှိတော့တဲ့ အချိန်မှာ အိမ်သာတက်နေတုန်း ရုတ်တရက် မီးပြတ်သွားပါလေရော။ အဲသည်မှာ ကြောက်ကြောက်နဲ့ အိမ်သာတံခါးကို တွန်းဖွင့်ထားပြီး ထိုင်တော်မူနေသတဲ့။ သည်တုန်းမှာပဲ တစ်ယောက်ကလည်း အပေါ့သွားချင်တာနဲ့ အဲသည့်အခန်းကိုမှ စွတ်စွတ်ရွတ်ရွတ်ကြီး ဝင်ချင်လာသတဲ့။ ကားကားကြီးရပ်လို့။ . . ပုံစံမျိုး။ ငုတ်တုတ်ထိုင် နေသူခမျာ ကပျာကယာ လှမ်းဆွဲလိုက်ပါသေးတယ်။ မလုပ်ပါနဲ့ မလုပ်ပါနဲ့ပေါ့။ ဒါပေမယ့် မမီလိုက်ပါဘူး။ မျက်နှာမှာ ပြန်းခနဲ နွေးခနဲပေါ့။

အဲသည့်ကြောက်တတ်သူ အမောင်ဆေးကျောင်းသားဟာ တစ်ခါမှာတော့ တော်တော်လေး ပြောစမှတ်ဖြစ်အောင်တို့ အကြောက်ဒီဂရီ တက်ခဲ့ဖူးပါတယ်။ စာမေးပွဲတွေပြီးလို့ နောက်တစ်နေ့စောစော အိမ်ပြန်ကြတော့မယ့် ညပေါ့။ ထုံးစံအတိုင်း နည်းနည်းပါးပါး သောက်ကြစားကြပြီး ညဉ့်တော်တော်နက်မှ အိပ်ပျော်သွားကြတဲ့ညပါ။ အဲသည်ည သန်းခေါင်ကျော်ကျော်ကြီးမှာ အမောင်ဆေးတက္ကသိုလ်ကျောင်းသား ဗိုက်ထဲက နာတာနာတာနဲ့ အိပ်ရာက နိုးလာပါတယ်။ သူ အိမ်သာတက်ချင်ပြီလေ။ အောင့်မရအည်းမရနဲ့။ အားလုံးကလည်း ကိုယ့်အခန်းကို ပြန်အိပ်နေကြပြီ။ နိုးရမှာလည်းခက်၊ ရှက်လည်းရှက်။ တစ်ယောက်တည်းကလည်း မသွားရဲ။

နောက်ဆုံးတော့ သူအကြံရသွားပါတယ်။ ကြွပ်ကြွပ်အိတ်တစ်လုံးထဲမှာ ပါတော်မူဖို့ပါပဲ။ သူက ကြွပ်ကြွပ်အိတ်ထဲမှာ ပါတော်မူပြီးတဲ့အခါ ကျကျနန ထုပ်ပြီး သေတ္တာထဲမှာ ခပ်ရွှရွှကလေး ထည့်ထားပါတယ်။ သည်ကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ သူ့မျှားတွေ မမြင်အောင်ပေါ့။ မိန်းကလေးမှ သင့်ရာတော်ရာ သွားလွှင့်ပစ်မယ်ပေါ့။ ဒါပေမယ့် လူငယ်တို့ထုံးစံပေါ့။ မနက်လည်းလင်းရော သွားကြမယ် လာကြမယ် ကားရောက်ပြီဘာညာနဲ့ အဲသည့်ပါတော်မူအထုပ်ကြီးကို မေ့သွားပါလေရော။ သတိရတဲ့အချိန်မှာကျတော့ လမ်းပေါ် ရောက်နေခဲ့ပြီ ဘာပြောကောင်းမလဲ လမ်းတစ်လျှောက် သင်းပါတဲ့ ပန်းပိတောက်မင်းရယ် ပဲပေါ့။ ကားပေါ်၊ ရထားပေါ်၊ ဆိုက်ကားပေါ် သည်သေတ္တာဖြတ်သွားရာ ခရီးတစ်လျှောက်မှာ လူတွေ နှာခေါင်းရှုံ့ပွ ရှုံ့ပွနဲ့။


ဒါနဲ့ ရန်ကုန်ကနေ ၅ နာရီ ခရီးလောက်သာဝေးတဲ့ တောမြို့ကလေးက အိမ်ကို ပြန်ရောက်တဲ့အခါ အိမ်သားတွေရှေ့မှာပဲ သေတ္တာကိုဖွင့်ပြီး အထုတ်ကိုစွန့်ရပါတယ်။ အိမ်သားတွေကတော့ နံတယ်နံတယ်နဲ့ပေါ့။ ဒါပေမယ့် ကျောင်းတော်သားခမျာ ဟန်ကိုယ့်ဖို့ လုပ်ခဲ့ရပါပြီ။

“အမေတို့က ဘာသိလို့လဲဗျ။ ဆေးကျောင်းမှာက ဆီးတို့ ဝမ်းတို့ကို အမြဲတမ်း သုတေသနလုပ်နေရတာ”

အိမ်သားတွေခမျာ သူတို့လူကိုကြည့်ပြီး ဂုဏ်ယူလို့မဆုံးပေါ့။ အရပ်ထဲ လှည့်လည်ပြီး ကြွားရတာလည်း အမော။

“စာကြိုးစားလိုက်တဲ့ပုံများဟယ်၊ အီးစော်ကို မွှန်နေတာပါပဲ” တဲ့။ ဆေးတက္ကသိုလ်(၂)ဘက်မှာ ဂျက်ကိုယ်တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်ပါ။

သတင်းစုံဂျာနယ်၊ အမှတ် (၅)




www.burmeseclassic.com

www.burmeseclassic.com

## အရပ်ထဲက ပြောကြပါတယ် တူလွန်းတယ်

### (တစ်)

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းတို့ရဲ့ ဟောသည်လူ့ဘုံလောကကြီးထဲမှာ သူ့ကိုလည်း သူ့အဖေနဲ့ အမေကမွေး ကိုယ့်ကိုလည်း ကိုယ့်အဖေနဲ့အမေကမွေး၊ တစ်ယောက်ကို တစ်နေရာ၊ တစ်ရွာကို တစ်ဝမ်းဆွဲ အကွဲကွဲအပြားပြား မွေးဖွားလာခဲ့ကြတာ မှန်ပေမယ့် ဘယ်သူက ဘယ်သင်းနဲ့ဆင်တယ်။ ဘယ်သင်းက ဘယ်ဝါနဲ့ တူတယ် ဆိုတဲ့ပြဿနာ မဟုတ်တာကိုပြဿနာလုပ်တဲ့ ကိစ္စတွေတလည်း လောကထဲမှာ အများသားပါပဲ။ ဒါကြောင့်လည်း လူတူမရှား၊ နာမည်တူမရှားဆိုတဲ့စကား ရှိထားခဲ့တယ်ထင်ပါရဲ့။

လူဆိုတာမျိုးကလည်း ကောင်းကင်ကတိမ်တွေလိုပါပဲ။ အဆင်အသွေးအမျိုးမျိုးပါ။ တချို့က တစ်ယောက်ယောက်နဲ့တူတယ်ဆိုတာကို သဘောကျတတ်ပေမယ့် တချို့ကတော့ ဘယ်သူဘယ်ဝါနဲ့ တူတယ်လို့ဆိုလိုက်ရင်ရှူးရှူးရှဲရှဲနဲ့ ဒေါသထွက် တတ်ကြပါလေရော။ သူဟာ သူပါပဲဆိုတဲ့ သဘောထားပေါ့လေ။ သူ့ကို ဘယ်သူမှ ခိုင်းတာနှိုင်းတာ မကြိုက်ဘူးဆိုတဲ့ သဘောပေါ့။ ဂျက်ကွမ်းခြံကုန်းကိုလည်း သည်အတိုင်းပါပဲ။ တစ်ယောက်က ဂျက်ကို

www.burmeseclassic.com



တိုက်တန်းနှစ်မင်းသားကလေး လီယိုနာဒိုဒီကာပရီရိုနဲ့ တူသလိုလို ပြောလာလို့ ငေါက်ပစ်ခဲ့ရပါသေးတယ်။ ထားပါတော့။

ကျက်နဲ့ သိကျွမ်းခင်မင်ရတဲ့ မိတ်ဆွေအပေါင်းအသင်းတွေမှာ ဘာကလေးပြောလိုက် ပြောလိုက် သူဟာ ဘယ်သူနဲ့တူပါတယ်။ ဘယ်သူနဲ့ဆင်ပါတယ်နဲ့ သူ့ကိုယ်သူ အမြဲတမ်းပြောပြောနေတဲ့ လူတစ်ယောက်ရှိခဲ့ဖူးပါတယ်။ မြောင်းမြသားပါ။ နာမည်က ကိုစိုးဝင်းတဲ့။

(နှစ်)

ကျက်နဲ့ အဲသည် ကိုစိုးဝင်းဆိုတဲ့ပုဂ္ဂိုလ်က စာပေကိစ္စကို အခြေခံပြီး တော်တော့်ကို ရင်းနှီးကြတဲ့ပုဂ္ဂိုလ်တွေပါ။ အတူသွား အတူစား တပူးတွဲတွဲပေါ့။ တစ်ခါသားမှာတော့ ကျတ်ရယ် အဲသည် အနီ ကိုစိုးဝင်းရယ်ဟာ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ထဲမှာ ထိုင်ဖြစ်ခဲ့ကြပါတယ်။ ဟိုစကား သည်စကား စပ်မိစပ်ရာတွေ ပြောဆိုနေကြရင်းက ဘာရယ်မဟုတ်ပါဘူး ကျက်က သူ့မွေးနေ့ကို မေးလိုက်မိပါတယ်။ သူကတည်တည် အေးအေးနဲ့ပါ

“ ကိုယ်က မင်းတုန်းမင်းကြီးနဲ့ တစ်နေ့တည်းလေ ”

“ ဘယ်နေ့များလဲဗျာ ”

“ အင်္ဂါနေ့၊ အင်္ဂါနေ့ ”

အင်္ဂါသားပါလို့ တိုက်ရိုက်ပြောလိုက်ရင် ရရဲ့သားနဲ့ မင်းတုန်းမင်းနဲ့ မွေးနေ့ တူသလေး ဘာလေးလို့ လုပ်လာတဲ့အတွက် ကျက်စိတ်ထဲမှာ အမြင်ကတ်ချင်သလိုလို ဖြစ်သွားမိတာတော့ အမှန်ပါပဲ။

တစ်ခါသားမှာကျတော့ အဲသည့် ကိုစိုးဝင်းရယ်၊ ကျက်ရယ်ဟာ



လပွတ္တာဘက်ကို အလည်သွားဖြစ်ခဲ့ကြပါတယ်။ မြို့ခံတွေက အားရဝမ်းသာနဲ့ ကြိုဆိုကြ ပြုစုကြပေါ့။ တစ်နေ့ လက်ဖက်ရည်ဆိုင်က ထ,တော့ မြို့ခံတွေက စက်ဘီးတစ်စီးစီ ထိုးပေးပါတယ်။ မြို့ကို ပတ်ကြမယ်ပေါ့။ ကျက်ရဲ့လူ ကိုစိုးဝင်းက စက်ဘီးကို လှမ်းမယူပါဘူး။ သူက . . .

“ ကိုယ်က တစ်ချက် တစ်ချက် . . . . . . သွား့ သွားတူချင်တယ် ” တဲ့။ သည်တော့ မေးကြရပြီပေါ့။ ဘာဖြစ်လို့လဲ ညာဖြစ်လို့လဲပေါ့။ သည်တော့မှသူက “ကိုယ်စက်ဘီး မစီးတတ်ဘူးလေ” တဲ့။

ပြောရင် အဲသည်ပုဂ္ဂိုလ်ကျော် ကိုစိုးဝင်းဟာ သူ့ရဲ့ စရိုက်လက္ခဏာတချို့ကို ဘယ်သူဘယ်ဝါနဲ့တူတယ် အမြဲပြောတတ်တဲ့သူပါ။ တစ်ခါက သူ့ကို ဖဲဝိုင်းမှာသွားတွေ့တယ်။ ကျက်ကလည်း ဒါကို အပြစ်ကြီးတစ်ခုအနေနဲ့ မဆိုပါဘူး။ ဒါပေမယ့် သူက-

“ ကိုယ်က တိန္နရှောင်ဖိန်ကြီးလိုပဲ၊ ဖဲတော့ နည်းနည်းဝါသနာပါတယ် ” တဲ့။

တစ်ခါမှာကျတော့ ကျက်က သူ့စီးတရက်သောက်တာ ကြောက်စရာကောင်းလောက်အောင် သောက်လို့ လျှော့ပါလားလို့ သတိပေးမိတယ်။ သူက . . .

“စီးကရက်ကြိုက်တဲ့နေရာမှာတော့ ကိုယ်က ဥက္ကာကြီး မော်စီတုန်းထက်သာချင်တယ်ဟ၊ မရဘူး ” တဲ့။

တစ်ခါကလည်း မြစ်ဝကျွန်းပေါ်ဘက်က မြို့ကလေးတစ်မြို့မှာ ထမင်းဝိုင်း တစ်ခုနဲ့ကြုံဖူးတယ်။ အဲသည် ကိုစိုးဝင်းလေ၊ ငါးပိရည်တွေနဲ့ နယ်နယ်ပြီး စားနေလိုက်တာ။ ပြီးတော့ သူ့ထုံးစံအတိုင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်က ငါးပိရည်ကြိုက်တာကျတော့ ---- တူချင်တယ် " တဲ့။

တစ်ခါမှာတော့ ကိုစိုးဝင်းတစ်ယောက် ဆေးရုံတက်ရပါတယ်။ အဆုတ်ရောဂါပါ။ ကျွန်လည်း ဆေးရုံရောက်သွားရာက ဘာဘာညာညာ သတင်းမေးလို့လည်းပြီးရော ပြောမနာ ဆိုမနာတွေမို့ သူ့ကို နောက်လိုက်ပါတယ်။

" သည်တစ်ခါတော့ ကိုယ့်လူ ကာဖကာနဲ့တူတော့မယ်ထင်တယ်" လို့။ ပုဂ္ဂိုလ် မျတ်နှာမကောင်းပါဘူး။ ကာဖကာဆိုတာ အဆုတ်ရောဂါနဲ့ ဆုံးသွားရှာတဲ့ ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီးလေ။

သတင်းစုံဂျာနယ်၊ အမှတ် (၆)



မနေ့က ကိုးရက်

www.burmeseclassic.com

www.burmeseclassic.com

အရပ်ထဲကပြောကြပါတယ်၊ မနေ့က တိုးရက်

## (တစ်)

ဂျက်တို့တစ်တွေ နေ့စဉ်နဲ့အမျှလို့ဆိုသလို လူတစ်ဦးနဲ့တစ်ဦး တွေ့ကြဆုံကြ ဆက်ဆံကြတဲ့အခါမှာ မြန်မာစကားလုံးတွေမျှသာမကဘဲနဲ့ အင်္ဂလိပ်စာလုံး တချို့တလေကိုပါ အလျဉ်းသင့်ရင်သင့်သလို ရောညှပ် ပြောဆို သုံးစွဲကြတယ်ဆိုတာကို အများပြည်သူတို့ သိရှိထားပြီးသား ဖြစ်ကြမှာပါ။ အိုကေတို့၊ ဆောရီးတို့၊ ဖဲစ်ဗွတ်တို့၊ ရယ်ဒီတို့၊ ဂျူတီတို့ . . . အစရှိတဲ့ စကားလုံးများပါပဲ။ အဲသည့်အထဲမှာ အလန်းဆိုတဲ့ စကားလုံးတလေးဟာလည်း မကြာမကြာသုံးဖြစ်နေတဲ့ စကားလုံးကလေးတစ်လုံးပေါ့။ အင်္ဂလိပ်လိုတော့ Alarm လို့ ခေါ်ပါတယ်။ မြန်မာလိုကတော့ နှိုးစက်လို့ ဘာသာပြန်ထားကြလေသလားပဲ။

အလန်း (Alarm) နှိုးစက်လို့ ဘာသာပြန်ထားတာဟာ ဆိုးတော့ မဆိုးပါဘူး။ ကိုယ်မတော်တဆ အိပ်ပျော်နေခဲ့ရင် ကိုယ်နိုးရမယ့်အချိန်ကို နှိုးပေးရတဲ့စက် မဟုတ်လား။ သည်တော့ နှိုးစက်ပဲပေါ့။ ဒါပေမယ့် အလန်းဆိုတာဟာ အိပ်ပျော်နေမှတင် မကပါဘူး။ နိုးနေတဲ့အချိန်တွေမှာလည်း နိုးသွားဖို့၊ ထမင်းစားဖို့၊ ရုံးဆင်းဖို့၊ စာကြည့်ဖို့ လိုသလို သတိပေးနေတဲ့

www.burmeseclassic.com



စက်ကလေးတွေလေ။ တချို့နာရီတွေမှာဆိုရင် တစ်နာရီ တစ်ခါတောင်မှ သတိပေးနေလိုက်သေးတယ်။ သည်တော့ နှိုးစက်အပြင် သတိပေး စက်လို့တောင် ခေါ်ရရင် ကောင်းလေမလားပါပဲ။ ထားပါတော့ နှိုးစက်ခေါ်ခေါ် သတိပေးစက်လို့ပဲခေါ်ခေါ်၊ သည်တစ်ခါ ခင်ဗျားတို့ကို ဂျက်ကွမ်းခြံကုန်း ပြောပြချင်တာက အဲသည့်နှိုးစက် သို့မဟုတ် သတိပေးစက် သို့မဟုတ် Alarm နဲ့တူတဲ့ လူတစ်ယောက် ရဲ့အကြောင်းပါ။

## (နှစ်)

သူက မဂ္ဂဇင်းအယ်ဒီတာတစ်ယောက်ပါ။ သူ့ကို ရန်ကုန်မြို့တော် အလယ်တည့်တည့်က မဂ္ဂဇင်းတိုက်တစ်ခုမှာ ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်း တွေ့ရှိ သိကျွမ်းရင်းနှီးခွင့်ရခဲ့တာပါ။

အဲသည့် အယ်ဒီတာအလုပ်လုပ်နေတဲ့ မဂ္ဂဇင်းတိုက်က ထုံးစံကလေး တချို့ရှိပါတယ်။ နေ့ခင်း ၂-နာရီဝန်းကျင်ဆိုရင် မလှမ်းမကမ်းက လက်ဖက် ရည်ဆိုင် ကလေးမှာ လက်ဖက်ရည် လိုက်လိုက်တိုက်တာပါ။ Tea Time ဆိုပါတော့။ ပြီးတော့ အယ်ဒီတာတွေရဲ့လစာကို ၁၀-ရက် တစ်ခါရှင်းပေး ပါတယ်။ လခတစ်သောင်းရတဲ့ အယ်ဒီတာဆိုရင် ၁၀-ရက်နေ့မှာ ၃၀၀၀၊ ၂၀-ရက်နေ့မှာ ၃၀၀၀၊ လကုန်ရက်မှာ ၄၀၀၀။ အယ်ဒီတာတွေရဲ့ တောင်းဆိုမှုအရ စီစဉ်ပေးရတာပါ။

မဂ္ဂဇင်းတိုက်ပိုင်ရှင်ကလည်း သည်လိုတောင်းဆိုမှုကလေးတွေ လိုက်လျောရတာ ဘာမှအပန်းကြီးတဲ့တိစ္စ မဟုတ်ပါဘူး။ ငွေကို လို ပေးရတဲ့အတွက် အသက်ရှူတောင်မှ ချောင်သလိုလိုရှိပါသေးတယ်



ဒါပေမယ့်လည်းပေါ့၊ မဂ္ဂဇင်းဆိုတဲ့ အလုပ်မျိုးက အချိန်နဲ့အမျှ အလုပ်ထဲမှာ နစ်နေတတ်တဲ့ အလုပ်မျိုးဆိုတော့ တစ်ခါတစ်ခါ တော့လည်း လက်ဖက် ရည်သောက်တဲ့အချိန်ကို မေ့နေတာမျိုး၊ လခပေးဖို့ကို မေ့နေတာ မျိုးလေး တွေတော့လည်း ရှိပေသပေါ့။ လခကလည်း တစ်လကို သုံးကြိမ်ပေးနေ ရတာ မဟုတ်လား။ မေ့တောင်းမေ့နိုင်တဲ့ အခြေအနေပဲပေါ့။ ဒါပေမယ့် သည်ဇာတ်လမ်း မှာ ဇာတ်လိုက်ဖြစ်နေတဲ့ အယ်ဒီတာက မမေ့ပါဘူး။ လက်ဖက်ရည်သောက်ချိန်ကို မမေ့သလို လခထုတ်ရမယ့်ရက်ကိုလည်း သူဘယ်တော့မှ မမေ့ပါဘူး။ ဒါပေမယ့် သူက အချိန်တန်ပြီဆိုတဲ့အကြောင်း ကို သတိပေးတဲ့အခါဘယ်တော့မှ တိုက်ရိုက်ကြီး မပြောပါဘူး။ ဝေ့ကာဝိုက် ကာ ကွေ့ကာစောင်းကာနဲ့။

" **အား. . . တစ်နာရီတောင်မှ ကျော်ပါပကောလား. . . ဟ** "

ဒါက နေ့ခင်းလက်ဖက်ရည်သောက်ချိန် ၂-နာရီကို သတိပေးတာပါ။

" **ဘာလိုလိုနဲ့ ၂-နာရီတ ထိုးတော့မယ်** "

ဒါကလည်း လက်ဖက်ရည်ချိန်ကို သတိပေးတာပါပဲ။

" **ကျနေကြီးများ ပူလိုက်တာ** "

ဒါကလည်း လက်ဖက်ရည်ဆင်းသောက်ဖို့ သတိပေးပုံတစ်မျိုးပေါ့။

"**မျက်လုံးတွေလည်း မဟုတ်တော့ဘူး၊ မှုန်းတိမ်းတာနဲ့စင်းလာရော**"

ဒါသည်လည်း Tea Timeကို နှိုးဆော်ခြင်း တစ်မျိုးပေါ့။

" **အင်း. . . ဖင်လှည့်ခေါင်းလှည့်နဲ့ လတ ၃ပုံ ၁ပုံ ကျိုးပြန်ပြီ** "

ဒါကတော့ လဆန်း ၁၄ ရက်နေ့ လခပေးဖို့ သတိပေးဟန် တစ်မျိုးပေါ့။

" **ကိုယ့်စိတ်ထဲ မနေ့တစ်နေ့တပဲ လတုန်တယ်လို့ထင်တာ ခုကြည့်**



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက် ရှိပြီ ”

ဒါကလည်း ဆယ်ရက်ဖြစ်ကြောင်း တပ်လှန့်ခြင်းပါ။

“ မဂ္ဂဇင်းတွေလည်း စုံသလောက်ရှိရောပေါ့။ ခုပဲ ဆယ်ရက်ရှိမှုဥစ္စာ”

ယင်းသည်လည်း ဆယ်ရက်ဖြစ်၍ လခပေးရန်အချက်ပေး ဉသြသံပါပဲ။

“ ဟောကြည့်စမ်း၊ ဆယ်ရက်တောင်ရှိပြီ၊ သင့်ဘဝအောင်မြင်ရေး မတွေ့မိသေးဘူး ”

အနှီကလည်း ဆယ်ရက်ရှိကြောင်း လခတောင်းခန်းပါပဲလေ။ သည်တော့ အနှစ်ချုပ်ရရင် Alarmကို မထပ်ရအောင် တစ်ခါတစ်မျိုးနဲ့ အသာကလေး နှိုးဆော်လာရာက နောက်တော့ Alarmတွေ ရှုးပါးပစ္စည်းဖြစ်လာဟန် တူပါတယ်။ တစ်ခါမှာတော့ သည်လိုခင်ဗျ။

“ ဘော့စ် (Boss) ရေ. . . မနေ့က ဘယ်နှစ်ရက်လဲဗျ ”

“ ဒါဆို ဒီနေ့ ဆယ်ရက်ပေါ့ ” တဲ့။

အဆက်အစပ်မရှိ ငုံးတိတိကြီး။ မဂ္ဂဇင်းတိုက်တစ်တိုက်မှာ ပြောပါတယ်။

သတင်းစုံဂျာနယ်၊ အမှတ် (၇)



ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com

အချပ်ထဲက ပြောကြပါတယ်
ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့

## (တစ်)

အခုတစ်လောကလေးမှာ ဆရာကြီးဂျက်ကွမ်းခြံကုန်း တစ်ယောက် ပသို့မျှား ဖြစ်နေမိတယ်လို့ မပြောတတ်ပါဘူးခင်ဗျား။ နာမည်ကျော်ကြား လူသိမျှားလှတဲ့ အားကစားသမားတွေ၊ အနုပညာရှင်တွေကို သူတို့ပရိသတ်က လေးစားတယ်၊ ချစ်ခင်တယ်ဆိုတဲ့ သတင်းတွေကို ဟိုကသည်က သိရ ကြားရတဲ့အခါ ကိုယ်လည်းပဲ သူတို့လို အလေးစားခံရတဲ့ အချစ်ခံရတဲ့ ဘဝကိုရောက်သော် ကောင်းပေလေစွလို့ အတွေးဝင်နေမိခဲ့တယ်။

မကြာသေးပါဘူး။ ကျန်ခဲ့တဲ့ ဆယ့်လေးငါးရက်လောက်က သတင်း တစ်ခု ဖတ်ရပါတယ်။ ကမ္ဘာကျော် ဘောလုံးသမားကြီး ပီလီရဲ့ သတင်းပါ။ မားပြက ခရီးသည်တင် ဘတ်စ်ကားကြီးတစ်စီးကို လမ်းမှာဖမ်းတားပြီး မားပြတိုက်ရအောင်လို့ ကားပေါ်ကို တက်လာပါတယ်။ အဲသည့်မှာ ကား နောက်ဘက်က ထိုင်ခုံမှာ ထိုင်လိုက်လာတဲ့ ဘောလုံးသမားကြီးပီလီက အသာမတ်တတ်ရပ်ပြီး သူ့ဦးထုပ်ကို ချွတ်ပြလိုက်တဲ့အခါ မားပြက မတိုက် တော့ဘဲ ပြန်ဆင်းသွားတယ်လို့ ဆိုပါတယ်။ ကမ္ဘာကျော် ဘောလုံးသမား ကြီးအပေါ် ချစ်ခင်မှု၊ လေးစားမှု၊ တန်ဖိုးထားမှုတွေပဲပေါ့ခင်ဗျာ။ ဂျက်

www.burmeseclassic.com



တကယ့်ကို အားကျမိတာပါ။

နောက်တစ်ခါ ဖွတ်သိခွင့်ရတဲ့ သတင်းကလည်း ကျန်ခဲ့တဲ့ ဆယ့်လေးငါးရက်က သတင်းပါပဲခင်ဗျ။ ရုပ်ရှင်မင်းသား ဒွေးရဲ့ သတင်းပါ။ သူခိုးတစ်ယောက်က ဒွေးရဲ့ အိမ်ထဲကို ခိုးဖို့ဝင်ရောက်လာခဲ့ပါသတဲ့။ ဒွေးတို့ကလည်း တစ်အိမ်လုံး အိပ်မောကျနေခဲ့ကြပါသတဲ့။ သူခိုးက ခိုးဖို့ဝင်ရောက်လာခဲ့တာမှန်ပေမယ့် ဒွေးတို့အိမ်မှန်း သိသွားတဲ့အခါ မခိုးတော့ဘဲပြန်ထွက်သွားပါသတဲ့။ မပြန်ခင်မှာ စာကလေးတစ် စောင်တောင်မှရေးပြီး ထားသွားခဲ့တယ်ဆိုလားပါပဲ။

" **ကိုဒွေး**

**ကျွန်တော့်ကို ခွင့်လွှတ်ပါ** " ဟူသတဲ့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အနုပညာရှင်တစ်ယောက်အပေါ်မှာ သူခိုးကတောင် မခိုးဘဲနဲ့ ပြန်ထွက်သွားခဲ့တယ်ဆိုတာ တကယ့်ကိုချစ်လို့၊ လေးစားလို့၊ တန်ဖိုးထားလို့ ပါပဲ။ သည်တော့ ဂျက် အားကျမိတာမဆန်းလှပါဘူး။

(နှစ်)

အများသိတော်မူကြတဲ့အတိုင်းပါပဲ။ ဂျက်ကွမ်းခြံကုန်း ဆိုတာဟာလည်း လူထုကချစ်တဲ့ စာရေးဆရာတစ်ယောက်ပါ။ ကမ္ဘာကျော် ဘောလုံးသမားကြီး ပီလီတစ်ယောက်နှယ်၊ ပြည်တော်ချစ် ရုပ်ရှင်မင်းသား ဒွေးတစ်ယောက်အလား Super Starကြီး မဟုတ်သည့်တိုင် ဂျက်မှာလည်း ဂျက်အထွာနဲ့ ဂျက်ဆိုသလို အနုသုခုမ ပရိတ်သတ်တွေက ဒုနဲ့ဒေးပါ။ ဒါကြောင့်မို့ပဲလို့ ဆိုကြပါစို့ရဲ့။ တစ်ညသောအခါသမယဆီမှာဖြင့် ဂျက်ကလည်း



ဂျက်အပေါ်မှာ ထားရှိကြတဲ့ လူထုရဲ့ မေတ္တာတရားကို စမ်းကြည့်ခဲ့မိပါတယ်။ အဲဒါကတော့ မြောက်ဥက္ကလာပမှာရှိတဲ့ ဂျက်ရဲ့ အိမ်ကလေးကို တံခါးတွေ အကုန်ဖွင့်ပြီး အိပ်ကြည့်ခဲ့တာပါပဲ။ ဂျက် ဘယ့်ကလောက်ကြာကြာ အိပ်ပျော်သွားခဲ့မိဘယ် မသိပါဘူး။ မနက်မိုးလင်းတော့ ဂျက်ဘေးမှာ စာကလေးတစ်စောင် ခင်ဗျ။

**ကိုဂျက်**

**ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့၊**

**ရှိတာ အကုန်ယူသွားပါပြီ၊**

**တစ်ခု အကူအညီတောင်းပါရစေ၊**

**ကိုဂျက်၏ ရှူးဖိနပ်ထဲတွင် ခြေအိတ်တစ်ဖက်တည်းသာ တွေ့ရပါသည်၊ ကျန်တစ်ဖက် ရှာမတွေ့ပါ၊ သို့ပါ၍ တွေ့ခဲ့သော် မတာလေထန်တုန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အမြန်ချောဖြင့် သော်လည်းကောင်း ပို့ပေးပါရန် တောင်းပန်အပ်ပါသည်၊**

ပသို့များ ဖြစ်ရပြန်လေသည်မသိ။ ပီလီနဲ့ကျတော့ တစ်မျိုး၊ ဒွေးနဲ့ကျတော့ တစ်မျိုး။ ဆရာကြီးဂျက်ကွမ်းခြံကုန်းကိုကျတော့. . .

မေတ္တာမရှိကြလေရော့သလား။မြောက်ဥက္ကလာပဘက်မှာ ကြုံခဲ့ရပုံများ ပြောပါတယ်။

သတင်းစုံဂျာနယ်၊ အမှတ် (၉)

www.burmeseclassic.com

www.burmeseclassic.com



မင်းကွတ်သီး စားဖူးကြပါသလား

www.burmeseclassic.com

www.burmeseclassic.com

## အချုပ်ထဲက ပြောကြပါတယ်၊ မင်းကွတ်သီး စားဖူးကြပါသလား

### (တစ်)

ဂျက်တို့လို ခင်ဗျား တို့လိုလူဆိုတဲ့သတ္တဝါအမျိုးအစားဟာ တော်တော်တော့ ရယ်စရာကောင်းတဲ့ သတ္တဝါ အမျိုးအစားပါ။ ငွေကြေးတွေ ဘယ်လောက်ပဲ ချမ်းသာကြ ချမ်းသာကြ၊ ရာထူးဂုဏ်အရှိန် အဆင့်အတန်းတွေ ဘယ်လောက်ပဲ မြင့်မားကြ မြင့်မားကြ၊ ပညာတွေကို ဘယ်လိုပဲ သင်ထားကြ သင်ထားကြ၊ ကိုယ်နဲ့ မရင်းမနှီး မကျွမ်းဝင်တဲ့ အစားအသောက်တွေ၊ အသုံးအဆောင်တွေ၊ အလုပ်အကိုင်တွေနဲ့ တွေ့ကြရတဲ့အခါ လူဟာ ဘာမှ မဟုတ်တော့ပါဘူး။ လူဆိုတာ ရယ်စရာကြီးပါ။

ဂျက် ဖတ်ဖူးခဲ့တာလေးတစ်ခုကိုမှတ်မိနေသေးတယ်။ 'လျှပ်တစ်ပြက်ဂျပန်'ဆိုတဲ့ ကွယ်လွန်သူ စာရေးဆရာ မင်းကျော်ရဲ့ စာအုပ်ကလေးပါ။ စာရေးဆရာ မင်းကျော်တို့ ဂျပန်တိုရောက်သွားကြတဲ့အခါ တစ်နေ့အစားအသောက် စားဖို့အတွက် ဟော်တယ်တစ်ခုထဲကို ဝင်ရပါတယ်။ စားပွဲထိုးတွေက စားပွဲပေါ်မှာ အစားအသောက်တွေကို တည်ခင်းပြင်ဆင် ပေးလာတဲ့အခါ ကော်ပြန့်စိမ်းလို ဖွေးဖွေးဖြူဖြူအလိပ် ကလေးတစ်လိပ်ကိုလည်း ပန်းကန်ပြားကလေးနဲ့ ပြင်ဆင်ကာ လူရှေ့တည့်တည့်မှာ လာချပေးပါ

www.burmeseclassic.com



တယ်။ အရွေ့ကလေးတွေတောင်မှ တလူလူထွက်လို့ပေါ့။

စာရေးဆရာမင်းကျော်က ဒါကို တကယ့်ကော်ပြန့်စိမ်းလို့ပဲ ထင်နေတာပါ။ အနှိ ရှေ့တည့်တည့်မှာ လာချပေးထားတယ်ဆိုတော့ ထမင်းမစားခင် စားရမယ့်ဟာပဲလေ လို့ထင်ပြီး ဇွန်းခက်ရင်းကို ကောက်ယူထည့်လိုက်ကာ အနှိဖွေးဖွေးအိအိကလေးကို မရမကထိုးဆွ ဆွဲဖြတ်ပါတော့တယ်။ မရပါဘူးခင်ဗျ။ ဘယ်လိုမှကို ထိုးဆွ ဆွဲဖြတ် လို့ မရပါဘူး။ မရဆို အဲဒါက စားစရာမှ မဟုတ်ဘဲကိုး။ ရေနွေးငွေ့နဲ့ ပေါင်းပြီး ပိုးသတ်ထားတဲ့ ပိတ်ပြ လိပ်ကလေး။ အစားအသောက်မစားခင် မျက်နှာတို့ လက်တို့ကို ပွတ်တိုက်ပြီး သန့်စင်လန်းဆန်းသွားအောင် လုပ်ဖို့ လာချပေးထားတာ။ ဒါကို စားစရာ အမှတ်နဲ့ အတင်းဆိတ်ဆွ ထိုးဖွဲ့နေတော့ ရယ်စရာပေါ့။

ဂျက်တို့ရဲ့ စာရေးဆရာကြီး ဒဂုန်တာရာဆိုရင်လည်း အနှိသို့ ငှင်းပါပဲခင်ဗျ။ ဆရာဒဂုန်တာရာဆိုတာ အရက်တို့၊ တွမ်းတို့နဲ့ တော်တော့်ကို အလှမ်းဝေးကွာလှတဲ့ သူပါ။ အနှိကိစ္စတွေမှာ ဆရာဒဂုန်တာရာ မကျွမ်းကျင်လှပါဘူး။ ဒါကြောင့်မို့ပဲ ထင်ပါရဲ့။ ဟိုးအတိတ်တစ်ခါက ဆရာ စာတစ်ပုဒ်ထဲမှာ ဘီယာကို ဆော်ဒါနဲ့ ရောသောက်တယ်လို့ ရေးထည့်လိုက်တဲ့အခါ ဖတ်သူတွေ ပြုံးဖို့ ဖြစ်သွားခဲ့ရတာပါပဲ။

(နှစ်)

အဲသည်လို ပြုံးဖို့ကောင်းတဲ့ အဖြစ်အပျက်မျိုးတစ်ခုကို မြို့တော် ရန်ကုန်မှာရှိတဲ့ ဆေးတက္ကသိုလ် အမျိုးသားဆောင်တစ်ခုမှာ ဂျက် ကြုံတွေ့ခဲ့ရဖူးပါတယ်။ သည်အဖြစ်မှာ ကာယကံရှင်အဖြစ် ပါဝင်ခဲ့တဲ့ ဆေးကျောင်းသားကလေးဟာ အခုဆိုရင်ဆရာဝန် ဖြစ်ပြီးရုံသာမက ဘွဲ့လွန်တောင်မှ ဆက်တက်လို့ နေခဲ့ပါပြီ။ ဆိုကြပါစို့။ ဒေါက်တာဘုန်းဝေလို့ပဲ။ သည်တုန်းကဖြင့် ဆေးကျောင်းသားကလေး ကိုဘုန်းဝေပေါ့။



ကိုဘုန်းဝေက အညာဒေသ မြို့ငယ်ကလေးတစ်မြို့ကပါ။ တစ်ခါသားမှာ ကိုဘုန်းဝေတို့ရဲ့ အမျိုးသားဆောင်ကို မော်လမြိုင်ဘက်က အမျိုးသမီးတစ်သိုက် ရောက်လာကြပါတယ်။ ကိုဘုန်းဝေလိုပဲ ဆေးကျောင်းမှာ တက်နေတဲ့ သူတို့တူ သူတို့သား သူတို့ မောင်ကို လာတွေ့ကြတာပါ။ မကြာမကြာ လာနေကျအဖွဲ့ဖြစ်တဲ့အတွက် အားလုံး နဲ့လည်း ရင်းနှီးပြီးသား ဖြစ်နေကြတဲ့သူတွေပါ။ သူတို့တွေလာကြတဲ့အခါ စားစရာသောက်စရာတွေ အမြဲလိုလို ယူလာနေကျမို့ အဲသည်တစ်ခေါက်ကတော့ မင်းကွတ်သီး တွေ အများအပြား ယူလာကြပါတယ်။ ဝိုင်းဖွဲ့ရင်း စကားပြောရင်း စားကြသောက်ကြပေါ့။

ခက်တာက ကိုဘုန်းဝေက မင်းကွတ်သီးကို နာမည်သာ ကြားဖူးနေတာ တစ်ခါမှမစားဖူးဘူး။ ညှော်သည်ထဲက အမျိုးသမီးတစ်ယောက်ကလည်း လက်သွက်ခြေသွက်နဲ့ မင်းကွတ်သီးတွေကို လူစေ့အောင် လက်ထဲလိုက်ထည့်ပေးနေကာ ပါးစပ်ကလည်း စားပါ စားပါနဲ့ တတွတ်တွတ်။ အထူးသဖြင့် ကိုဘုန်းဝေကို ဦးတည်ပြီး မောင်ဘုန်းဝေစားလေ၊ မောင်ဘုန်းဝေစားလေနဲ့ လုပ်နေတာပါ။

ကိုဘုန်းဝေခမျာ မင်းကွတ်သီး လေးငါးလုံးလက်ထဲမှာ ကိုင်ပြီး ဇောချွေးတွေ ပြန်လို့။ မင်းကွတ်သီးဆိုတာ သစ်တော်သီးလို အခွံနွှာစားရတဲ့ အသီးမျိုးလား။ ဒါမှမဟုတ် မာလကာသီးလို သည်အတိုင်း ကိုက်စားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသီးမျိုးလား။ ဒါမှမဟုတ် ဒူးရင်းသီးလို အထဲက အမြှာကို နွှာစားရတဲ့ အသီးမျိုးလား။ အနုလုံပဋိလုံ စဉ်းစားရင်း ကျန်တဲ့လူတွေကို ကြည့်လိုက်တော့ အကုန်လုံးက စကားကောင်းကြလို့။ သည်တော့မြားဦးက ကိုဘုန်းဝေဘက် လှည့်လာပြန်တာ " စားပါမောင်ဘုန်းဝေရဲ့၊ စားလိုက် စမ်းပါဦး နောက်မှ စကားပြောတာပေါ့ စားလိုက်စမ်းပါ"နဲ့ ဖွတ်ဖြစ်လာ ပါရော။

နောက်ဆုံးတော့ မောင်ဘုန်းဝေ မခံနိုင်တော့ပါဘူး။ ဖြစ်ချင်ရာဖြစ် ဆိုပြီး ပါးစပ်ထဲကို မင်းကွတ်သီးတစ်လုံး ထိုးထည့်လိုက်ပါတယ်။ သည်တော့မှ အားလုံးမျက်လုံး အဝိုင်းသားနဲ့။

"မောင်ဘုန်းဝေ အထဲကအမြှာကို ထုတ်စားလေကွယ်"တဲ့။ ကိုဘုန်းဝေမှာ အရှက်ကွဲမခံပါဘူး။ သည်လိုပြန်ပြောပါတယ်။ "သိတယ် ဒေါ်ဒေါ် အညာဘက်မှာက ပထမအလုံးကို တစ်လုံးလုံး ဝါးစားတဲ့ဓလေ့ရှိလို့ပါခင်ဗျ" တဲ့။

အခုဆိုရင် အဲသည့်ကိုဘုန်းဝေက ဆရာဝန်ကြီးတစ်ယောက်တောင် ဖြစ်လို့ နေခဲ့ပါပြီ။

သတင်းစုံဂျာနယ်၊ အမှတ် (၁၂)




www.burmeseclassic.com

www.burmeseclassic.com

## အရပ်ထဲက ပြောကြပါတယ်
### လွမ်းသိုဘတ်ခက်

## (တစ်)

ကာလ ဒေသ အဂ္ဂ မန ဆိုတဲ့ စကားကို မြန်မာတော်တော်များများတို့ ကြားဖူးနား၀ ရှိကြလိမ့်မယ်လို့ပဲ ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်းက ထင်မြင် ယူဆမိပါတယ်။ ဟုတ်ပါတယ်။ အနီ ကာလ ဒေသ အဂ္ဂ မန ဆိုတဲ့ စကားကိုကြုံကြိုက်လာတဲ့အခါ ဂျက်တို့ တစ်တွေဟာ စကားထဲမှာ ညှပ်ညှပ်ပြီး ပြောနေဆိုနေကျပါ။ လူဟာ အချိန်အခါနဲ့အညီ နေရာဒေသနဲ့အညီ လိုက်လျောညီထွေရှိအောင် လုပ်တတ်ကိုင်တတ် ကြံတက်စည် တတ်ဆောင်ရွက်တတ်ကြမယ်ဆိုရင် အကျိုးစီးပွား ဖြစ်ထွန်း လိမ့်မယ်လို့ ဆိုလိုတဲ့ စကားကလေးပါပဲ။

ဟုတ်ကဲ့။ စကားထဲမှာ အနီကလို ပါငြားလာရှိတာ မှန်ပေမယ့် လူတချို့ တချို့ တွေဟာ အလုပ်တစ်ခုကို လုပ်ပြီဆိုတဲ့အခါ လုပ်မိလုပ်ရာပါပဲ။ ဒါ ဘယ်အချိန်၊ ဒါ ဘယ်နေရာဆိုတာ ခေါင်းထဲကို နည်းနည်းကလေးမှတောင်မှ မထည့်တောဘဲ စိတ်ခြေဦးတည့်ရာ လုပ်ချလိုက်ကြတော့တာပါပဲ။

တစ်ခါက ရန်ကုန်တက္ကသိုလ်နဲ့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင် ကလေး တစ်ဆိုင်ထဲကို ဂျက်ဝင်သွားခဲ့ဖူးပါတယ်။ ဆိုင်က ဆိုင်သစ်ပါ။

www.burmeseclassic.com



ဖွင့်တာ သိပ်မကြာ သေးတာမို့ ပရိတ်သတ်ကလည်း သိပ်မရှိသေးပါဘူး။ ဂျက် ဆိုင်ထဲဝင်သွားတဲ့အချိန်က နေ့ခင်းကြောင်တောင်ကြီးခင်ဗျ။ ပြီးတော့ ရာသီဥတုကလည်း မတ်၊ ဧပြီ နွေ ခေါင်ခေါင်ကြီး၊ ပူလိုက်တာ ချွေးတ ပြိုက်ပြိုက်ပေါ့။ ကတ္တရာလမ်းပေါ်မှာဆို တံလျှပ် တွေမှ တရိပ်ရိပ်နဲ့။ ဂျက် ဆိုင်ထဲမှာ ထိုင်ပြီးလို့ မကြာခင်မှာပဲဆိုင်ထဲကို လူတစ်ယောက်စ နှစ် ယောက်စ ထပ်ဝင်လာကြပါတယ်။ အဲသည်အခါမှာ ဆိုင်ရှင်က ကက်ဆက် ကလေးတော့ ဖွင့်ပေးဦးမှလို့ သဘောရမိတယ်ထင်ပါရဲ့။ ကက်ဆက်ခွေ တစ်ခွေကို ကက်ဆက်ထဲ ထိုးထည့်လိုက်ပါလေရော။ သူ့ခမျာ ရာသီတ နွေရာသီ၊ အချိန်ကနေ့လယ်ခင်း ဘယ်အခွေမျိုး ဖွင့်ပေးရင် သဟဇာတ ဖြစ်မယ် ဘာညာလည်း စဉ်းစားတက်ဟန်မတူပါဘူး။ ကက်ဆက်က သီချင်းသံထွက်လာရင် လက်ဖက်ရည်ဆိုင် အငြိရပ်နဲ့ ညီတာပဲလို့များ သဘောပေါက်ထားလေရော့သလား မဆိုတတ်ပါဘူး။ ထွက်လာတဲ့ သီချင်း သံက တွံတေးသိန်းတန် ခင်ဗျ။ နွေခေါင်ခေါင် နေ့ခင်းကြောင်ကြောင် ကြီးထဲမှာ စာဖတ်သူတွေတော့ ဘယ်လိုခံစားကြရမယ် ဂျက်မပြောတတ် ပါဘူး။

ညမှောင်မှောင် . . . လမှောင်မှောင်
ကြယ်ရောင်သော် မလင်းတဲ့
ချိန်းခဲ့ကြ ညတုန်းတဝေ့ါတွယ်
ကိုယ်တစ်ယောက်တည်း
မြကန်သာ မြက်ခင်းနံဘေးတို
အတွေးတွေ ရင်မှာပိုက်တာ



အင်း. . . လမ်းပေါ်က လူတချို့ကတောင် ပြုံးပြုံး ပြုံးပြုံးနဲ့ ဆိုင်ထဲကို လှမ်းကြည့်ခဲ့ကြပါသဗျ။

(နှစ်)

ဂျက်ရဲ့ဘဝမှာ အဲသည့်လို ကာလတို မသိ ဒေသကိုမသိ လုပ်မိလုပ်ရာ လုပ်တတ်တဲ့လူ တစ်ယောက်ကို အညာဘက်မှာ နေခဲ့တုန်းက သိခဲ့ဖူးပါ တယ်။ ညောင်ဦးသားပါ။ နာမည်က မောင်ဝင်းထွန်းတဲ့။ သူက ဆယ်တန်း အောင်ပြီး မိတ္ထီလာကောလိပ်မှာ ရူပဗေဒအဓိကနဲ့ဘွဲ့ရတဲ့အထိ ကျောင်း တက်သွားခဲ့တဲ့သူပါ။ ဒါပေမယ့် လူက တော်ဘော့်ကို မအူမလည်ပါ။ ဘာစာအုပ်မှုလည်း မဖတ်ဘူး။ ဘာကိုမှလည်း ဝါသနာ မပါဘူး။ ဒါပေမယ့် သူက အတန်းထဲက အတန်းဖော် ကောင်မလေးတစ်ယောက်ကိုတော့ လူငယ်တို့သဘာဝ သံယောဇဉ် ရှိနေမိခဲ့ပါတယ်။ ဒါပေမယ့် ပထမနှစ် ကနေ နောက်ဆုံးနှစ်အထိသာ ရောက်လာခဲ့သော်လည်း ပွင့်ပွင့်လင်းလင်းနဲ့ ချစ်ကြကြိုက်ကြတယ်၊ သမီးရည်းစားတွေဘာတွေ ဖြစ်သွားကြတယ် လို့ တော့ မရှိပါဘူး။ သည်လိုနဲ့ နောက်ဆုံးနှစ် စာမေးပွဲတွေဖြေဖို့ရက်တွေ နီးကပ်လာရောလို့ ဆိုပါတော့။ ကျောင်းတွေရဲ့ ထုံးစံအတိုင်း နှုတ်ဆက် ပွဲတွေ လုပ်ကြပြီပေါ့။ နှုတ်ဆက်ပွဲက ကျောင်းသူနဲ့ ကျောင်းသား ခင်ရာမင် ရာ အချင်းချင်း လက်ဆောင်ကလေးတွေ ဖလှယ်ကြတဲ့ အစီအစဉ်တွေ လည်း ပါဝင်တယ်ပေါ့။ အဲသည့်မှာ မောင်ဝင်းထွန်းက သူ့သံယောဇဉ် ကလေးနဲ့ လက်ဆောင်ထွက်လဲရပါတယ်။ အဲသည့် အပြန်အလှန် လက် ဆောင်လဲပွဲ ပြီးကတည်းက မောင်ဝင်းထွန်းကို ကောင်မလေးက အတွေ့



www.burmeseclassic.com

www.burmeseclassic.com




မခံတော့ပါဘူး။

ပြောရရင် ယုံကြည်မယ်လို့တောင် ဂျက် မထင်ပါဘူး။ မောင်ဝင်းထွန်းဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အူလည်လည် နိုင်မှုတွေလေ။ မိတ္ထီလာဈေးထဲက စာအုပ်ဆိုင်ကို သွားပြီး တွေ့ရာစာအုပ်ကို ကောက်ဝယ်လာခဲ့တာ ကောင်မလေးတို့ လက်ဆောင်ပေးပါသတဲ့။ ဘယ်လိုမှ ရင်ခုန်စရာမကောင်းတဲ့စာအုပ်။

**စီးပွားဖြစ် ကြွက်မွေးမြူနည်း** တဲ့။

မိတ္ထီလာကောလိပ်မှာတုန်းက ဂျက်ကြုံရတဲ့အဖြစ်ပါ။

*သတင်းစုံဂျာနယ်၊ အမှတ် (၁၅)*




သင်ကြိုက်တဲ့လမ်း သင်ရွေးစမ်း

www.burmeseclassic.com

www.burmeseclassic.com

## အရပ်ထဲက ပြောကြပါတယ်
## သင်ကြိုက်တဲ့လမ်း သင်ရွေးစမ်း

### (တစ်)

လောကကြီးထဲ၌ လူနှစ်မျိုး နှစ်စားရှိပါသည်။ တစ်မျိုးကား သည်လမ်းအတိုင်း လျှောက်ကြလော့ဟုဆိုကာ ဒါမှဒါ ရွေးချယ်စရာမရှိ ဖွတ်နိုင်းတတ်သော လူမျိုး ဖြစ်ချေ၏။ အခြားတစ်မျိုးကမူ လမ်းအသွယ်သွယ်တို ပြထားပြီးသည့်သကာလ သင်တို့ ကြိုက်ရာလမ်းက လျှောက်ကြပါဟု ဆိုတာ ဖွင့်ပေးထားတတ်သော လူမျိုးဖြစ်ပါ၏။ ဂျက်တို့ကား ထိုနှစ်လူတွင် အသူကို လေးစားရအံ့နည်း။ ဂျက်တစ်ယောက်တည်း၏ သဘော အလိုဆန္ဒအရမူကား လမ်းအသွယ်သွယ်ကို ရွေးချယ်လျှောက်လှမ်းခွင့်ပေးသည့် ဒုတိယ လူသားမျိုးကိုသာ လေးစားထိုက်သည်ဟု နှလုံးပိုက်မိသည် ဖြစ်ပါ၏။ ဂျက်ကား အနှိုလို လေးစားစရာလူတွေအကြောင်းကို မကြာခဏ ကြုံဖူး, ကြားဖူးသည်စွလေ။

### (နှစ်)

တစ်ခါသားဆီက ဂျက် ကြုံတွေ့ခဲ့ရသည်မှာကား တက္ကသိုလ်ကျောင်းတစ်ခု၏ စာမေးပွဲခန်း တစ်ခုထဲတွင် ဖြစ်ပါ၏။ ထိုစဉ်က အနှိုအခန်းကို

www.burmeseclassic.com



ကြီးကြပ်ရန် တာဝန်ကျ သူမှာကား အပျိုကြီးမမ ဆရာမတစ်ယောက်ပေတည်း။ ဂျက်နှင့် အခြားဆရာမ ၃-၄ ယောက်တို့သည်ကား အနီးဆရာမနှင့်အတူ တာဝန်ကျသူများ ဖြစ်ကြပါ၏။

ဆိုကြပါစို့၊ စာမေးပွဲ စတင်ပြီး၍ အခန်းထဲတွင် ဟိုလျှောက်သည်လျှောက်နှင့် အချိန်အနည်းငယ် လင့်သွားပြီးခဲ့သည်ရှိသော် ကြီးကြပ်သူ ဆရာမက ကြီးကြပ်သူတို့၏ ထုံးစံအတိုင်း အစားအသောက်ကျွေးမွေးရန် စကားဆိုရပါသည်။ ထိုနေ့က စကားမှာ ဤသို့တည်း။

" ဂဲ. . . လက်ဖက်ရည် ဘယ်လိုသောက်ကြသလဲမသိဘူး။ ချိုပေါ့ချိုဆိမ့်၊ ပေါ့ကျ ကြိုက်တာမှာကြလေ "

ဂျက်တို့ကား ခက်ခဲဘိရချေသည်တစ်မုံ့။ သူကား ရွေးစရာလမ်းကလေးတွေကိုတော့ ပေးထားရပါ၏။ အနို့သော်လည်း သူ့လမ်းက ချိုပေါ့ရယ်၊ ပေါ့တျရယ် ကြိုက်တာ ပြောပါဆိုချေတော့ ကော်ဖီမစ်သောက်လိုသူဂျက်ခက်ရကပြီ။ အအေးသောက်လိုသူ ဆရာမ (၁)၊ ခေါက်ဆွဲသုပ်စားလိုသူ ဆရာမ (၁)၊ မုန့်ဟင်းခါးစားလိုသူ ဆရာမ (၁) တို့ မျက်နှာပျက်ချေ၏။ သူရွေးခိုင်းသည့် လမ်းအသွယ်သွယ်သည် လက်ဖက်ရည်ထဲမှ မထွက်ချေတကား။

(သုံး)

နောက်ထပ်တစ်ခါ ဂျက်ကြုံဖူးသည့်သူမှာကား လူငယ်စာရေး ဆရာတစ်ဦး ဖြစ်ပါ၏။ သူက အညာမြို့ကြီးတစ်မြို့မှ ခပ်ကြမ်းကြမ်း ခပ်သွမ်းသွမ်း လူငယ်တစ်ယောက်ပင် ဖြစ်ပါသည်။ သူက ထိုမြို့ရှိ စာပေအစုအဝေး



ကလေးတစ်ခုကို မကျေနပ်နေသူ ဖြစ်ပါသည်။

တစ်နေ့တွင် အနီးခပ်ကြမ်းကြမ်း ခပ်သွမ်းသွမ်းလူငယ် သူမကျေနပ်သည့် စာပေသမားတစ်စုရှိနေသော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ချလာပါသည်။ သူက ထိုစာပေသမားတို့ ထိုင်နေသော ဝိုင်းမှာပဲ ဝင်ထိုင်ပါသည်။ ထို့နောက် စိတ်သဘော ထားကြီးကျယ်မြင့်မြတ်သူတို့၏ ထုံးစံအတိုင်း လမ်းကလေးတွေ ရွေးခိုင်းလာပါသည်။

" ဒီမယ် ခင်ဗျားတို့ကို ကျုပ် လမ်း (၃) လမ်းပေးမယ်။ ကြိုက်တဲ့လမ်းကိုရွေး၊ (တစ်) ခင်ဗျားတို့ကို ကျုပ်လာရိုက်ရမလား။ (နှစ်) ခင်ဗျားတို့ကျုပ်ဆီ လာအရိုက် ခံမလား။ (သုံး) ခင်ဗျားတို့ကို တွေ့တဲ့နေရာမှာ ရိုက်ရမလား။ အဲဒါပဲ "

တကယ့်ကို လေးစားဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ပါ။ လူတစ်ဖက်သားကို ညှာတာ တဲ့နေရာမှာ လမ်းတွေအများကြီးပေးပြီးမှ ကိုယ်နဲ့ အဆင်အပြေဆုံးကိုရွေးချယ် စေတာပါ။ တော်ရုံလူ သည်စိတ်မျိုး မထားနိုင်ပါဘူး။ ပါရမီကြီးမှပါ။

(လေး)

တစ်ခါတုန်းကလည်း ယင်းရှင်းကဲ့သို့ပင် စိတ်ထားလှသူ မိတ်ဆွေတစ်ယောက်ကို ဂျက်ဆုံဖူးပါသည်။ သူကလည်း တစ်ပါးသူ အပေါ် ညှာတာထောက်ထားလွန်းသူတည်း။

"ဆရာကြီးဂျက်ကွမ်းခြံကုန်းကို အကူအညီတစ်ခုလောက် တောင်းချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းလေဗျာ ရပါတယ်"

"ဟုတ်ကဲ့ ပြောပါဗျာ"

"ဒီလို ဆရာကြီးရယ် ကျွန်တော့်ကို ငွေနည်းနည်းလောက် လှည့်ထားပါဗျာ။ ငွေက အခုလောလောဆယ်က ငါးထောင်လောက် လိုနေတယ်။ လကုန်ရင်တော့ တစ်သောင်းလောက်လိုမယ်။ အဲဒါ ကူညီစမ်းပါဗျာ။ ဆရာကြီးဂျက် အဆင်ပြေသလို သာလုပ်ပါ။ အခု ငါးထောင်ပဲပေးပေး လကုန်မှပဲ တစ်သောင်းပေးပေး ရပါတယ်။ ဆရာကြီးဂျက် ကြိုက်သလိုသာ လုပ်ပါ"

ခက်ကပြီ၊ ကိုယ့်အပေါ် ရွေးခွင့်ပေးဘူး ညာသူကိုဘယ်နှယ့် အကြွေးပေးရပါ့။ ခုပေးရင် ၅၀၀၀။ နောင်ပေးရင် ၁၀၀၀၀ တဲ့။ ကိုယ်အသက်ရှုချောင်အောင် ခမျာက လမ်းရွေးခိုင်းထားရှာသည်။

ဩော် . . . အရှုပ်ထဲက လေးစားစရာပုဂ္ဂိုလ်များပင် ဖြစ်ဘိချေသည် တစ်မုံ့။

သတင်းစုံဂျာနယ်၊ အမှတ် (၁၆)




www.burmeseclassic.com

www.burmeseclassic.com

## အရပ်ထဲက ပြောကြပါတယ်
## ရွှေစိတ်တော် မဆိုးလိုက်ပါနဲ့

### (တစ်)

လောဘ ဒေါသ မောဟဆိုတဲ့ စကားလုံးကလေးသုံးလုံးဟာ တကယ်တော့ ပါဠိ စကားလုံးကလေးတွေပါ။ ဒါပေမယ့်လည်းပေါ့။ ကျွန်တော်တို့ မြန်မာလူမျိုးတွေအဖို့ရာမတော့ ကိုယ့်မြန်မာဘာသာစကားလုံးလို့ ထင်မှတ်ရလောက်အောင်ကိုပဲ ရင်းနှီး ကျွမ်းဝင်နေတဲ့ စကားလုံးကလေး သုံးလုံးပါ။ သည် လောဘတို့၊ ဒေါသတို့၊ မောဟတို့ ဆိုတဲ့တရားတွေဟာ မလိုလားအပ်တဲ့တရားတွေ ဖြစ်တဲ့အတွက် ပူလောင်ခြင်းကို နိမိတ်ပြကာ မီးနဲ့ ခိုင်းနှိုင်းပြီး လောဘမီး၊ ဒေါသမီး၊ မောဟမီး . . စသည်ဖြင့် တင်စားပြောဆိုကြပါတယ်။ တချို့တလေများကျတော့လည်း ဒါတွေဟာ အဝိဇ္ဇာတွေပဲလို့၊ မြင်တာ အမှောင်နဲ့ ခိုင်းနှိုင်းပြီး လောဘအမှောင်၊ ဒေါသအမှောင်၊ မောဟအမှောင်လို့ဆိုတာ တင်စားပြောဆိုတတ်ကြပြန်ပါရဲ့။

ဘဇာကဲ့သို့ပင် ဖြစ်စေပေါ့လေ၊ ဘုရားရှင်ရဲ့ဒေသနာတော်အရ ဆရာတော်၊ သံဃာတော်များရဲ့ ဆိုဆုံးမမှုတွေအရ စာအုပ်စာပေတွေရဲ့ သင်ဆုံးလမ်းညွှန်ချက်တွေအရ သည်တရားသုံးပါးဟာ မလိုလားအပ်တဲ့တရား ၃-ပါးဆိုတာကတော့ အမှန်မုချမလွဲမသွေပါပဲ ခင်ဗျ။ သည်အထဲမှာမှ

www.burmeseclassic.com



ဒေါသဆိုတာကတော့ အဆိုးရွားဆုံး မီးတောက်တစ်ခုပဲပေါ့လေ။ ဖြင်း တိုသာမက ဘေးကိုပါ လောင်မြိုက်တတ်တဲ့အရာ မဟုတ်လား။

ဘတ်စ်ကားစီးရင်း ဒေါသဖြစ်ရ၊ ဂျာနယ်ဖတ်ရင်း ဒေါသဖြစ် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဒေါသဖြစ်ရ၊ လမ်းဖြတ်ကူးရင်း ဒေါသဖြစ် ဘီယာသောက်ရင်း ဒေါသဖြစ်ရနဲ့ အင်မတန်ပူလောင်စေတဲ့အရာ မဟုတ် လား။ ဂျက်တို့ရဲ့ အသိမိတ်ဆွေတွေ ထဲမှာတော့ သည်ဒေါသတရား ခေါင်းတခါခါလည်တခါခါနဲ့အကြောက်ကြီးကြောက်နေရှာသူ တစ်ယော ကဖြင့် အယ်ဒီတာကလေး ကိုဘုန်းနိုင်ပါပဲလေ။

(နှစ်)

ကိုဘုန်းနိုင်က မဂ္ဂဇင်းကြီးတ စောင်က တာဝန်ခံအယ်ဒီတာကလေး တစ်ယောက်ပါ။ လူပျိုကလည်း လူပျို၊ စိတ်သဘောထားကလည်းကောင်း နေတာကလည်း တစ်ယောတ်တည်းဆိုတော့ အပေါင်းအသင်းတွေ သူ့အခန်းမှာ ဝင်ကြထွက်ကြ ပါပဲ။

တစ်ညသားမှာတော့ ကိုဘုန်းနိုင်တစ်ယောက် မှေးမှေး မှေးမှေးနဲ့ အိ ပျော်မလို ဖြစ်နေတုန်း တံခါးခေါက်သံ ပေါ်လာပါတယ်။ နာရီကိုကြည့် လိုက်တော့ ၁၂-နာရီ ထိုးလုနီးပါးကြီး။ အချိန်မတော်ကြီး ဘယ်သူများ ပါလိမ့်မလဲနော် ဆိုတဲ့အတွေးနဲ့ တံခါးတိုဖွင့်လိုက်တော့ မိတ်ဆွေကြီး ဒေါက်တာဝင်းထွန်း။

" အိမ်ကမိန်းမနဲ့ စကားများလို့ဗျ။ ဒေါသဖြစ်ပြီး ထွက်လာတာ"

ဒေါက်တာဝင်းထွန်း ပြောပြောဆိုဆိုနဲ့ပဲ အခန်းထဲကိုဝင်ချလာ



တယ်။ သည်ညသည်အိမ်မှာအိပ်မယ် ဆိုတဲ့သဘောပေါ့။ ကိုဘုန်းနိုင် က လည်း မိတ်ဆွေရဲ့ ပြဿနာဟာ ကိုယ့်ပြဿနာပဲလေလို့ သဘောထားပြီး မေးရမြန်းရပါတယ်။

" ဘယ်လိုဖြစ်တာလဲဗျာ။ ကလေးလေးတွေကျနေတာပဲ "

" ဟာ . . . ခင်ဗျားမသိပါဘူး။ မိန်းမဆိုတာ လွယ်တာမှတ်လို့။ လာဗျာ အရက်ဆိုင်သွားမယ် "

သည်လိုနဲ့ပဲ ကိုဘုန်းနိုင်တစ်ယောက် မိတ်ဆွေဒေါက်တာဝင်းထွန်းနဲ့ အတူ တရုတ်တန်းကို ပါသွားပါတယ်။ အဲသည်မှာ ညဥ့်နက်ဖွင့်တဲ့ဆိုင်တွေ ရှိတယ် မဟုတ်လား။ ထုံးစံအတိုင်း မှာကြ ပြုကြ စားကြသောက်ကြပေါ့။ ဒေါက်တာဝင်းထွန်းကတော့ ပြောလိုက်သောက်လိုက် မိန်းမကို အပြစ်တင် လိုက်၊ စားပွဲကိုထုလိုက်နဲ့ပါပဲ။ ဒါနဲ့ပြန်ချိန်ရောက်တော့ ဒေါက်တာဝင်းထွန်း က ငွေရှင်းဖို့ တုတ်တုတ်မလှုပ်ပါဘူး။ အယ်ဒီတာကလေး ကိုဘုန်းနိုင်ပဲ ရှင်းလိုက်ရပေသပေါ့။ မများပါဘူး။ ငွေကလေး ၁၅၀၀/- ဖိုးလောက်ပါ။

(သုံး)

အနို့နှင့် သို့နှင့်ဟုပဲ ဆိုလိုက်ကြပါစို့ရဲ့ဗျာ။ နောက်ထပ် ၂ လ ၃ လ လောက်ကြာသွားပြီးသည့် သကာလညတစ်ညမှာ ဒေါက်တာဝင်းထွန်း တစ်ယောက် ပေါက်ချလာခဲ့ပြန်ပါတယ်။ ၁၂ နာရီ ထိုးလုနီးနီးကြီးမှာပါပဲ။ ကိုဘုန်းနိုင်က တံခါးဖွင့်ကာ ကြိုဆိုရပြန်ပေသပေါ့။ သူ့ခမျာ ဒေါသထွက် လာပြန်ပြီလေ။

" သမီးနဲ့ ပြဿနာဖြစ်လာတာဗျ။ ဘယ့်နှယ်ဗျာ တက်ဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီးဖွင့်၊ TV ကို အကျယ်ကြီးဖွင့်၊ အဲဒါပြောတာကို နားမထောင်ဘဲ ဖအေကို အထွန့်တက်နေတယ်။ ကိုယ့်ဒေါသကို ကိုယ်သိလို့ လက်မလွန်ခင် ထွက်လာတာ။ လာဗျာ အပြင်သွားမယ် ”

အနို့နှင့် သို့နှင့်ဟူ၍သာ ထပ်ဆင့်၍ ဆိုလိုက်ကြပါဦးစို့လေရဲ့။ ကိုဘုန်းနိုင်တစ်ယောက် ဒေါက်တာဝင်းထွန်းနဲ့အတူ တရုတ်တန်းကို ပါသွားခဲ့ပြန်လေတယ်။ ၎င်းနောက် သောက်ကြပြန်လေတယ်။ ၎င်းနောက် စားကြပြန်ပေတယ်။ ၎င်းနောက် ဒေါက်တာဝင်းထွန်း တုတ်တုတ်မလှုပ် လုပ်နေပြန်ချေတယ်။ ကိုဘုန်းနိုင်တစ်ယောက် ရှင်းရပြန်ပါလေရော။ မများပါဘူး။ ၁၅၀၀/- ဖိုးလောက်ပါ။

(လေး)

သည်လိုနဲ့ အယ်ဒီတာကလေး ကိုဘုန်းနိုင်ဟာ ဘယ်တရားပွဲကိုမှမသွား၊ ဘယ်တရားစာအုပ်ကိုမှ မဖတ်ဘဲနဲ့ ဒေါသတရားကို ကြောက်သွားပါတယ်။ ဒေါက်တာဝင်းထွန်းမှာက တခြားသားတွေ သမီးတွေ၊ မိန်းမဘက်က ဆွေမျိုးတွေက ရှိနေသေးတယ်မဟုတ်လား။ သူမကြာခဏ ဒေါသထွက်နေခဲ့ရင်. . .။ ကိုဘုန်းနိုင်က ဒေါက်တာဝင်းထွန်းရဲ့ မိန်းမဆီ စာတစ်စောင် လှမ်းပို့ပါတယ်။ စာက သည်လိုပါ။

**ရခဲလှသော လူ့ဘဝတား**
**တိုတောင်းလှချေသည်။**
**မိသားစုချင်း ချစ်ချစ်ခင်ခင်နေပါ။**
**ဒေါသရှေ့ထားက မှားတတ်ပါသည်။**



**တိုဝင်းထွန်း စိတ်ဆိုး၍အပြင်ထွက်ရန်**
**ကြံစည်တိုင်း တားဆီးနိုင်သရွေ့**
**တားဆီးပါလေ။**

အင်းလေ. . .သူ စိတ်တစ်ခါဆိုးတိုင်း ကိုယ်က ငွေထောင့်ငါးရားလောက် ထွက်နေတော့လည်း မကိုက်လှပေဘူးပေါ့။ ရန်ကုန်မှာ ကြုံခဲ့ရတဲ့ အဖြစ်ပါ။

**သစ္စာင်းစုံဈာနယ်၊ အမှတ် (၁၇)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဝိုင်ဆန်းကာ ယိုင်းသင်းကြပါခင်ဗျ

## (တစ်)

တစ်နေ့သောအခါသမယတွင် ဆရာကြီးဂျက်ကွမ်းခြံကုန်းအမည်ခံ အမျိုး ကောင်သား ကျွန်ုပ်သည် ရန်ကုန်မြို့လယ်မှနေ၍ မြောက်ဥက္ကလာပ ဆီသို့သွားရန် အကြောင်းဖန်လာခဲ့လေသည်။ အချိန်ကား ညနေရုံးဆင်းချိန် ပေတည်း။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မဟုတ်၍ပေလားမသိ။ မဟာဗန္ဓုလ ပန်းခြံလမ်းခေါ် ဘားလမ်း တခိုတွင် လူသူလေးပါးတို့ဖြင့် ပျားပန်းခပ်မျှ စည်ကားနေဘိ၏။ ကားတို့သည်ကား တော်ကြာနေ အဲယားကွန်းဘတ်စ် ကားကြီးတွေ ထိုးဆိုက်လာလိုက်၊ တော်ကြာနေ မီနီ ဘတ်စ်ကလေးတွေ ထိုးဆိုက်လာလိုက်၊ တော်ကြာနေ (၄၃)ဒုတ်ဆန်းတွေ၊ ဟိုင်းလတ်တွေ ထိုး ဆိုက်လာလိုက်နဲ့ ရှိနေခဲ့ရာ လူတွေကလည်း တရုန်းရုန်း တဝုန်းဝုန်းနှင့် လု၍ တက်၍မဆုံးနိုင်ကိုပင်လျှင် ရှိ၍နေတော့သည်။ ကျွန်ုပ်သည် အချိန် အနည်းငယ်လင့် သွားပြီးသည်အထိ ဟိုဟိုသည်သည်ငေးမော၍ နေပြီး သည်နောက် (၄၃)ဟိုင်းလတ် လေးတစ်စီး ဝင်ရောက်လာလေသောအခါ လူအုပ်နှင့် အတူပြေး၍ လိုက်သွားခဲ့ပြီး အချို့တို တံတောင်နှင့်တွက်၊ အချို့

www.burmeseclassic.com



ကို ခြေထောက်ဖြင့်နင်း၊ အချို့ကို ကိုယ်လုံးနှင့် ကာပြီးသည့်သကာလ ဇွတ်ရွတ်တက်သွားခဲ့လေရာ ထိုင်စရာတစ်နေရာ ရရှိသွားခဲ့လေ သတည်း။

(နှစ်)

ထိုနေ့က ကျွန်ုပ်ဆရာကြီးဂျက်ရသောခုံမှာ အလယ်တန်းနောက်ဆုံးခုံ ဖြစ်ပါသည်။ ဤနေရာ၌ နောက်ဆုံးခုံဟူသည်မှာ ကားခေါင်းနှင့် ကပ်နေသောခုံကို ဆိုလိုခြင်းမဟုတ်ပါ။ ကားနောက်မြီး အစွန်းဆုံးခုံကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်ရှေ့ ၌ ခြေနင်းသာလျှင်ရှိပါတော့သည်။ မြို့လယ်ကောင်ဖြစ်နေ၍ပေလားမသိ ကားကလေး သည် ဘာအတွယ်အတာကိုမှမတင်ဘဲ မောင်းနှင်၍လာခဲ့ရာ ကန်တော်ကြီးမှ ကျော် သောအခါတွင် ကား အတွယ်အတာများကို တစ်ယောက်စ နှစ်ယောက်စ စ၍တင်လာခဲ့ပါသည်။ သို့နှင့် ကုက္ကိုင်းတိုကျော်တော့ ခြေနင်းခုံမှာခြေထောက်တွေ ပြည့်ပြီ။

(သုံး)

လမ်းတွင် ဆင်းသည့်လူမရှိဘဲ မောင်းလာခဲ့သောကားကလေးသည် တံတားလေး လမ်းဝကိုရောက်တော့ရပ်ပါသည်။ ကားစပယ်ယာက 'အတွယ်အတာ. . အတွယ် အတာ' . . စသည်ဖြင့် အော်နေပါသည်။ ကားတိုဘေးမှနောက်မှ ဝိုင်းပြီးတွယ်ကြရာ မိန်းမရွယ်တစ်ယောက်ကလည်း ခြေနင်းခုံပေါ်မှာ အတင်းတိုးဝှေ့ဝင်လာပြီးနောက် ဇွတ်တွယ်တာလိုက်ရာ မိန်းမတန်မဲ့ ကြည့်မကောင်းရှုမကောင်း ဖြစ်နေပါတော့သည်။ ကျွန်ုပ်မှာ



ကား မိမိနှင့် မျက်နှာချင်းဆိုင်ကြီးဖြစ်နေသဖြင့် ဘယ်လိုဆောင်ရွက်ပေးရမည်ကို မသိတတ်နိုင်ဘဲရှိနေခဲ့ပါသည်။ ကားကလည်း တစ်ရှိန်ထိုး မောင်းနှင်လျက်ရှိပါပြီ။ ထိုစဉ်မှာပင် စပယ်ယာက သူ၏ခေါင်းကို ကားထဲသို့ ဆတ်ခနဲထိုးသွင်းလိုက်ရင်းက. . **"အလယ်တန်းနောက်ဆုံးခုံက အစ်ကိုကြီး တွယ်ပေးလိုက်ပါဗျာ၊ နောက်မှာ အမျိုးသမီး တန်မဲ့ ကြည့်မကောင်းဝါဘူး၊ လုပ်ပါ. . ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပဲ၊ ခရီးသည် ချင်းယိုင်းဝင်း စိတ်လေးထားကြပါ. . "** ဟူ၏။

ကျွန်ုပ်ကား ရုတ်တရက်ဆိုသလို မျက်နှာတွေ ထူပိန်းသွားဘိသည်။ နားရွက်တွေလည်း ပူခနဲဖြစ်သွား၏။ အမျိုးသမီးတန်မဲ့ ကြည့်မကောင်းဘူးတဲ့။ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတွေတဲ့။ ယိုင်းပင်းစိတ်ထားကြပါတဲ့။ အလယ်တန်းနောက်ဆုံးခုံက အစ်ကိုကြီး တဲ့။ ဂျက်. . ဂျက်. . ။ ငါဟာအတော့်ကိုလူမဆန်နေခဲ့ပြီလား၊ ကျွန်ုပ်သည် ရှက်စိတ် ဖြင့် ခုံမှထ,ကာထွက်တွယ်ပေးလိုက်မိ၏။ လက်ပေါင်းစုံကြားတွင် ညပ်၍နေသော ကျွန်ုပ်၏လည်ပင်းတော်ကို အသာကလေး မော့၍ စင်းထားရင်းက ထိုင်နေပြီဖြစ်သော အမျိုးသမီးကို မဝံ့မရဲငေးကြည့်မိ၏။ ရိုင်းစိုင်းသူ ကျွန်ုပ်အား ခွင့်လွှတ်ပါဘိ အမိငယ်။

ကားစပယ်ယာကား နောက်တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင်ရပ်ကာ လူတင်ဦးမည် ဖြစ်ပါ၏။ ထပ်တက်လာမည့်သူတွေထဲတွင် အမျိုးသမီးတွေလည်း ပါလာဦးမည် ဖြစ်ပါ၏။ ထိုအခါ ထိုင်နေကုန်သော အမျိုးသားကောင်းတို့ကို သင်းကမေတ္တာရပ်ခံဦးမည်ဖြစ်ပါ၏။

ဟုတ်ကဲ့. . လောလောဆယ်မှာတော့ အလျင်အမြန် ယိုင်းပင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသူ ကျွန်ုပ်အား နားလည်ခွင့်လွှတ်ပြီးသည့်သကာလ အမျိုးသမီးငယ်
ဖေးနေသောကားခအား လှမ်းယူပါလေ စပယ်ယာအဆွေ. . .။

အနုပညာကျွန်ုယ်

BURMESE CLASSIC




ဆရာကြီးဂျက်နှင့် စံပြအရောင်းသမားများ

www.burmeseclassic.com

## အရုပ်ထဲကပြောကြပါတယ်၊ ဆရာကြီးကျော်နှင့် စံပြအရောင်သတ်မှတ်များ

## (တစ်)

ယခုမျက်မှောက်ကာလအခါသမယကြီးသည်တား ကျွန်ုပ်၏မဟာ ပထဝီအနှီ မြေကမ္ဘာကြီးတစ်ခုလုံးဆီ၌ ဈေးကွက်စီးပွားရေး ဈေးကွက် စီးပွားရေးဟူသည့် အသံ ဗလံများသည် သောသောညံလျက် ကျွတ်ကျွတ် ကယ်ဗလောင်ဆူ မင်းမူလျှံနေတော့ ချေသည်တကား။ အနှီလို ဈေးကွက် စီးပွားရေးဟူသည့်အသံတွေက ကမ္ဘာမြေအနှံ့ ခရီးဆန့်၍နေချေတော့ရော အနှီအသံတို့သည် ကျွန်ုပ်၏မွေးဌာနေ သပွတ်အူ မြေသို့တိုင်အောင်လည်း ရောက်ရှိ၍လာ သည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့ကား ရောင်းဖို့ချဖို့ ဝယ်ဖို့ ခြမ်းဖို့ တပြင်ပြင်နှင့် သာတည်း။

အနို့ကြောင့်ပေလားတော့မသိ။ အချို့က မနေဟူသောမဂ္ဂဇင်း ဘုတ် အုပ်ကို ထုတ်လုပ်ကြသည်။ အချို့မူ မြန်မာ့မနေဟူသည်ကို ထုတ်လုပ်ကြ ပြန်ပါ၏။ အချို့ထို့သည်ကား ကြီးပွားရေးဟူ၍ စီမံဖော်စပ်ကြချေဘိသည်။ အချို့များမှာကား **Living Color** ဟူချေသတည်း။

www.burmeseclassic.com



ယင်းမှ တစ်လီရောင်းဝယ်ဖောက်ကားခြင်းနှင့် ဆက်နွယ်သည့် ဗျာနယ်တလေး တို့မှာလည်း စိရရှိဖြစ်တော့လေသည်။ သက်တံရောင် ဟူသည်ကတစ်နည်း။ ဈေးကွက် ဟူသည်က တစ်လီ၊ အတိုးဆောင် ဟူသည်က တစ်ဖုံ ရောင်မျိုးငယ်စုံလှပါလေသည်။

အချို့ကား ဟောတစ်အုပ် ဟောတစ်အုပ်နှင့် ဓနဗေဒစာအုပ်ကြီးတွေကိုပင်လျှင် ရေးထုတ်၍နေခဲ့ကြပါသေးသည်။ သင် ဘာကြောင့် ခုထိမချမ်းသာသေးတာလဲ။ ဘောဂီ လုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်။ စံပြအရောင်းသမား။ လမ်းတိုင်းကို ရွှေခင်းထားတယ်။ စိန်မြေ ဧကပေါင်းများစွာ။ ကြီးပွားရေးလမ်းညွှန်။ စီးပွားရေးနှင့် စစ်ရေးပျူဟာ။ စာအုပ်တွေများလွန်းလှပါချေဘိ။ အနို့ဖြစ်ချေရာ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူသားတို့သည် စီးပွားရေးအတွေးအမြင်များဖြင့် ပြည့်ဝအီဆောင့်၍နေချေပြီဟု ထင်မှတ်ခဲ့ ပါမူကား ထိုအထင်သည် မမှားအံ့နိုင်ပါချေ။

(နှစ်)

တစ်နေ့သ၌ဖြစ်ချေသည်။ ကျွန်ုပ်ကား ရန်ကုန်ရွှေမြို့တော်မှနေ၍ ဧရာဝတီတိုင်းသို့အသွား ဗိုလ်မြတ်ထွန်းတံတားကြီး ခြေရင်းမှ စားသောက်ဆိုင်တစ်ဆိုင်တွင် ကားခေတ္တရပ်နားပေးသောကြောင့် ဆင်း၍ထိုင်မိခဲ့ပါချေသည်။ စားပွဲထိုး နှမကလေးတစ်ယောက် ဂျက်အပါးကို ခစားလာသည်။

"ဘာသောက်မလဲ အစ်ကို"

"Quench ပေးပါ"



"ဘာရယ်"

"မရှိဘူး အစ်ကို"

"ဘာရှိလဲဗျာ"

"အအေးပဲ ရှိတယ်"

"ကဲ. . ရှိတဲ့အအေးပဲယူခဲ့ဗျာ"

စဉ်းငယ်မျှအကြာတွင် အနီနုမပျိုကလေးက စားပွဲပေါ်သို့ အအေးတစ်ပုလင်း လာချပါသည်။ ယင်းကားQuench။ ဪ. . ရောင်းသူကသူရောင်းသည့် ပစ္စည်းကိုဘာမှန်းမသိရှာပလေ။

(သုံး)

တစ်နေ့သ၌ပဲ ဖြစ်ပါချေသည်။ ဂျက်ကား ပေါင်မုန့်ကို စထရော်ဘယ်ရီယိုသုတ် စားရသည်ကို ထုံမွှေလှသူဖြစ်တော့ရာ မုန့်မျိုးစုံဆိုင်ကြီး တစ်ဆိုင်ထဲသို့ ဝင်သွားမိပါသည်။

"စထရော်ဘယ်ရီယို ရှိပါသလားဗျာ"

"ရှိပါတယ်"

"လှိုင်းဖွာက်ကလုပ်တာ တစ်ဘူးပေးပါ"

"မရှိဘူးရှင့်။ ဒီမှာက နိုင်ငံခြားကလုပ်တာပဲရှိတာ"

"ကဲ. . ရှိတာပဲပေးဗျာ၊ တစ်ဘူး"

ဂျက်ရှေ့ရှိ မှန်ပုံးပေါ်တွင် စထရော်ဘယ်ရီ ယိုတစ်ဘူး ရောက်လာပါ၏။ ပုလင်းတွင် ရေးထားသည်က **Hline Tet** ဟုတ်ပါသည်။ သူစည်အလွန် ရှမ်းပြည်နယ်အတက် လှိုင်းတက်ကျေးရွာမှ အစိုးရစက်ရုံက ထုတ်

www.burmeseclassic.com



လုပ်သည့် ယိုဘူးပင်ဖြစ်ပါသည်။ သို့သော် ရောင်းသူကဒါကိုမသိ။ နိုင်ငံခြားတလားတာဟုသာ တွင်တွင်ပြောနေဘိပါသည်။ ဂျက်ကား အောင့်တောင့်တောင့်ကြီး ဝယ်ထွက်ခဲ့ရသည်သာ။

(လေး)

တစ်နေ့သည်၌ပဲ ဖြစ်ပြန်ဘိပါချေသည်။ ကျွန်ုပ်ကား ရန်ကုန်မြို့တော်မှ အထင်ကရ စာအုပ်ဆိုင်ကြီးတစ်ဆိုင်ထဲတွင် စာအုပ်ဝင်ရှာနေမိပြန်ပါသည်။ အရောင်းသမားကား ဂျက် ပြူးပြူးပြဲပြဲလိုက်ရှာနေသည်ကို ကြုံကြိုက်ဟန်မတူချေ။

"ဘာစာအုပ်လိုချင်လို့လဲဗျ"

"**fifty-fifty** ပါ"

"စပီကင် (**speaking**) စာအုပ်လား"

"ဟုတ်ကဲ့"

"**speaking** ဆိုရင် နိုင်းဟန်ဒရက်ပဲ ကြားဖူးပါတယ်ဗျာ"

"**fifty-fifty** ဆိုတာရှိတယ်ဗျ"

"အဲဒါ ဒီဆိုင်မှာ မရောင်းဘူးဗျ"

ကျွန်ုပ်ကား လှည့်ထွက်တော့မလိုလုပ်ပြီးကာမှ မှန်ပုံးထဲတွင် ချထားသည့် အနီ ဖစ်ဖတီ-ဖစ်ဖတီ စာအုပ်နှစ်အုပ်ကို တွေ့လိုက်မိရာ လက်ညှိုးထိုးလျက် ဟိုမှာလေဗျာဟု လုပ်လိုက်မိပါ၏။ သည်တော့မှ အနီအရောင်းသမားက ဗါဆိုယူလေဗျာ ဟူသည်တည်း။

ဩော်. . ကိုယ်ရောင်းသည့်ပစ္စည်းအမျိုးအစားကိုသော်မှ ကိုယ်နှံ့စပ်အောင် မလုပ်ထားလေကြကုန်သော အံ့ဖွယ်လူသား စံပြအရောင်းသမားများပါပေတကား။



သတင်းစုံဂျာနယ်၊ အမှတ် (၂၄)



www.burmeseclassic.com